
www.burmeseclassic.com

မောင်မျိုးစံဦးသည်

# ဝေဝေအောင်

# ရင်ခွင်ဦး

လုံးချင်းဝတ္ထုသစ်



DESIGN , BO BO HTOON

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၈၀၂/၂၀၀၃ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၆၇/၂၀၀၄ (၄)
ထုတ်ဝေသူ
ဒေါ်ဝေဝေအောင်
ဝိုင်းစာပေ
၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါး ဖြစ်သူ ဖေဖေနှင့်မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူး ယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**

www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁]

ရွှေတိဂုံရင်ပြင်တွင် ဖြစ်ပါသည်။

တနင်္ဂနွေညမို့ ခါတိုင်းညများထက်ကို လူစည်ကား နေလေသည်။

ကျောင်းပိတ်ရက် ရုံးပိတ်ရက်မို့ ရုံးသမား၊ ကျောင်းသားတွေနှင့် ဘုရားရင်ပြင်တစ်ခုလုံးက စည်ကား၍နေသည်။

ယင်းကဲ့သို့ စည်ကားနေသော လူအုပ်ထဲ ဝဿန်နှင့် ဟေမာန်လည်း ပါသည်။ ပြီးတော့ သူတို့ရဲ့ အန်တီလေးမေသူလည်း ပါသည်။

ဘုရားလာဖူးသူတို့၏ ထုံးစံအတိုင်း ဘုရားကို ကြည်ညိုလိုက် ဘုရားဖူးလာသူများကို ငေးမောလိုက်နှင့် ရင်ပြင်မှာ မျက်ဝန်းများက တို့မှသည်မှ ကူးလူးနေကြလေသည်။

အထူးသဖြင့် ဝဿန်၊ ဟေမာန်နှင့် မေသူတို့သီ အကြည့် ပေါင်းစုံက ရောက်၍နေပေသည်။

ဝဿန်၊ ဟေမာန်တို့က လူငယ်ပီပီ ဂရုမစိုက် အရေးမထား



www.burmeseclassic.com

www.burmeseclassic.com



သလိုပုံစံ မျက်နှာပေးလေးများဖြင့် လမ်းကို ဟန်မပျက်လျှောက်နေကြပေမဲ့ မေသူကတော့ အိမ်ပြင်ကို မထွက်တာကြာပြီ ဖြစ်သည်။

ဝတ်ပြုနေကြ ဘုရားကြီးလေးဆူဖြစ်သော ကောဏာဂုံ၊ ကကုသံ၊ ဂေါတမ၊ ကဿပ မြတ်စွာဘုရားကြီးလေးဆူကို လက်ယာရစ် ပူဇော်ကန်တော့ပြီး စိတ်ပုတီး စိပ်နေကြ ဆုတောင်းပြည့်ဘုရားဘက်ကို သွားရန် စိတ်ကစောနေမိပါသည်။

မေသူက စိတ်စောနေပေမဲ့ ဝဿန်နဲ့ ဟေမာန်က လှပသော မျက်နှာလေးများကိုမော့ကာ မော်ဒယ်ဂဲလ်လေးများလို လမ်းလျှောက်နေကြလေတော့ ဘုရားစောင်းတန်းများတွင် ထိုင်နေကြသော သူတို့အရွယ်ယောကျ်ားလေးများအတွက် မျက်စိစားပွဲထိုင်စရာ နေရာဖြစ်နေပါတော့သည်။

သူတို့အရွယ်နှင့်သူတို့ အိုင်တင်ထုတ်တာကို မေသူ မတားမြစ်ချင်ပေမဲ့ ကြားထဲက အနေခက်ရတာက မေသူပါ။

မေသူ သည်လောက် လူများများကြားထဲမှာ မနေချင်ပါ။ ဒါကြောင့် တူမနှစ်ယောက် လက်ကိုဆွဲရင်း လောလောလေး လျှောက်လိုက်မိပါသည်။

"လာပါ ဟေမာန်ရယ်၊ ဒီဘက်က လူများပါတယ်။ ဆုတောင်းပြည့်ဘက်ပဲ သွားကြရအောင်ပါ"

ဟေမာန် သွားလှလှလေးများကို ဖော်ကာရယ်ရင်း သူ့အဒေါ်ကို စလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ လူတွေများလို့ အန်တီလေး ရှက်နေပြီလား၊ ဒါကြောင့် အန်တီလေး အပျိုကြီးဖြစ်နေတာ"

"ဝဿန်ကလဲ"

"ဟုတ်သားပဲ အန်တီလေးရယ်၊ လူများလည်း ဘာဖြစ်လဲ သူတို့ကြည့်ရင် ကိုယ်ကပြန်ကြည့်လိုက်ရုံပေါ့၊ ဒါများ ခက်,ခက်လွန်းလို့"

ခေတ်သားသမီးများပီပီ သူတို့က ရဲရဲတင်းတင်း၊ ပွင့်ပွင့်လင်းလင်းနှင့် ပြောရဲလွန်း၊ ကြည့်ရဲလွန်း ကြည့်ရဲကြပေမဲ့ မေသူ ဘယ်သူ့ကိုမှ မကြည့်ချင်ပါ။ ကြည့်လည်း မကြည့်ရဲပါ။ ကိုယ်ကြည့်မှာလည်း မလိုလားတာကြောင့်....

"ကဲပါ ဟေမာန်ရယ်၊ အန်တီလေး ဆုတောင်းပြည့်ပဲ သွားချင်ပြီ...."

တူမနှစ်ယောက်ကိုဆွဲကာ ဆုတောင်းပြည့်ဘက် လျှောက်လာတာကြောင့် ဝဿန်နဲ့ဟေမာန် စိတ်ဓာတ်ကျသလို မျက်နှာလေးများဖြင့် အဒေါ်ခေါ်ရာ ပါလာခဲ့ကြရသည်။

စိတ်ထဲမှာတော့ အန်တီလေးကို မကြည့်ပါ၊ တကယ်ဆို အန်တီလေးအသက်က ဘယ်လောက်ရှိသေးလို့လဲ....

သုံးဆယ်ကျော် လေးဆယ်နီးပါးဆိုတာ ခုခေတ်မှာ တက်တက်ကြွကြွနဲ့ သွားလာနေကြဆဲ အရွယ်ပါ။

သူတို့ကျောင်းက ဆရာမတွေဆိုတာ ပုံမှ၊ ကားကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ဇွမောင်းကာ ကျောင်းကိုလာရင်း စာသင်ကြတာ....

ပြီးတော့ နောက်ထပ်သင်တန်းတွေလဲ ဆက်တက်နေကြသေးတာ....

တက္ကသိုလ်ဝင်းထဲမှာ အားလုံးက တက်တက်ကြွကြွ နိုးနိုးကြားကြား....

ခုကြည့်ပါဦး အန်တီလေးပုံစံကတော့ သူ့ကိုယ်သူ ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး အဖွားကြီးအလား ဆံပင်ထူထူကို အပြောင်လှန်သိမ်းကာ နောက်ဘက်မှာ နောက်တွဲဆံထုံး ထုံးထားသည်။

အနက်ပေါ် အဝါစက်ပါသည့် စိန်မိုက်ကယ် အင်္ကျီလက်ရှည်လုံချည်က အနက်ပေါ် အဝါစက်များပါသော အင်ဒိုနီးရှားလုံချည် ဝတ်ထားသည်။

တကယ်ဆို စိန်မိုက်ကယ် ဝမ်းဆက်ဖြစ်ဖြစ်၊ ပါတိတ်ဝမ်းဆက်ဖြစ်ဖြစ် ဝတ်လည်းရတာကို မဝတ်ဘဲ တမင်လွှဲဝတ်ကာ သူ့မအလှကို အင်္ကျီပွပွနှင့် ဖုံးကွယ်ထားလေသည်။

တကယ်ဆို အန်တီလေးက မေမေ့ထက် တစ်နှစ် နှစ်နှစ်မျှငယ်ပါသည်။

ငယ်သည့်အန်တီလေးက လူကြီးပုံဖမ်းပြီး လူကြီးဆန်သလောက်၊ မေမေက သူ့ကိုယ်သူ ငယ်အောင် ဆံပင်ကောက်ကာ ခပ်တိုတိုထားပြီး ဝတ်တာစားတာကလည်း မိန်းမအင်္ကျီထက် ရယ်ဒီမိတ်အင်္ကျီတွေသာ အဝတ်များလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ယှဉ်ကြည့်လျှင် လှတာက အန်တီလေးပါ....

ကိုယ့်ကိုကိုယ်လည်း လှမှန်းသိရက်နဲ့ ဘာဖြစ်လို့များ အလှကို ဖုံးကွယ်ထားရတာပါလိမ့်.....

ဟေမာန်တို့ သဘောအရသာဆိုလျှင် အန်တီလေးကို အလှပြင်ဆိုင် ခေါ်သွားကာ စိတ်တိုင်းကျသာ ပြင်ပေးလိုက်ချင်ပါသည်။

ဒါပေမဲ့ တိုင်ကိုသာ လှုပ်ပါများလျှင် လှုပ်လာမည်၊ အန်တီလေးကတော့ မလှုပ်ရေးချ မလှုပ်ပါ။ သူ့မူပိုင် စတိုင်ကိုလည်း ပြောင်းလဲပစ်ဖို့ စိတ်မကူးပါ။

သည်လိုနှင့် ဆုတောင်းပြည့်ဘုရားကို ရောက်လာခဲ့ကြပေ သည်။

အဓိဋ္ဌာန်ဝင်သူ၊ ဘုရားရှိခိုးသူများနှင့် ပြည့်နှက်ကာ ခုံမြင့်မြင့် ပေါ်တွင် နေရာလပ်မရှိတာမို့ ဝဿန်နဲ့ဟေမာန် ဘုရား၏ ဘေးဘက် များတွင် ရပ်နေမိကြလေသည်။

မေသူ သစ်သားကွပ်ပျစ်လေးနောက်တွင်ရပ်ရင်း တူမ နှစ်ယောက်ကို လှည့်အကြည့် မျက်ခုံးအစုံက ပင့်တက်သွားရသည်။ ဝဿန်နဲ့ ဟေမာန့်အနားတွင် ကောင်လေးနှစ်ယောက်ပါလား....

အသားဖြူဖြူ မွန်မွန်ရည်ရည် ပုံပေါက်နေသော ကောင်လေး နှစ်ယောက်၏မျက်ဝန်းတွေက ဝဿန်နဲ့ဟေမာန်ဆီပဲ ရောက်နေကြ သည်။ ဝဿန်နဲ့ ဟေမာန်ကလည်း မသိလို့လား သိရက်နဲ့ မမြင်ဟန်ဆောင် နေတာလား မသိ၊ မေသူ သူတို့ကို ကြည့်နေမှန်းသိတော့ အငယ်မ



www.burmeseclassic.com

www.burmeseclassic.com



ဟောမာန်က သူ့ဆီ ပြေးလာကာ မေးပါသည်။

"ဘာလဲ အန်တီလေး"

"ဒီနားမှာ လာနေလေ"

တူမနှစ်ယောက်လုံး အနားကိုရောက်လာမှ လွတ်နေသော ကွပ်ပျစ်ပေါ်တက်ကာ မေသူ စိတ်ပုတီး စိပ်လိုက်မိသည်။

အဒေါ်ဖြစ်သူ အဖြစ်ကိုကြည့်ကာ ဝဿန်ကော ဟောမာန်ပါ ကြိတ်ရယ်လိုက်မိပါသည်။

အန်တီလေးကတော့ မလှုပ်ပါ။

အန်တီလေး အေးအေးဆေးဆေးထိုင်ကာ ပုတီးစိပ်နေမှ သူတို့နှစ်ယောက် ပထမနေရာကို ပြန်လျှောက်လာခဲ့ကြသည်။ သည် အချိန်ထိတိုင်အောင် ခုနက ကောင်လေးနှစ်ယောက် ပထမနေရာမှာ ရပ်နေကြတုန်းပါ၊ နှစ်ယော က်လုံး၏ မျက်လုံးတွေက ဝဿန်နဲ့ ဟောမာန်ကို ငေးကြည့်နေကြဆဲပါ....

ဝဿန်တို့နှစ်ယောက် မမြင်ဟန်ဆောင်ရင်း ဘုရားပေါ်မှာ မြင်နေရသော အဝေးမှအဆောက်အဦတွေကို ငေးကြည့်နေမိကြ သည်။

ဟောမာန်ကြည့်ရင်းမှ ဝဿန်ကို တိုးတိုးပြောလိုက်မိပါသည်။

"ဝဿန် အခုမကြည့်နဲ့ဦးနော်၊ အဲဒီရပ်နေတဲ့ နှစ်ယောက်ထဲ က ဟိုဘက်ကတစ်ယောက်က 'အမိက' မဟုတ်လား"

ဟောမာန့်စကားကြောင့် ဝဿန်သည် မကြည့်သေးဘဲ ဟိုလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလို လုပ်နေပြီးမှ သူတို့နှင့် မလှမ်းမကမ်းတွင် ရပ်နေသော လူရွယ်နှစ်ယောက်ကို လှမ်းကြည့်လိုက်မိသည်။

နှစ်ယောက်စလုံးက ဖြူဖြူမြင့်မြင့် ချောချောလေးတွေပါ....

ထိုနှစ်ယောက်ထဲက ပိုမြင့်ကာ ပိုချောသော လူရွယ်ကို ကြည့်ရင်း ဝဿန် ခေါင်းညိတ်လိုက်မိလေသည်။

"ဟုတ်တယ်ဟ 'အမိက'ပဲ ဘယ်သူ့ကို လာစောင့်နေတာလဲ မသိဘူး"

"အေးဟ....ငါတို့ရောက်ကတည်းက သူတို့အရင် ရောက်နေကြတာ"

သူတို့နှစ်ယောက် အမိက ရှိရာကို ကွက်ကြည့် ကွက်[illegible] လုပ်နေကြသလို....

အမိကတို့နှစ်ယောက်ကလည်း သူမတို့နှစ်ယောက်ရှိရာကို မသိမသာ လှမ်းကြည့်နေကြတာ တွေ့ရလေသည်။

ဟေမာန် ပါးစပ်ကလေးပိတ်ကာ ခိုးခိုးခစ်ခစ် ရယ်လိုက်မိသည်။

"ငါ သူ့ကိုမြင်တော့ ရှခင်းသာတုန်းက အဖြစ်ကို သတိရတယ်"

ဝဿန်ကလည်း ဟေမာန်နည်းတူ မျက်နှာကိုအေးကာ အားရပါးရ ရယ်ပစ်လိုက်သည်။

"အေးလေ အဲဒီတုန်းက ငါတို့မြင်တာ သူမသိလို့ နို့မို့ဆို



www.burmeseclassic.com

www.burmeseclassic.com



သူ ဒီလိုတောင်ရပ်ရဲမှာ မဟုတ်ဘူး''

သူတို့နှစ်ယောက်ဆီက ရယ်သံကြားတော့ အဓိကက.... မျက်ခုံးတွန့်တွန့်နှင့် သူတို့ဆီ စူးစမ်းသလို လှမ်းကြည့်နေသလို သူငယ်ချင်းဖြစ်သူ ကြည်သာကလည်း မသိမသာလေး ဖွေကြည့်နေပါသည်။

ဝသာန် မျက်ခုံးတွန့်ကာ လှမ်းကြည့်နေပါသော အဓိကကို ကြည့်ရင်း ကျန်ခဲ့သော သုံးလေးနှစ်က အဖြစ်ကို ပြန်လည်ကာ သတိရမိပါတော့သည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၂]

သည်တုန်းက ဝဿန်ကော ဟေမာန်ပါ ရန်ကုန်တက္ကသိုလ်တွင် တက်နေစဉ်က ဖြစ်ပါသည်။

ဝဿန်တို့အုပ်စုတွင် ဝဿန်အပါအဝင် သူငယ်ချင်း ဆယ်ယောက်လောက် ရှိသည်။

ဝဿန်တို့နှင့် ပြိုင်ဘက်အုပ်စုက အဓိကတို့ အုပ်စုပါ.... စာလည်းတော် မိဘတွေကလည်း အပျံစားမို့ အဓိကတို့အုပ်စုက သူတို့ အုပ်စုကို သိပ်အထင်ကြီးလှသည် မဟုတ်ပါ။

သူတို့အုပ်စုထဲမှာက ဝဿန်နဲ့ ဟေမာန်နှစ်ယောက်သာ အိမ်ကကားနှင့် ကျောင်းလာနိုင်ကြတာ၊ ကျန်သည့်လူတွေက လိုင်းကားနှင့်ဖြစ်သလို ကျောင်းလာကြသည့် သာမန်အဆင့် ကျောင်းသူတွေ ဖြစ်သည်။

အဓိကတို့အုပ်စုထဲမှာတော့ အဓိကအပါအဝင် အားလုံးနီးပါးဟာ ကိုယ်ပိုင်ကားတွေနှင့် ကျောင်းကို လာတက်ကြသူတွေချည်းသည်။

ရုပ်တွေကလည်း ပိုက်ဆံရှိသားသမီးတွေပီသ အားလုံးက

www.burmeseclassic.com



သားသားနားနား ချောချောမွေ့မွေ့နှင့် သာမာန်လူတွေကို အရေးမလုပ်ကြသူတွေပါ။

ဝသန်တို့အုပ်စုကတော့ ဒလကလည်း ပါသည်၊ သံလျှင်ဂကလည်း ပါသည်၊ ဒါ့အပြင် ဥက္ကလာ၊ သင်္ဃန်းကျွန်း စသည့်အလွှာစုံမှဆိုတော့ ပုံစံကမျိုးစုံသည်။

ဝသန်တို့ ဟောမာန်တို့လို ခေတ်ဆန်တဲ့ အပျံစားလေးပါသလို ဆံပင်ဒူးခေါက်ကွေးလောက်နှင့် တောမမတွေလည်း ပါသည်။ ဆင်းရဲ၍ ဝက်သားတုတ်ထိုး ရောင်းရသည့်သူ၏ သမီးလည်းပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ပိုက်ဆံမရှိတာကလွဲလျှင် ရင်းရင်းနှီးနှီးပေါင်းသင်းလို့ကောင်း၍ ဝသန်ကော ဟောမာန်ပါ သူတို့အုပ်စုနဲ့သူတို့ ပျော်ပါသည်။

အတန်းထဲမှာဆို ဝသန်တို့အသံက အကျယ်ဆုံး၊ ဆရာတွေနဲ့ဆိုလည်း ဝသန်တို့အုပ်စုက အခင်ဆုံးပါ။

ဒါကို အဓိကတို့အုပ်စုက အမြင်ကတ်ကြသည်။

အဓိကထက် အုပ်စုခေါင်းဆောင် အုပ်စိုးကပိုဆိုးသည်။

သူတို့အုပ်စုကို အုပ်စိုးက ပါလေရာဟု နာမည်ဆိုး ပေးထားသလို၊ အုပ်စိုးတို့အုပ်စုကိုလည်း ဝသန်တို့က အိညှောင့်အုပ်စုဟု နာမည်ဆိုး ပေးထားတာပါ။

သူတို့ကိုယ်သူတို့ လူချမ်းသာ သားသမီးတွေဆိုပြီး စကားပြောလျှင် မပွင့်တပွင့်ပြောတာကြောင့် ကျယ်ကျယ်လောင်လောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်သော ဝသန်တို့အုပ်စုနှင့် ဘယ်တော့မှ အစေးကပ်သည် မရှိပါ။

သည်လို အစေးမကပ်သည့်ကြားကဘဲ ဂုဏ်ထူးတန်းကို အတူရောက်လာခဲ့ကြတာ ဖြစ်ပါသည်။

အတန်းတူ ဘာသာတူတော့လည်း သည်အုပ်စုနှစ်စုက ကြည့်ချင် မြင်ရက်သားဖြစ်ကာ ထပ်လို့သာ ရန်လိုနေကြပါသည်။

သည်အထဲမှာ ဝသန်နှင့်အဓိကကတော့ မပါဝင်ပါ။

အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် စာကြိုးစားသော အဓိကကို သန် စိတ်ဝင်စားသလို....

ကျန်အုပ်စုထဲက သူတွေနှင့် တခြားစီ ဖြူဖွေးသန့်စင်ပြီး အေးချမ်းသော ဝသန်ကိုလည်း အဓိကက စိတ်ဝင်စားတာ ဝသန် သိနေပါသည်။

ခက်တာက ဝသန်ကလွဲလျှင် ကျန်တစ်အုပ်စုလုံးက အုပ်စိုး တို့အုပ်စုကို အမြင်မကြည်တာဆိုတော့ ဝသန်ကိုယ်တိုင်လည်း အမြင်ကြည်သည့်ပုံစံကို မပြရပါ....

ဖြစ်ချင်တော့ ထိုနေက ဝသန်တို့အုပ်စု သာကေတ ချင်းသာကို ရေလွှာလျှောစီးဖို့ ကျောင်းလစ်လာသည့်နေ့ပါ....

တိုက်တိုက်ဆိုင်ဆိုင် ဝသန်တို့အရင် ရောက်နေတာက အုပ်စိုးတို့အုပ်စုပါ....

ဝသန်တို့ဘက်မှာ မိုးစန္ဒာဟုခေါ်သည့် မနီက အသက်



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးဖြစ်၍ ဆရာအတင်ခံရကာ....

ဟိုဘက်အုပ်စုမှာက မျက်မှန်နှင့် ပိန်ပိန်ရှည်ရှည် အုပ်စိုးက ခေါင်းဆောင်ဖြစ်သည်။

သူတို့အုပ်စုက နောက်မှရောက်လာသော ဝသန်တို့အုပ်စုကို မမြင်ပေမဲ့ သူတို့အုပ်စုကို မြင်လိုက်ရသော မမိုးက ရှုံ့မဲ့ကာ လှည့်ပြောလိုက်ပါသည်။

"ဟိတ် ဟိုမှာရပ်ထားတဲ့ ခရေဇီကာလာနဲ့ ဆန်နီပစ်ကပ်ကားက အုပ်စုတ်ရဲ့ကား မဟုတ်လား"

အုပ်စိုးကို သူတို့အုပ်စုက ပေးထားသည့် အမည်ဝှက်ဖြစ်ပါသည်။

"သိပ်သေချာတာပေါ့၊ ဒီဘက်က ဆန်နီစူပါစလွန်းကလဲ အဝိကရဲ့ကားပဲ"

ကားနောက်ဘက်တွင် ကပ္ပလီအရုပ်လေး ချိတ်ဆွဲထားတာကို ဝသန် ကောင်းစွာမှတ်မိနေပေသည်။

အုပ်စိုးတို့အုပ်စုကလည်း ဘိုးလင်းကစားကွင်းထဲမှာ ဘိုးလင်ကစားနေကြတာ ဖြစ်သည်။

ကောင်မလေးတွေကတော့ ရေလျှာလျှောစီးရင်း ဓါက်ပုံရိုက်နေကြသည်။

သူတို့အုပ်စုက အရင်ရောက်နေတော့ နောက်မှရောက်တဲ့ ဝသန်တို့အုပ်စု ဘာလုပ်ရမှန်းမသိပ်၊ မမိုးကတော့....



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲဟာ သူတို့လည်း ပိုက်ဆံပေးကစားတာ ငါတို့လည်း ပိုက်ဆံပေးမှာပဲဟာ ရေလျှောလျှောပဲ အရင်စီးကြမယ်"

"မမိုးတို့ပဲ စီးနှင့်ပါ၊ ဝသန်တို့ကတော့ ဒီမှာပဲ နေခဲ့ဦးမယ်"

မမိုးနဲ့ သူငယ်ချင်းငါးယောက်က ရေလျှောလျှောစီးဖို့အတွက် သွားကြသလို ဝသန်၊ ဟေမာန်နဲ့ ကျန်သုံးယောက်က ဘိုးလင်းရုံထဲ ကျန်ရစ်ခဲ့ကြသည်။

ဝသန်တို့အုပ်စု ဘိုးလင်းရုံထဲ လျှောက်ကြည့်နေဆဲ....

"ဟိတ် ဟိုမှာ ပစ်တော့မယ်၊ ဘယ်နှစ်ခုထိလဲ ကြည့်ပြီး ထားရအောင်"

ဟေမာန်က စထောင်တာ ဖြစ်သည်၊ သူတို့အုပ်စုထဲမှ စန္ဒာကလည်း....

"ဟုတ်တယ်၊ ဒီကောင်တွေ ငါတို့အုပ်စုပဲ ကြည့်ကြည့်ပြီး ထားတာ၊ ဒီတစ်ခါတော့ ဒင်းတို့အလှည့်ပဲ"

သူတို့ရောက်နေတာကို မသိသည့် အဓိကက ဘိုးလင်းကို သက်ညှိုးလက်ခလယ်ကြွေးကာ ပစ်မှတ်ရှိရာအပစ် လူက အရှိန်မထိန်း နိုင်ဘဲ ဟန်ချက်ပျက်ကာ ဘိုးလင်းအစား လူပါ ဘိုးလင်းပစ်ရာ လမ်းကြောင်းအတိုင်း ရောပါအသွား ဝသန်တို့အုပ်စု မအောင့်အည်း နိုင်တော့ဘဲ ကျယ်လောင်စွာ ရယ်မောလိုက်မိပါတော့သည်။

ကြည့်ပါဦး၊ ဘိုးလင်းသာ ကစားတယ်၊ ကစားသည့် ဘောလုံးကိုပင် နိုင်အောင် မ,မနိုင်တာကတော့ လွန်လွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်က လာမှန်းမသိသည့် ရယ်သံကြောင့် အဓိကက သူမတို့ဘက် လှည့်ကာအကြည့် ဘာမှမသိသလို မှင်သေသေနဲ့ တခြားနေရာတွေကို လျှောက်ကြည့်နေလိုက်ကြသည်။

အဓိကပုံစံက တွေတွေဝေဝေဖြင့် ပြန်လှည့်ကာ ကစားနေမှာ သေချာသည်။

စိတ်ထဲမှာတော့ သူ့ကိုဟားတာ ဘယ်သူတွေလည်း သိချင်နေမှာ သေချာသည်။

စိတ်မဝင်စားတော့ ဘောလုံးကပစ်မှတ်ကိုလွဲကာ တခြားနေရာကို အထိ....

ရယ်သံတွေက ကျယ်လောင်စွာထွက်ပေါ်လာတာကြောင့် အသံလာရာကို လှည့်အကြည့် ဝဿန်တို့အုပ်စု အဓိက မမြင်အောင် ဘိုးလင်းရုံထဲမှ ပြေးထွက်လာခဲ့ကြပါတော့သည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၃]

"ဟားဟား အဲဒီအချိန်တုန်းက တို့ရယ်တာမှန်း သူသိရင် ဘယ်လောက်ရှက်လိုက်မလဲ"

ဝသန် ပြောရင်း အဓိကကို လှမ်းကြည့်လိုက်မိပါတော့သည်။

မသိမသာလေး လှည့်ကြည့်နေသော အဓိက၏မျက်လုံးများ ဝသန်ရဲ့မျက်လုံးများဆုံအသွား အရင်ဦးစွာ လွှဲသွားသူက အဓိကမို့ ဝသန် မျက်နှာကိုမော့ကာ ရယ်မောလိုက်မိတော့သည်။

တကတည်း ကောက်ညှင်းကမစေးရဘဲ ဆန်ကြမ်းကစေးနေလိုက်တာများ မိန်းကလေးဖြစ်တဲ့ ဝသန်ကမရှက်ရ ယောကျ်ားလေးဖြစ်တဲ့ သူက ရှက်နေသည်။

တွေးရင်း ဝသန် သူ့မျက်နှာချောချောကို မသိမသာ ငေးကြည့်နေမိပါတော့သည်။

ဝသန်တို့ဂုဏ်ထူးတန်း စတက်စကပဲ အဓိကကို တွေ့လိုက်ရသည်။ နောက်ပိုင်း မတွေ့ရတာကြာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခုဝသာန်တို့ ကျောင်းပြီးတာ တစ်နှစ်ကြာမှ သူ့ကို ပြန်တွေ့ရတာဆိုတော့ သူ ဘယ်ပျောက်နေတာပါလိမ့်။

ဝသာန် စဉ်းစားချင်ရာ လျှောက်စဉ်းစားနေဆဲ....

"ဟော ဝသာန် အန်တီလေးလည်း ပြီးခါနီးပြီနဲ့ တူတယ်၊ အန်တီလေးနားက လူကြီးတစ်ယောက်တော့ ထနေပြီ"

ဟေမာန့်စကားကြောင့် ဝသာန် အန်တီလေးဘေးနားကို လှမ်းကြည့်လိုက်မိပါသည်။

အသက်(၄၀)ကျော် မွန်မွန်ရည်ရည် သားယ , နား လူကြီးတစ်ယောက် ဘုရားကိုဦးချကာ နေရာမှ ထနေသည်။

"ဟာ...."

ဝသာန်နဲ့ဟေမာန် အန်တီလေးနောက်နားတွင်အရောက် ခုနက သားသားနားနား လူကြီး၏လက်က အန်တီလေးခြေထောက်ကို ထိမိသွားပုံရလေသည်။ ထိုလူကြီးက အတော်အားနာသွားပုံနှင့် တောင်းပန်နေသည်။

"မတော်လို့နော်"

အန်တီလေးက မျက်လွှာချမပျက် သူမရဲ့ခြေထောက်ကို လှမ်းအုပ်ကိုင်ရင်း ခေါင်းညိတ်လိုက်သည်။

သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စမို့ သည်ကိစ္စကို သည်မှာပဲ ပြီးသွားပြီ မှတ်ထင်ခဲ့ပေမဲ့ ထိုလူကြီးဆီမှ ထွက်လာသည့်အသံက ဝသာန်တို့ကို အံ့ဩသွားစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်း မေသူ မဟုတ်လားဟင်"

စိုးရိမ်စိတ်များနှင့်အတူ အံ့ဩဝမ်းသာစိတ်က ထိုလူကြီး၏ မျက်နှာပေါ်မှာ ဖုံးဖိ၍မရလေပါ။

ဒါကြောင့် ထိုလူကြီးမျက်နှာကို အံ့ဩသလို ငေးမောကြည့်နေရာမှ အန်တီလေးရဲ့မျက်နှာကို လှမ်းကြည့်လိုက်မိပါသည်။

"ဟင်"

ဝဿန်ကော ဟေမာန်ပါ အံ့ဩသွားရလေသည်။

ထာဝစဉ်လို အေးချမ်းသိမ်မွေ့လွန်းလှသော အန်တီလေးရဲ့ မျက်နှာကလည်း ထိုလူကြီးနှယ် လှုပ်ရှားတုန်ရီကာ ထိုလူကြီးမျက်နှာကို တအံ့တဩ ငေးကြည့်နေလေသည်။

အတော်ကြီးကြာမှ....

"ကိုမောင် မဟုတ်လားဟင်"

"ကိုမောင်ပါ မေသူရယ်"

နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် ကြာမြင့်စွာ ငေးကြည့်နေမိပြီးမှ အရင်ဦးစွာ သတိထားလိုက်မိသူက မေသူပါ။

"လာ....ကိုမောင် ဒီမှာ ဘုရားဖူးတွေနဲ့ အားနာစရာ တို့ဘက်နား သွားရအောင်နော်"

ဝဿန်နဲ့ဟေမာန် အန်တီလေးတို့နောက်က လိုက်လာရင်း အန်တီလေးနဲ့ ထိုလူကြီးရဲ့အခြေအနေကို အကဲခတ်နေမိကြပါသည်။

အန်တီလေးနဲ့ ထိုလူကြီးကတော့ လက်ရှိပတ်ဝန်းကျင်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



မေ့လျော့နေသလိုလို ပုံစံမျိုးပါ။

"ဝမ်းသာလိုက်တာ မေသူရယ်"

ထိုလူကြီးက ဝမ်းသာစိတ်ဖြင့် မျက်လုံးများတွင် မျက်ရည်ကြည်များလဲ့လာသလို အန်တီလေးကလည်း မျက်ရည်များဝဲရင်းမှ....

"မေသူလည်း ဝမ်းသာပါတယ် ကိုမောင်ရယ်"

နှစ်ဦးသား ကြည်ကြည်နူးနူး ပြုံးနေကြလေသည်။

ဝဿန်နှင့် ဟေမာန်ကတော့ အန်တီလေးတို့နှစ်ဦးကို ကြည့်ကာ အံ့သြနေမိကြလေသည်။

တစ်သက်နှင့်တစ်ကိုယ် မိဘနှဲ့အနေနည်းကာ အဒေါ်နဲ့သာ အနေများသူမို့ အဒေါ်ပြုံးလျှင်ပြုံးခြင်း မဲ့လျှင်မဲ့ခြင်း ဝဿန်တို့သိသည် နားလည်သည်။

အခု အန်တီလေးနှင့် ထိုလူကြီး ၏ ကြည့်ကာ တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးနေမိဆဲ....

"ဖေဖေ"

တိုးတိတ်ညင်သာသော ခြေသံနှင့်အတူ ခေါ်သံတိုးတိုးကြောင့် ခေါင်းလေးစောင်းကာ နောက်ဘက်ကို ပြိုင်တူလှည့်သွားကြသည်။ အသံရှင်ကို စူးစမ်းရှာဖွေမိကြသည်။

ဝဿန်နဲ့ ဟေမာန်ရဲ့မျက်လုံးလေးများ ဝိုင်းစက်သွားသလို မျက်ခုံးလေးများပါ တွန့်သွားကြလေသည်။

"အဖိကပါလား"



www.burmeseclassic.com

www.burmeseclassic.com



အဓိက မျက်လုံးများကလည်း အန်တီလေးနဲ့ စကားပြော နေသော လူကြီးဆီမှာ ရောက်နေတာမို့ သည်လူကြီးက အဓိက၏ အဖေများလား။

အဓိက၏ဖခင်ဆိုသည့် အသိကြောင့် ထိုလူကြီးကို အသေ အချာ ကြည့်မိကြသည်။

အသေအချာကြည့်မိတော့မှ မျက်လုံးမျက်ခုံး မျက်နှာကျ သာမက အမူအရာ ဟန်ပန်ကပါ အဓိကနှင့် တူညီနေတာကို တွေ့ရလေသည်။

ဝသန် အဓိကကို မသိမသာလှမ်းအကြည့်၊ ဝသန်ကပါ အကဲခတ်သလို လှမ်းကြည့်နေပါသော အဓိကရဲ့ မျက်လုံးများကြောင့် ဝသန်က အရင်မျက်လုံးကိုလွှဲအပစ် ထိုလူကြီးဆီမှ အားပျော့သလို ခပ်တိုးတိုးလေသံ ထွက်လာခဲ့ပါသည်။

"မေသူ့ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ....ကိုယ့်သား အဓိက ပဲ ပြီးခဲ့တဲ့လကမှ နိုင်ငံခြားသင်္ဘောက ပြန်လာတာ၊ ဒါ သားရဲ့ သူငယ်ချင်း မောင်ကြည်သာတဲ့ သားနဲ့အတူတူ ဟောင်ကောင်က ပြန်လာကြတာ"

"ဪ"

မေသူ အသံတိမ်တိမ်လေးနဲ့ ခေါင်းညိတ်လိုက်မိပါသည်။

ကိုမောင့်မှာ သည်လိုအရွယ်လောက် သားရှိနေလိမ့်မည်ဟု မေသူ ဘယ်တုန်းကမှ မထင်ခဲ့ဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ထင်ရှားသာမက မြင်ပါမြင်နေရသော အဖြစ်မို့ ကိုမောင်နှင့် တူလှသော လူရွယ်ကိုကြည့်ရင်း ဟန်မပျက် နှုတ်ဆက် လိုက်မိပါသည်။

"အေးကွယ်၊ တွေ့ရတာဝမ်းသာပါတယ်၊ အန်တီ့ကိုလည်း မှတ်ထားနော်၊ မေသူတဲ့ နောက်တွေ့လဲ ခေါ်ပေါ့"

"ဟုတ်ကဲ့ပါ အန်တီ"

အဓိက ခေါင်းလေးညွတ်ကာ ပြောနေပုံကိုက ကိုမောင် ငယ်စဉ်တုန်းက အတိုင်းပါပဲလား....

မေသူ မျက်လုံးကိုစုံမှိတ်ကာ အံကြိတ်ပြီး ပြုံးလိုက်မိသည်။ ကိုမောင်ကတော့ မေသူ့အဖြစ်တွေကို ခံစားချက်တွေကို သိပါလေစ။ ဝသဟန်နဲ့ဟေဟာန်ကိုသာ စူးစူးစမ်းစမ်းလေး ကြည့်နေလေသည်။

"သူတို့နှစ်ယောက်က မေသူနဲ့ ဘာတော်လဲ"

"သမီးတွေပါ"

အမှတ်မထင် မေသူနှုတ်က ထွက်သွားရကာ ကိုယ့်ပါးစပ် ကိုယ် အံ့ဩသလို မှင်တက်သလို ကြောင်နေဆဲ....

"သမီးတွေ ဟုတ်လား"

ကိုမောင်ကလည်း မေသူကိုကြည့်ကာ မယုံနိုင်ခြင်း၊ အံ့ဩခြင်း တို့ပေါင်းစပ်ကာ မျက်ဝန်းတွင် အရောင်တွေအမျိုးမျိုး ပြောင်းသွားနေ သည်။

နောက်မှ ဝသန်တို့ဘက်လှည့်ကာ ဟန်မပျက်မေးလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့က ဘယ်နှစ်တန်းရောက်ပြီလဲ...."

"သချင်္ချာဂုဏ်ထူးတန်းနဲ့ ကျောင်းပြီးသွားပါပြီ အန်ကယ်၊ မာစတာဆက်တက်နေကြပါတယ်"

"ဩော်....ကျောင်းတောင်ပြီးသွားကြပြီကိုး၊ သား အစ်ကိုလည်း သဘော်မတက်ဖြစ်ဘဲ ကျောင်းသာတက်ဖြစ်ရင် သမီးတို့လိုပဲ ဘွဲ့ရမှာ၊ ခုတော့ ကျောင်းက တိုးလို့တန်းလန်းဖြစ်သွားခဲ့ရတယ်"

ဝဿန်နဲ့ အစ်ကိုတို့ မျက်လုံးချင်း ဆုံမိကြပြန်သည်။

ဝဿန်မျက်လုံးအမြန်လွှဲကာ အန်တီလေးကို လှမ်းအကြည့် အန်တီလေးမျက်ဝန်းတွင် မျက်ရည်ကြည်များ ဝေ့ဝဲနေတာ တွေ့လိုက်ရပါသည်။ ဟန်လုပ်ကာရယ်နေသော်လည်း အန်တီလေး၏မျက်နှာက ပြုံ့တော့မည့်မိုးလို ညိုနေလေသည်။ ခဏနေတော့....အန်တီလေးက မျက်ရည်စကို ပုဝါနှင့်တို့ကာ အသာသုတ်ရင်း အားလုံးကို နှုတ်ဆက်လိုက်သည်။

"ကဲ စကားပြောလို့တော့ ကောင်းပါရဲ့၊ နောက်ကျရင် သိပ်မိုးချုပ်သွားမှာမို့ မေသူတို့ကို ခွင့်ပြုပါဦး ဦးလွင်မောင်...."

ဦးလွင်မောင် လန့်သွားခဲ့ရသည်။

သူ့ရဲ့နာမည်အရင်းကို မေသူ ဘယ်တုန်းကမှ ခေါ်ရိုးထုံးစံ မရှိခဲ့ဘူးပါ။

ရုတ်တရက်ကြီး ကြားလိုက်ရတော့ စိမ်းကားခြင်းတံတိုင်းကို ကာရံခြင်း ခံလိုက်ရသလို ဦးလွင်မောင်၏စိတ်ထဲတွင် အကျင်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရလေသည်။

နောက်မှ စိတ်ကိုချုပ်တည်းကာ ခေါင်းညိတ်လိုက်မိပါသည်။

အေးလေ သူ့အသက်လည်း လေးဆယ်ကျော်လို့ ငါးဆယ် နားနီးနေပြီပဲဟာ....

ပြီးတော့ မေသူ့အနေနဲ့လည်း သူ့အသက်အရွယ်အရ ကိုမောင်ဟု နုနုဖွဲ့ဖွဲ့ခေါ်နေလို့ သင့်တော်တာမှ မဟုတ်တော့တာပဲ လေ....

ငါ အချိန်တွေကို မေ့နေပြီနဲ့တူပါရဲ့။

ကြည့်စမ်း....ငါ့သား အဓိကတောင် အသက်အစိတ်ထဲကို ရောက်နေပြီပဲ၊ မေသူ့သမီးလေးတွေဆိုလည်း သားလောက်ရှိကြမှာပါ။ မေသူခေါ်တာ မှန်ပါတယ်။

အတွေးဖြင့်ပြုံးကာ ဦးလွင်မောင် မေးလိုက်မိပါသည်။

"မေသူတို့ အရင်နေရာမှာပဲလား"

မေသူ ကိုမောင့်မျက်နှာကို ခွေးခွေးမြွေမြွေလေး ငေးကြည့်ရင်း ခေါင်းညိတ်လိုက်မိပါသည်။

မေသူဟာ အရင်နေရာမှာနေပြီး အရင်က မေသူပါပဲ ကိုမောင်ရယ်။

ဒါပေမဲ့ ကိုမောင်ပြုပြင်ပေးခဲ့တဲ့ မေသူဟာ အရင်က မေသူ မဟုတ်တော့ပါဘူး....။ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူ ဖြစ်နေပါပြီ။ မေသူက ကိုမောင်ဖြစ်စေချင်ခဲ့သလို ဖြစ်လာခဲ့ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်ကျတော့ မေသူမြင်ချင်ခဲ့သလို မမြင်ရပါလား....

အို....ငါဘာတွေ တွေးနေမိပါလိမ့်၊ လောလောဆယ် ကိုမောင်မှာ သားနဲ့ဥစ္စာ။

"မေသူတို့ကို ခွင့်ပြုပါဦး ဦးလွင်မောင်"

ကိုမောင်ဟု ခေါ်သံအစား ဦးလွင်မောင်ဟု ခေါ်သံကရင်ကို နာကျင်စေပေမဲ့ ဦးလွင်မောင် ကြိုးစားပြုံးကာ ခေါင်းညိတ်ပြမိသည်။

နောက်သို့ကို ကျောခိုင်းကာ မျက်နှာလေးမော့ပြီး ထွက်ခွာသွားသည့် မေသူ့ကို ငေးကြည့်နေသလို အမိကာကလည်း ကြော့ကြော့လေးထွက်သွားသော ဝဿန်နဲ့ကို ငေးကြည့်နေမိလေသည်။

ဟေမာန် ဝဿန်နဲ့နောက်ကို အပြေးအလွှားလိုက်ရင်းမှ....

"နေပါဦး ဝဿန်ရယ်၊ နင်ကလည်း မြန်လိုက်တာ"

ဝဿန်သည် ဟေမာန်ကို စောင့်နေမိသော်လည်း အန်တီလေးက ဘယ်သူ့ကိုမှ မစောင့်ပါ။ ဓာတ်လှေကားရဲ့ စကြံန်တစ်လျှောက် ခပ်သွက်သွက် လျှောက်နေလေသည်။

ကားထဲရောက်မှ မေသူ အားရပါးရ ငိုလိုက်မိပါသည်။

ဘာမှနားမလည်သည့် ဝဿန်နဲ့ ဟေမာန်က အန်တီလေးတို့ ငေးကြည့်နေမိပါ၍ အန်တီလေးက ဒေါသနှင့် အော်ပါသည်။

"မောင်းတော့လေ ဟေမာန်၊ ဘာလုပ်နေတာလဲ"

အန်တီလေးက မောင်းဆို၍သာ မောင်းလာခဲ့ရပေမဲ့ ဟေမာန် စိတ်ထဲက ဘာမှမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟောမာန်နည်းတူ ဝဿန့်စိတ်ကလည်း ကျော်ဖြတ်လာသော ပတ်ဝန်းကျင်ကို မမြင်ပါ။ တဒင်္ဂကြုံတွေ့ခဲ့ရသည့် အဖြစ်တွေကိုသာ မြင်ယောင်နေမိလေသည်။

ဘာပဲဖြစ်ဖြစ် သည့်အဖြစ်တွေကို မေမေ့ကို ပြောပြလျှင် ဝဿန့်အတွက် အဖြေထွက်လာနိုင်ကောင်းပါရဲ့ ဝဿန် မေမေ့ကို မေးကြည့်ရန် ဆုံးဖြတ်လိုက်မိပါတော့သည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၄]

အိမ်က လူရှင်းကာ တိတ်ဆိတ်၍ နေပါသည်။

ဖေဖေက ဌာနကြီးတစ်ခုမှ လူကြီးတစ်ယောက်မို့ ရုံးကို နက်စောစော ထွက်သွားပြီဖြစ်သလို....

မူလတန်းကျောင်းအုပ်ဖြစ်သည့် အန်တီလေးကလည်း ခြင်းတောင်းဆွဲကာ သူမတာဝန်ထမ်းဆောင်ရာ ကျောင်းကို သွားပါပြီ။

အိမ်မှာ ကျန်တာဆိုလို့ ဝဿန်တို့ညီအမနှစ်ယောက်ရယ် မေမေရယ်ပါ။

မေမေက အိမ်အလုပ်,လုပ်ပြီးပြီမို့ အိမ်ရှေ့မှာထိုင်ကာ သီးမွှေးထိုးနေလေသည်။

ဝဿန်နဲ့ ဟေမာန်ကတော့ မနေ့ကဇာတ်လမ်းကို ပြန်ဆက်ရန်အကြံနှင့် မေမေ့နားကို ကပ်လာခဲ့ကြပါသည်။

"ဟဲ့ ဒီနေ့ ဘယ်မှမသွားကြဘူးလား"

ကျောင်းပြီးသွားပေမဲ့ ဝဿန်ရော ဟေမာန်ပါ မစတာ ဆက်တက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့တော့ အကြံတူနေတာမို့ နှစ်ယောက်စလုံး ကျောင်းလစ်ကာ မေမေ့နားကို ကပ်မိကြတာ ဖြစ်ပါသည်။

"ဒီနေ့က အရေးမကြီးတာ သင်မှာမို့လို့ ဟောမာန်မတက်တာ"

"ဝသန်ကတော့ မေမေ့ကို မေးစရာရှိလို့ တမင်မတက်တာ"

"မေးစရာ ဟုတ်လား၊ ဘာမေးမှာလဲ"

မေမေက မျက်ခုံးကိုပင့်ကာ လှမ်းကြည့်နေလေသည်။

"အန်တီလေးအကြောင်း သိချင်လို့ပါ"

"မေသူ့အကြောင်း ဟုတ်လား၊ မေသူက ဘာဖြစ်လို့လဲ လင်မယူချင်လို့ တကိုယ်တည်း အပျိုကြီးလုပ်နေတဲ့ သူပဲဥစ္စာ ဘာဆန်းလို့လဲ"

"ဆန်းတယ် မေမေရ"

ဝသန်ပြုံးရင်း မနေ့က ဘုရားပေါ်တွင် ကြုံတွေ့ခဲ့ရသည့် အကြောင်းတွေကို မေမေ့အား ဖောက်သည်ပြန်ချနေမိပါသည်။

ဒေါ်အိအိလွင် အံ့သြနေမိလေသည်။

"ပြန်ပြောပါဦး၊ အဲဒီလူ နာမည်က ဘယ်သူ"

"ဦးလွင်မောင်တဲ့ မေမေသိလား"

သည်နာမည်မျိုး တစ်ခါမှ မကြားခဲ့ဖူးပါ။ အသိအကျွမ်းထဲမှာလည်း မရှိ၊ သည်လူ မေသူနဲ့ ဘယ်လိုများ ပတ်သက်ခဲ့ဖူးပါလိမ့်၊ ပတ်သက်ခဲ့ဖူးရင်လည်း သူ သိရမှာပေါ့။

မေသူနဲ့ ပတ်သက်တာကို တောင်းရမ်းခဲ့ဖူးသည့်မှ အစ



www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်ခဲ့သူအဆုံး သူမ သိပါသည်။

ခု ဒီ ဦးလွင်မောင်ဆိုသူကျမှ သူမ ဘာလို့ မသိခဲ့ရတာပါလိမ့် မေသူတို့ကျောင်းမှ အသိများလား....

ဒါလည်း မဖြစ်နိုင်ပါ။ ယောက်ျားလေး အပေါင်းအဖော် မေသူနဲ့ ဘယ်တုန်းကများ ပတ်သက်ခဲ့ဖူးလို့လဲ....

နေရင်းထိုင်ရင်း ဝဿန်ရဲ့ အရုပ်တော်ပုံက ဒေါ်အိအိလွင်ရဲ့ ရင်ထဲကိုပါ ကူးစက်လာတာကြောင့် ခေါင်းခါလိုက်မိပါသည်။

ဝဿန် မိခင်၏ပုံစံကို ငေးကြည့်ရင်း မေမေ ဘာမှမသိဘူး ဆိုတာ ရိပ်မိသွားသည်။

သည်ပုံဆို အန်တီလေးကိုပဲ မေးရတော့မှာမို့ အန်တီလေး ကျောင်းဆင်းလာမည့်အချိန်ကို နှစ်ယောက်သား ထိုင်စောင့်နေမိကြပါသည်။

ဆယ်နှစ်နာရီကျော်တော့ အန်တီလေး ကျောင်းမှ ပြန်လာပါပြီ။

ဝဿန် သောက်ရေခွက်တစ်ခွက် ပြေးယူလာရင်း အန်တီလေးကို တိုက်လိုက်သည်။

"ရော့ အန်တီလေး ရေခဲရေလေး သောက်လိုက်ပါဦး၊ နေပူထဲက ပြန်လာတာဆိုတော့ ရေဆာမှာပဲ"

မေသူ ရေကိုမော့သောက်ရင်း တူမနှစ်ယောက်ကို ကြည့်ကာ အံ့သြနေလေသည်။

"ဝဿန်တို့ ဟေမာန်တို့ ကျောင်းမသွားကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသွားပါဘူး အန်တီလေး"

နှစ်ယောက်လုံး ပြိုင်တူအဖြေ....

"ဘာဖြစ်လို့ မသွားတာလဲ"

"ဟို ဟိုလေ...."

နှစ်ယောက်လုံး 'အ' ထစ်ထစ်လုပ်နေပြီးမှ ဟေမာန်က အရင်ဝင်ဖြေလိုက်သည်။

"ဒီနေ့ နှစ်ချိန်ပဲရှိလို့ပါ အန်တီလေး၊ အရေးမကြီးတာနဲ့"

အန်တီလေး ဘာမှမပြော သူမအခန်းထဲကိုသာ လျှောက်ဝင်သွားပါသည်။

ဝသာန်လိုက်ဝင်လာရင်း အန်တီလေးကို ငေးကြည့်နေလိုက်သည်။

အန်တီလေးက တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ ရိပ်မိပေမဲ့ ဘာမှမပြောဘဲ အကျီသာလဲနေလေသည်။

အိမ်နေရင်းဝတ်နေကျ ရှန်သား လိမ္မော်ရောင်ဘလောက်(စ်) ပွပွ၊ နက်ပြာရောင် မာဆရိုက်လုံချည်လေးနဲ့ပေမဲ့ အန်တီမသူ၏ အလှက လျော့မသွားပါ။ ဝင်းပပနုငံ့ကို ကြည့်လို့တောင် ကောင်းနေရပါသည်။

ကျောင်းမှပြန်ရောက်ကာစမို့ ဘီးစပတ်မပတ်သေးဘဲ နောက်တွဲဆံထုံးလေးအတိုင်း ရှိနေတာမို့ ချွန်သောနှာတံ၊ လှသောမျက်နှာနှင့် ဖူးဖူးရွရွနှုတ်ခမ်းလေးက အန်တီလေးကို အသက်လေးဆယ်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှမထင်ဘဲ အသက်အစိတ်အရွယ် မိန်းကလေးတစ်ယောက် ဟုသာ ထင်စေပါသည်။

ကိုယ်လုံးများက လှေကျင့်ခန်းကျင့်သည့် ဝဿန်တို့ထက်ပင် လှနေပါသေးသည်။

ဝဿန်နှင့်ဟောမာန်က အရုပ်သိုင်မမြင့်၍ ကိုယ်လုံးအလှက မပေါ်လွင်ပေမဲ့ အရုပ်မြင့်သော အန်တီလေးက ကျော့ရှင်းမှုကိုပါ ပိုင်ဆိုင်ထားလေတော့ ဝဿန်တို့ ဘယ်လိုယှဉ်ယှဉ် အန်တီလေး၏ လှပမှုအောက်မှာ မြုပ်ကွယ်သွားရစမြဲပါ။

ဒါနဲ့တောင် အန်တီလေး ဘာလို့အထီးကျန်နေရတာပါလိမ့်....

လှသောပန်းအနားမှာ ပျားပိတုန်းတို့ဆိုတာ ရစ်ဝဲစမြဲပါ....

သည်အရွယ်တောင် သည်လောက်လှနေလျှင် ငယ်စဉ်ကဆို ဘယ်လောက်များ လှလိုက်မလဲ....

သည်အလှကို မကိုးကွယ်သူ မမြတ်နိုးသူကော မရှိဘဲနေပါ့ မလား....

ဝဿန့်ရင်ထဲမှာ အန်တီလေးအကြောင်းကို သိချင်စိတ်က နိုးထလာပြန်သည်။

ထမင်းခူးပေးရင်း အန်တီလေးကို စိုက်ကြည့်နေမိလေသည်။

အန်တီလေးပုံစံက ခါတိုင်းထက် တည်ငြိမ်နေတာ သေချာ သည်။ ဝဿန်တို့လို အန်တီလေး ရင်ထဲမှာလည်း တစ်ခုခုစဉ်း စားနေရတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှလွဲရော မနေ့ညကအကြောင်းပဲ ဖြစ်ရမည်။

"စားကောင်းလား အန်တီလေး"

"ကောင်းပါတယ်"

ဟောမာန့်အမေးကို အန်တီလေးက အေးဆေးစွာ ဖြေသည်။

"ကောင်းတယ်သာ ပြောတယ်၊ စားတာဖြင့် နည်းနည်းလေး"

ဟောမာန် ဟင်းခပ်အထည့် အန်တီလေးက မအောင့်နိုင်တော့သလို တူမနှစ်ယောက်ကိုကြည့်ကာ မေးလာပါတော့သည်။

"ဟောမာန်တို့ ဘာသိချင်လို့ အန်တီလေးကို ဒီလောက်ကပ်နေကြတာလဲ"

ဝဿန်နဲ့ ဟောမာန် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးမိကြသည်။

"ပြောလေ၊ အန်တီလေး တတ်နိုင်တာဆို ဖြေပေးမှာပေါ့"

အန်တီလေးက လက်ဆေးကာ နေရာမှထဖို့ ပြင်နေတာကြောင့် ဝဿန် လျှင်မြန်စွာပြောလိုက်မိသည်။

"ဝဿန်တို့ ဘာမှ မလိုချင်ပါဘူး အန်တီလေး၊ ဟိုလေ သိပဲသိချင်ကြတာပါ"

"ဝဿန်တို့က ဘာသိချင်တာလဲ"

အန်တီလေးမျက်နှာက အုံ့ညှိသွားသည့်ပုံကြောင့် မျက်ခုံးက အတွန့်ချိုးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝသာန် တဲဝတ္တူးကို မြို့ချရင်း အရဲစွန့်ကာ ပြောလိုက်မိပါသည်။

"ဟိုလေ မနေ့ကတွေ့ခဲ့တဲ့ အန်ကယ်နဲ့ အန်တီလေးတို့အကြောင်းပါ"

မထင်မှတ်သည့်စကားကြောင့် အန်တီလေးမျက်နှာ ပျက်ယွင်းသွားကာ မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲလာပါသည်။

အတန်ကြာ နေရာမှာငြိမ်ထိုင်နေပြီးမှ ထကာ ပြတင်းဝမှာ သွားရပ်နေလေသည်။

ဝသာန်ရော ဟောမာန်ပါ အန်တီလေးကို ငေးကြည့်ပြီး အံသက်ပင် မရှုရဲကြပါ၊ သူတို့နှစ်ယောက်အကြည့် အန်တီလေး တစ်ခုခုပေါက်ကွဲသွားမှာကို စိုးရွံ့နေကြလေသည်။

ဒါပေမဲ့ သူတို့ထင်ထားသလို အန်တီလေးက ဘာမှမဖြစ်ပါ။

ပြတင်းဝမှာ ငြိမ်သက်စွာရပ်ရင်း အဝေးကို ငေးကြည့်နေလေသည်။

အတန်ကြီးကြာမှ ဝသာန်တို့ဘက်ကိုလှည့်ကာ တိုးတိတ်စွာ ပြောလာပါသည်။

"တကယ်တော့ ဒီအဖြစ်တွေကို အန်တီလေး ရင်ထဲမှာသိမ်းထားတာ ကြာခဲ့ပါပြီ၊ ဘယ်လောက်တောင် ကြာခဲ့ပြီလဲဆိုရင်တော့ နှစ်ပေါင်းနှစ်ဆယ်ကျော်တောင် ကြာခဲ့ပြီ"

"အနှစ်,နှစ်ဆယ်ကျော် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဝဿန် အန်တီလေးကိုကြည့်ကာ တအံ့တဩ ဖြစ်သွားမိသည်။

သည်လောက်နှစ်တွေကြာအောင် ရင်ထဲမှာ သိမ်းထားသည်ဆိုတော့ အန်တီလေးရဲ့ သံယောဇဉ်က တော်ရုံသံယောဇဉ် မဖြစ်နိုင်ပါ။

"အဲဒီတုန်းက အန်တီလေးအသက်က ဆယ့်ခြောက်နှစ်ကျော် အန်တီ့အထက် ကိုဝဏ္ဏက ဆယ့်ရှစ်နှစ်၊ ကျန်တဲ့ သမီးတို့ဘကြီးတွေ အသက်ကလည်း နှစ်နှစ်ကြီး, နှစ်နှစ်ငယ်တွေဆိုတော့ နှစ်ဆယ်နဲ့ နှစ်ဆယ့်နှစ်နှစ် အသီးသီးပေါ့ကွယ်၊ အသက်ကလည်း သိပ်မကွာ တော့ ဆော့လည်းဆော့ ရန်လည်းသိပ်ဖြစ်ကြတယ်၊ ဒါပေမဲ့ အားလုံး ထဲမှာ အဆိုးဆုံးက အန်တီလေးပေါ့ကွယ်"

ပြောရင်း မေသူ့မျက်ဝန်းထဲမှာ ကျန်ခဲ့သည့် အနှစ်နှစ်ဆယ် ကျော်မှအဖြစ်တွေကို ပြန်သတိရလာမိသည်။

"အဲဒီတုန်းက အန်တီလေးတို့ ဒီတိုက်တောင် မဆောက်ရ သေးဘူးပေါ့ကွယ်၊ အန်တီလေးတို့ နေတဲ့အိမ်က ငှားထားတဲ့ အိမ်တွေ အိမ်တွေကလည်း ပျဉ်ထောင်အိမ်လေးတွေပဲပေါ့၊ ဒါပေမဲ့ ခြံကြီးက ခုလို အကျယ်ကြီးပဲ"

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၅]

ခြံကြီးက ကျယ်ဝန်းလှပါသည်။

အိမ်၏နောက်ဖေးဘက်တွင်ရှိသော ခြံကြီးမို့လည်း အလှစိုက်ပန်းပင်များထက် စားပင်များကို ဦးစားပေးကာ စိုက်ပျိုးထားသည်။

အထူးသဖြင့် အပင်ကြီးများဖြစ်သည့် မာလကာပင်၊ သပြေသီးပင်၊ ပိန္နဲပင်နှင့် ကွမ်းသီးပင်တို့က ရာသီအလိုက် အလှည့်ကျသီးနေလေတော့ မေသူတို့ မောင်နှမလေးယောက် ကောင်းကောင်းစားဆို ဖြစ်နေရလေသည်။

မေသူ မာလကာပင်ပေါ်ကို ကြည့်ရင်း လှမ်းအော်လိုက်မိသည်။

"သူရ ငါ့ကို မာလကာသီးပေး"

"အောင်မယ် ဘာလို့ပေးရမှာလဲ၊ ကိုယ်စားချင် ကိုယ့်ဘာသာ တက်ခူးပါလား"

သူရ သူ့လက်ထဲက မာလကာသီးကို ပုဆိုးခါးပုံစထဲ ထုပ်ထားလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေသူ မြင်သည့်ထင့်၊ အသံစူးစူးလေးနှင့် လှမ်းအော်ပြန်သည်။

"ပေးဆို ပေးနော်၊ မပေးရင် ငါ အဖေနဲ့ တိုင်လိုက်ရမလား"

"တိုင်ဟာ"

သူရ စိတ်တိုတိုနှင့် ပြန်အော်လိုက်မိသည်။

ညီမလေးတစ်ယောက်မို့ ချစ်ပါသည်။ ဒါပေမဲ့ ဒီညီမလေးက တစ်ယောက်ဆို ဆိုသလောက် တာတေလန်နေအောင်ကို ဆိုးသည်။ ထစ်ခနဲဆို တိုင်ရတာနှင့် တောရတာနှင့်....

အဖေနဲ့အမေကလည်း သားချည်းပဲ သုံးယောက်မွေးပြီးမှ သမီးမိန်ကလေး မေသူကို မွေးတာဆိုတော့ အလိုလိုက်ထားတာကြောင့် မေသူအဖို့ ဆိုးလို့ကောင်းနေရလေသည်။ မိုက်ရိုင်းလို့လည်း ကောင်းနေသည်။

ကြည့်ပါလား သူ့ထက်ကြီးသည့် အစ်ကိုတွေကိုပင် 'ကို' တပ်မခေါ်၊ ခေါ်ပုံက သူရ၊ ဗလ၊ ဝဏ္ဏတဲ့။ ဒါကို အမေတို့က ဘာမှမပြော၊ ဘာမှမသင်....

ပြောရင်းဆိုရင်း မေသူ အိမ်ပေါ်ကို စူပွပွနှင့်တက်သွားတာ တွေ့လိုက်ရသည်။ ဘာမှပင် မကြာလိုက်....

"သူရ"

အဖေရဲ့အသံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာသလို တဆက်တည်း နောက်ဖေးခြံကိုကြည့်ရန် ဖောက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



မြတင်းပေါက်သေးသေးလေးမှ အဖေ့မျက်နှာကြီး ပေါ်လာပါတော့သည်။

"မင်း ကလေးကို ဘာလုပ်လိုက်လဲ"

ကြည့်ပါလား၊ ခေါ်ပုံကိုက ကလေးတဲ့....

ကျားကိုးစီး စားမကုန်တဲ့ သူ့သမီးကို ကလေးတဲ့ အသက်ဆယ့်ခြောက်နှစ်ကျော်နေပြီ၊ ဒါကို တယုတယ ကလေးဟု ခေါ်နေလေသည်။

သူရ မေသူ့ကို စိတ်တိုသလို မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

"ဟော့ကောင် မေးနေတာဖြေလေ၊ ဘာလုပ်လိုက်သလဲလို့"

အဖေ့ကိုတော့ သူကြောက်သည်။ သူတင်မက အောက်အငယ်တွေဖြစ်သည့် ဗလရော ဝဏ္ဏပါ ကြောက်သည်။ အဖေက ဒေါသကြီးတော့ စိတ်မထင်လျှင် မထင်သလို အရိုက်ကြမ်းတော့ သူရ ပခုံးတွန့်လိုက်သည်။

"သူ့ကို မာလကာသီး မပေးလို့တဲ့"

"ပေးလိုက်"

အဖေပြန်ဝင်သွားပြီး မရှေးမနှောင်း မေသူ စပ်ဖြဲဖြဲမျက်နှာလေးနှင့် မာလကာပင်အောက် ရောက်လာသည်။

သူ ညီမအငယ်ဆုံး မေသူ့ကို ဒေါပွပွနှင့် လှမ်းကြည့်ရင်း လှမ်းပြောလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေး နင် သိပ်လှပါးဝနော်၊ အလိုလိုက်ထားလို့ သောင်းကျန်းနေတာလား"

"ပေးလိုက်စမ်းပါ သူရရာ၊ ဒီကောင်မလေးလက်ထဲ မာလကာသီးရောက်မှ အေးမဲ့ဟာ"

"မင်းတို့တွေ ပေးလိုက်ပါလား"

ဝဏ္ဏာနဲ့ဇလ ငြိမ်သွားသည်။ ခဏနေမှ....

"ငါတို့ဆီကမှ မတောင်းဘဲကွ"

သူရ ဒေါပွပွဖြင့် သူ့ခါးပုံစထဲမှ မာလကာသီး ပွပွကြီး တစ်လုံးကို ထုတ်ကာ အောက်မှစောင့်နေသော မေသူ့ခေါင်းပေါ် တည့်တည့် ပစ်ချလိုက်သည်။

"ဒေါက်"

"အား"

မေသူ့ရဲ့ ခုနှစ်သံချီ အော်ဟာစ်ငိုယိုသံက တစ်ခြံလုံးကို ဖုံးလွှမ်းသွားပါတော့သည်။

သူရ မျက်လုံးပြူးသွားသလို ဝဏ္ဏရော ဇလပါ မာလကာပင် ပေါ်မှ ပြေးဆင်းလာကြသည်။

"သူရက လုပ်လိုက်ရင် အရမ်းပဲ၊ အဖေတော့ ဆူတော့မှာပဲ"

သူရ မာလကာပင်ပေါ်မှ ခုန်ချကာ မေသူ့ပါးစပ်ကို ပိတ်ရသည်။ မပိတ်ရင်မလွယ်။ အဖေက မေသူ့ငိုသံကြားသည်နှင့် ဘာသာညာ မေးမည်မဟုတ် သူတို့သုံးယောက်လုံး အချခံရမှာ သေချာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မေသူ့ပါးစပ်ကို ပိတ်ရင်း ချော့လိုက်ရသည်။

"ရော့ ရော့ ကောင်မလေး၊ ဒီမာလကာသီးတွေယူ ခဲ့နိုင်ပဲ့ဟာ"

သူ ခူးထားသော မာလကာသီးတွေ မေသူ့လက်ထဲ ရောက် သွားပြီ၊ ဒါတောင် မေသူ အငိုမတိတ်သေး....

ဗလ ရှေ့တိုးလာရင်း....

"တိတ် တိတ် ညီမလေး၊ ရော့ ရော့ ဒါ နင့်အတွက် ငါ ခူးလာတာ"

ဝဏ္ဏကလည်း ပွပွတစ်လုံး ပေးလိုက်မှ မေသူ အငိုတိတ် သွားသည်။

ခုမှပဲ ညီအစ်ကို သုံးယောက်လုံး သက်ပြင်းကို ဟင်းခနဲ ချနိုင်တော့သည်။

သူ့ရ မေသူ့ကိုကြည့်ရင်း ဒေါ်ပွ စိတ်တိုကာ မျက်နှာကြီးက နီရဲနေလေသည်။

တကတည်း ကိုယ်စားချင်၍ အပင်ပန်းခံကာ ခူးထားသော မာလကာသီးအားလုံးက ခုတော့ သူ့ဆီမှာ....

မေသူ သူ့ရကို မျက်စောင်းထိုးကြည့်လိုက်မိသည်။

"ဘာလဲ ထပ်မငိုလို့၊ မကျေနပ်သေးတာလား၊ ငါ ထင်ခိုင်း လိုက်မှာနော်"

"ငါကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူရ ဒေါပွကာ ရှုံးရှုံးရှဲရှဲနှင့် အိမ်ပေါ်တက်သွားလေပြီ။

သည့်တော့မှ မေသူ အားရပါးရ အော်ရယ်ပစ်လိုက်သည်။ ကဲ ဘာတတ်နိုင်သေးလဲ....

တကယ်တော့ မာလကာသီးခေါင်းပေါ်ကျတာ သိပ်မနာပါ၊ တမင်သက်သက် နာဟန်ဆောင်ပြီး တပြုံနှစ်ပြုံငိုပြတော့မှ သူရဆီက မာလကာသီးတွေ ရသည်။ ဒါတင်မကသေး ဗလနဲ့ ဝဏ္ဏဆီကပါ ရလာတော့ မေသူ့လက်ထဲ မာလကာသီးတွေ အများကြီး ဖြစ်နေသည်။

မေသူ သူဝတ်ထားသော ရှပ်အင်္ကျီပွပွကြီး၏ အနားကို လှန်ကာ မာလကာသီးတွေ ထည့်လိုက်သည်။ အားလုံး ခြောက်လုံး တိတိ....

"ဟိ ဟိ"

မေသူ သဘောကျကာ ရယ်လိုက်ပြီး မာလကာသီးတွေ အောက်ခဏချကာ လုံချည်ကို တိုတိုပြန်ဝတ်လိုက်သည်။ နောက် မာလကာသီးတွေယူကာ မာလကာပင်ပေါ် တက်လိုက်သည်။ မာလကာပင်၏ ခွကြားတွင်ထိုင်ကာ အကျစားသည်။

ဖုန်ပေနေသော မာလကာသီးကို ရှပ်အင်္ကျီစနဲ့ သုတ်စား လိုက်နှင့် မေသူအဖြစ်က မျောက်မလေးတစ်ကောင် အလားပါ။ ကုန်တော့လည်း မေသူ အေးအေးမနေ မာလကာပင်ပေါ်မှ တစ်ခြံလုံး ကို လျှောက်ကြည့်နေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာလကာပင်ပေါ်မှ ကြည့်လျှင် တစ်ခြံလုံးကို အပေါ်စီးအနေဖြင့် မြင်ရလေသည်။

မေသူတို့ခြံက လေးထောင့်စပ်စပ်ဖြစ်သည်။ တစ်ဝက်ကို မေသူတို့ အိမ်နဲ့ခြံ ယူထားပြီး ကျန်တစ်ဝက်ကို လမ်းမဘက် မျက်နှာပေးကာ အိမ်ငှားတွေအတွက် အိမ်ဆောက်ပြီး ငှားထားသည်။

အိမ်ငှားသမားများက တရုတ်ကော၊ ကုလားကော၊ မြန်မာပါ လူမျိုးစုံသည်။

မေသူ မာလကာပင်ခွကြားမှထိုင်ကာ မျက်လုံးပြူးလေးနဲ့ တစ်အိမ်စီ လျှောက်ကြည့်နေမိသည်။ နောက်ဖေးတွင် ဘယ်သူမှမရှိပါ။

"ဟော"

မေသူ ကြည့်နေဆဲ တိုရှည်ဆိုင်မှ ကုလားကြီးထွက်လာပါပြီ၊

လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဘာလုပ်မလို့ပါလိမ့်၊ ဪ ပဲကြိတ်မလို့ မနက် တိုရှည်ရောင်းရန်အတွက် ပဲကြိတ်မလို့။

မေသူ မာလကာပင်ပေါ်မှ မာလကာသီးကင်း မာမာလေးတစ်လုံးခူးကာ ကုလားကြီးဆီ လှမ်းပစ်လိုက်သည်။ နောက် မာလကာရွက်ကြားထဲ ကိုယ်ကိုပုကာ ပုန်းနေလိုက်မိသည်။

မာလကာသီးကင်းလေးက ကုလားကြီးခေါင်းပေါ် တည့်တည့်ကျသွားသည်။ ကုလားကြီးခေါင်းကိုပွတ်ကာ ဟိုကြည့်ဒီကြည့်လုပ်နေလေသည်။ နောက် ပဲကို ဆက်ကြိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေသူ မာလကာသီးပေါက်စလေးခူးကာ ထပ်ပစ်လိုက်ပြန်သည်။ ဒေါက်ခနဲအသံနှင့်အတူ ကုလားကြီး တော်တော်အီသွားသည်။ မေသူ မာလကာရွက်တွေကြားမှ ပုန်းကာကြည့်ရင်း တစ်ယောက်တည်း တခွီးခွီးရယ်နေသည်။

ခဏနေတော့ ကုလားကြီးမထိုင်ရဲတော့ပါ။ နေရာမှ တစ်ချိုးတည်း လစ်သွားသည်။ မေသူ အားရပါးရ ရယ်လိုက်သည်။ နောက်လက်တည့်စမ်းရန် ပစ်မှတ်ရှာလိုက်ပြန်သည်။ ကြာကြာမရှာလိုက်ရပါ။ ပြောင်လက်နေသော ဒန်အိုးများ အဆင့်ဆင့်စီတင်ထားသည့် ဦးကြည်တို့ အိမ်နောက်ဖေးကို တွေ့လိုက်ရသည်။

ဦးကြည်က တရုတ်လူမျိုးပါ။ အအေးရောင်းသည်။ လူကလည်း ဖြူဖြူသန့်သန့် သူ့ဆိုင်ကိုလည်း သန့်ပြန့်အောင် ခင်းကျင်းတတ်သည်။ တစ်အိမ်လုံးကိုလည်း ကြမ်းခင်းဖြစ်ပေမဲ့ သန့်ရှင်းနေအောင် ထားတတ်သည်။ ယောက်ျားတန်မဲ့ အိုးတွေပါ ပြောင်လက်နေအောင်တိုက်ကာ အစီအရီထားတတ်သည်။

ကဲ ခုတော့ ဘယ့်နှယ့်ရှိစ....

မေသူ့လက်စာ ထိပြီ....

မေသူ သူ့ခါးကြားတွင် ထိုးထားသော လေးဂွကို ထုတ်ကာ အပေါ်ဆုံးမှ အိုးတည့်တည့်ဆီကို ချိန်ပစ်လိုက်သည်။

ဒေါက်ခနဲအသံနှင့်အတူ ဂလုံဂလွမ်သံများက ဦးကြည်တို့အိမ်နောက်ဖေးတွင် ဆူညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်နောက်ဖေးကို အပြေးရောက်လာကာ မျက်နှာနီနီနှင့် မာလကာပင်ပေါ်ကို မော့ကြည့်နေလေသည်။ နောက် ရှူးပွမ့်နှင့် အိုးကို ပြန်ကောက်တင်သည်။

သူ မဖောင်ရခင် နောက်တစ်လုံး ပစ်လိုက်ပြန်သည်။

"ဒေါက်"

ဦးကြည် လှမ်းကြည့်ပြန်သည်။ သည်တစ်ခါတော့ မေသူ့ကို မြင်သွားတာကြောင့် လက်ညှိုးထိုးကာ ဗျစ်တောက်ဗျစ်တောက် ပြောနေဆဲ မေသူ ဦးကြည်နဖူးတည့်တည့်ကို ထိုးချိန်လိုက်သည်။

"အား"

ပစ်ပင်မပစ်ရသေး တရုတ်ကြီးနဖူးကို အုပ်ကာ အိမ်ရှေ့ကို ပြေးထွက်သွားသည်။

မေသူ အားရပါးရ ရယ်ပစ်လိုက်မိသည်။ ခြံတွင်းကို လက်တည့်စမ်းပြီးနောက် ခြံပြင်ကို လက်တည့်စမ်းရန် မျက်လုံးကို ဝေ့ကြည့်လိုက်သည်။

မေသူတို့ ခြံနောက်ဘက်တွင် မြူနီစပယ်ဝန်းပိုင် တိုက်ကြီး တစ်တိုက်ရှိသည်။

မေသူ အုတ်တိုက်နီနီကြီးဆီ လှမ်းကြည့်ရင်း မျက်ခုံးလေးတွန့် သွားသည်။ နောက် စပ်ဖြဲဖြဲ ပြုံးလိုက်မိသည်။

ဘယ်လိုမှ မထင်မှတ်ဘဲ လူတစ်ယောက်ကို တွေ့လိုက်ရ တော့ မေသူ ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်နားကပ်ကာ စားပွဲတစ်လုံးတွင် စာထိုင်ဖတ်နေ
သော လူကိုကြည့်ရင်း မေသူ ပစ်မှတ်အဖြစ် သတ်မှတ်လိုက်သည်။

နောက် မာလကာသီးကို လောက်စလုံးလုပ်ကာ ရွလေးဂွနှင့်
တစ်ဘက်ခြံကို အရှိန်ပြင်းပြင်း ပစ်ထည့်လိုက်သည်။

ပစ်လွှန်းအားကြီးနေ၍ပဲလား၊ နဂိုကပဲ လက်မှန်းကတည့်နေ
ရော့လား မသိပါ။ မာလကာသီး လောက်စလုံးစာက လူရွယ်ဖတ်နေ
သော စာအုပ်ကို တိုက်ရိုက်ပင် ထိသွားသည်။

ရုတ်တရက်မို့ လွင်မောင်လန့်သွားသည်။

စာအုပ်ကို ကပျာကယာ ကုန်းကောက်ရင်း ဟိုကြည့်ဒီကြည့်
လုပ်နေသည်။

မေသူ မာလကာရွက်တွေဆွဲကာ ကိုယ်ကိုကွယ်ရင်း အားရ
ပါးရ ရယ်နေမိသည်။

ဘာမှမတွေ့ရတော့ လွင်မောင် စာအုပ်ကို ဆက်ဖတ်နေ
သည်။ ဖတ်လို့မှ တစ်ကြောင်းမပြီးသေး စာအုပ်က ပြုတ်ကျသွားပြန်
လေပြီ။

ပြုတ်ကျသွားသော စာအုပ်ကြားမှ မာလကာသီးကင်းလေး
ကိုကြည့်ရင်း လွင်မောင် မျက်မှောင်ကြုတ်နေမိသည်။

နှစ်ခါတိတိဖြစ်ပုံထောက်တော့ မျောက်တစ်ကောင် ရှိနေလေ
ပြီ။

လွင်မောင် နေရာမှထကာ ပြတင်းပေါက်နားကပ်ပြီး တစ်ဘက်ခြံ



www.burmeseclassic.com

www.burmeseclassic.com



ကို ချောင်းကြည့်လိုက်သည်။

ပထမတော့ လှုပ်ရှားမှု မတွေ့ရပါ....

ခဏနေတော့မှ မာလကာကိုင်းကို ခိုကာ လွှားခနဲ လွှားခနဲ ခုန်ဆင်းနေသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ရှပ်အင်္ကျီနှင့်လုံချည်တိုတို ဝတ်ထား၍ ခြေသလုံးများက လှမ်းလိုက်တိုင်း ဝင်းခနဲ ဝင်းခနဲ....

ကျောလည်ခန့်ရှိ မြင်းမြီးသဏ္ဍာန်စုချည်ထားသော ဆံပင်က လေထဲတွင် ဝှေ့ခနဲ ဝှေ့ခနဲ၊ လွင်မောင် မျက်မှောင်ပိုကြုတ်သွားရပါသည်။

မာလကာပင်ပေါ်မှ မျောက်က မျောက်ထီးမဟုတ် မျောက်မလေး၊

အသားဖြူဖြူ ဆံပင်ကို မြင်းမြီးသဏ္ဍာန် စုချည်ထားသော မျောက်မလေးပါ....

လွင်မောင် သူ့ကို ဒုက္ခပေးသည့် မျောက်မလေးကို မှတ်ထားလိုက်သည်။

မေသူကတော့ မသိပါ။ မာလကာပင်ပေါ်မှဆင်းကာ ဟိုဟိုဒီဒီ ဝှေ့ဝဲကြည့်ပြီး အိမ်ပေါ်တက်ဖို့ စိတ်ကူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၆]

ဒါပေမဲ့ အိမ်ပေါ်ကို အရင်ဆုံးတက်ဖြစ်သူက သူရ ဖြစ်ပါသည်။

မာလကာပင်ပေါ်ကို အပင်ပန်းခံကာတက်ပြီး စားမည်ဟန်ပြင်ထားသော မာလကာသီးကို မစားလိုက်တော့ သူရ ဗိုက်က ဟာနေလေသည်။

ဘာစားရမလဲတွေးကာ နောက်ဖေး ထမင်းစားခန်းထဲကို ဝင်လာခဲ့လိုက်ပြီး ကြောင်အိမ်ကို ဖွင့်ကာ မျက်စေ့ကစားလိုက်သည်။

"ဟိုက်ရှားပါး"

သူရမျက်လုံးတွေ အရောင်တဖြည်းဖြည်း လက်သွားသည်။

မထင်မှတ်သောအရာကို မထင်မှတ်သောနေရာတွင် တွေ့လိုက်ရတော့ အံ့လည်းအံ့ဩ ဝမ်းလည်းသာသွားမိသည်။

နောက် ကြောင်အိမ်ထဲကို မယုံသလို ထပ်ကြည့်လိုက်မိသည်။

ကိတ်မုန့်ကြီးပါလား။ ရိုးရိုးကိတ်မုန့် အသစ်စက်စက်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လှီးလက်စ ကိတ်မုန့်ကြီးက ပုရွက်ဆိတ်မတက်ရန် ရေခံထားသော ဒန်ချိုင့်ပေါ်မှ သူ့ရကို မျက်စပစ်ပြနေလေသည်။

သူရ အိမ်ရှေ့ကို နားစွင့်လိုက်သည်။

မည်သူ့ အသံကိုမှ မကြားရပါ။ အဖေနဲ့အမေ ဘာလုပ်နေကြသည် မသိပါ။ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူရ ဓားကိုယူကာ ကိတ်မုန့်တစ်ချပ်ကို ထုထုလေး လှီးလိုက်သည်။ နောက် မသိဟန်ဆောင်ကာ အိမ်ရှေ့ကို ထွက်ခဲ့လိုက်သည်။

သူရ အိမ်ရှေ့ကိုထွက်ပြီး မရှေးမနှောင်း အိမ်ပေါ်တက်လာသူက ဗလပါ။

ဗလက သူရလို မြင့်မြင့်မားမား ကျစ်ကျစ်လစ်လစ်လည်း မဟုတ်၊ ဗလက နာမည်နဲ့လိုက်အောင် ဗလကြီးသည် ကိုယ်ထည်တုတ်ခိုင်သည်။

အသက်(၁၉)နှစ်သာ ရှိသေးသော်လည်း ကိုယ်ထည်ကြီးပြီး တုတ်ခိုင်ကာ မျက်နှာကတည်လွန်းတာကြောင့် မသိသူများက ဗလကို အကြီး၊ သူရကို အငယ်ဟု ထင်ကြလေသည်။

ဗလက အဲဒီလောက်ကို မျက်နှာတည်သည်။ သူ့ကိုယ်လုံး ခပ်ကြီးကြီးနှင့် အစားကလည်း အရမ်းပုတ်သည်။

ထမင်းစားလျှင် နောက်ဆုံးမှပြီးသူက ဗလ၊ ရှိသမျှ ဟင်းကျန်တာကို လက်စသတ်သူက ဗလ....



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ အိမ်မှာ သက်သတ်လွတ်စားကြသည်။ သည်အခါ ဗလအတွက်ချည်း ပဲပင်ပေါက်တစ်ခုလုံ ကြော်ပေးရသည်။

ခုလည်း မေသူ့ကို မာလကာသီး ခွဲပေးလိုက်ရတော့ ဗိုက်ကဟာနေသည်။ တစ်ခုခုစားလျှင်ကောင်းမည် အတွေးနဲ့ ကြောင်အိမ်ရှိရာကို သူ့ပုံစံအတိုင်း ကွတတနှင့် လျှောက်လာခဲ့လိုက်သည်။

ကြောင်အိမ်ဒလက်ကို ဖွင့်ရင်းမှ အိမ်ရှေ့ကို လှည့်ကြည့်လိုက်မိသေးသည်။

အဖေနဲ့အမေ ကွမ်းအစ်ကြီး အလယ်ချကာ စကားပြောနေကြသည်။

ဗလ ကြောင်အိမ်ကို ဆွဲဖွင့်လိုက်သည်။

"အား"

မထင်မှတ်ပဲ ကိတ်မုန့်ကြီးကို တွေ့လိုက်ရတော့ ဗလမျက်လုံးပြူးကာ ရင်တွေလည်း ခုန်လာမိသည်။

သည်အတိုင်း အလုံးလိုက်တွေ့လိုက်ရလျှင် ရင်ခုန်ချင်မှ ရင်ခုန်မည်။ လှီးပြီးသားဆိုတော့ ပိုင်တာပါပဲ....

ဗလ ခြေကိုဖော့ကာ ထရံတွင်ထိုးထားသော ဓားပါးလေးကို လှမ်းယူလိုက်သည်။

လက်နှစ်လုံးစာလောက် ကိတ်မုန့်ကို ထူထူလှီးကာ ဘယ်သူမှမသိခင် အိမ်ရှေ့ကို ထွက်လာခဲ့လိုက်သည်။

သည်တစ်ခါ တက်လာသူက ဝဏ္ဏာပါ။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုအကြီးဆုံး သူရလို မြင့်မြင့်မားမား ကျစ်ကျစ်လစ်လစ် လည်း မဟုတ်။

ဝဏ္ဏာက အသားဖြူကာ ချောသည်။

မိခင်လို မျက်နှာပေါက်နဲ့ နှုတ်ခမ်းအလှကို ပိုင်ဆိုင်ပြီး ဖခင်လို မျက်လုံးတောက်တောက် မျက်ခုံးထူထူမို့ ညီအစ်ကို သုံးယောက်ထဲတွင် ဝဏ္ဏာက အချောဆုံး၊ အစွံဆုံး၊ အပွေဆုံးပါ။

အကြီးဆုံး အပွေဆုံးဟု သတ်မှတ်ထားသည့် သူရပင် ဝဏ္ဏာနှင့်ကျတော့ လက်မြှောက်အရှုံးပေးရလေသည်။

ခုမှ (၁၇)နှစ်သာရှိသေးပေမဲ့ ရည်းစားကို ဆယ့်ခုနှစ်ယောက် မကတော့ပါ....

ဝဏ္ဏာ လေလေးချွန်ကာ အိမ်ပေါ်တက်လာခဲ့လိုက်သည်။

ခါတိုင်း နောက်ဖေးကထမင်းစားပွဲတွင် အဖေကော အမေပါ ထိုင်နေတတ်သည်။ ရေနွေးတစ်အိုးနှင့် စကားပြောနေတတ်သည်။

ခု ဘယ်ရောက်ကုန်ကြပါလိမ့်....

ဝဏ္ဏာအိမ်ရှေ့ကို ကုန်းကြည့်လိုက်မိသည်။ ကွမ်းအစ်ကြီးရှေ့မှာ ကာ အဖေနဲ့အမေ နှစ်ယောက်တည်း စကားပြောနေတာ တွေ့လိုက်ရတာကြောင့် ဝဏ္ဏာ့မျက်နှာ ပြုံးသွားသည်။

သူရနဲ့ ဇလကော ဘယ်ရောက်နေကြပါလိမ့်။

အိမ်ခန်းထဲမဝင်သေးဘဲ ဝဏ္ဏာ နောက်ဖေးတွင် ရပ်နေ သည်။ ခုနကပဲ သူ့ရှေ့က အလျှိုလျှိုတက်သွားကြသည်။

www.burmeseclassic.com



ပျောက်ခြင်းမလှပျောက်ကာ အရိပ်အယောင်ပင် မမြင်ရတော့ပါ။

တစ်ခုခုတော့ တစ်ခုခုပဲတွေးကာ နေရာတွင်ရပ်ရင်း တွေးနေမိသည်။

သို့မေမဲ့ ထိုအတွေးက ခဏပါ....

ကြောင်အိမ်ကိုမြင်တော့ ဝဏ္ဏာ သူတို့ကို ချက်ချင်း မေ့သွားမိသည်။

လူငယ်ဘာဝ လူလစ်သည်နှင့် ကြောင်အိမ်ဖွင့်ကာ ဟင်းခိုးစားချင်စိတ်က ချက်ချင်းပေါ်လာသည်။

အတော်ပဲ သူတို့လစ်တုန်း ကြောင်အိမ်ထဲက ဟင်းတွေခိုးစားမှပဲ....

ဝဏ္ဏာကြောင်အိမ်ရှိရာသို့ ခြေထောက်ရင်း လျှောက်လာခဲ့လိုက်သည်။

"ဟိုက်"

စိတ်ထဲမှာ ထင်ထားသည်က ဟင်းခွက်တွေ၊ ခုတွေ့လိုက်ရသည်က ကိတ်မုန့်ကြီးဆိုတော့ ဝဏ္ဏာ အတော်ကို အံ့ဩသွားမိသည်။ ...မ်းလည်းသာသွားမိသည်။

သူရတို့ ဗလတို့ မရှိတုန်း အသာလှီးစားလိုက်ဦးမယ်....

ဝဏ္ဏာ လှီးထားလက်စ ကိတ်မုန့်တုံးကို အသာဖွကိုင်ကာ ...သူ့အတွက် ကိတ်မုန့်ထူထူလေးတစ်ချပ် လှီးလိုက်ပြန်သည်။

နောက် ဟန်မပျက် အိမ်ရှေ့ကို ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှ အိမ်ပေါ်ကို တက်လာသူက မေသူပါ....

မာလကာသီးတွေ အဝစား၊ မာလကာပင်ပေါ်တက်ကာ လူတကာကို လုပ်ချင်တာလုပ်ပြီးမှ တက်လာခဲ့သူဖြစ်ပါသည်။

မေသူကတော့ သူရလို မြင့်မြင့်မားမား ကျစ်ကျစ်လစ်လစ် မဟုတ်။

ဗလလို တုတ်တုတ်ခိုင်ခိုင် တည်တည်ကြည်ကြည်လိုလည်း မဟုတ်။

ဝဏ္ဏလို ဖြူဖြူချောချောလေးလည်း မဟုတ်။

မေသူက တစ်မျိုးတစ်ဘာသာပင် အသားဝင်းဝင်း၊ အရပ်မြင့်မြင့်နှင့် နှာခေါင်းချွန်ချွန် မျက်နှာပါးပါးလေးဖြစ်သည်။

မိခင်လို မျက်နှာပေါက်နှင့် ဖခင်လို မျက်ခုံးမျက်လုံးကို ပိုင်ဆိုင်ထားပါ၍ မေသူကလည်း ဝဏ္ဏလို ချောသောသူပါ။

ဒါပေမဲ့ ဝဏ္ဏက အရပ်ပြတ်ပြတ်နှင့်ချောသူ၊ မေသူက အရပ်မြင့်မြင့်နှင့်ချောသူ။

မေသူ့မျက်ခုံးက မဲနက်ပြီးအရင်းတုတ်ကာ အဖျားရှူးသွားသည့် ဇင်ယော်တောင် မျက်ခုံးမျိုးဖြစ်ပြီး မျက်ဆံညိုနှင့် မျက်ဝန်းကြီးများက ရွှန်းစိုပိုင်းစက်နေလေသည်။

ဘာမှ ဖြီးလိမ်း ခြယ်သထားခြင်းမရှိသော်လည်း ဆေးလွှမ်းကစားလွန်း၍ နေလောင်ထားသည့် မျက်နှာပြောင်ပြောင်၊ ကိုယ်လုံးသွယ်သွယ်လေးနှင့် ကြည့်လို့ကောင်းနေရသည်ပင်...



www.burmeseclassic.com

www.burmeseclassic.com



ပခုံးသားသာ ကျောလည်လောက်ရှိသည့် ဆံပင်ကို နောက်ဘက်လှန်တင်ကာ ဖဲကြိုးနှင့်ဖြစ်သလို မြင်းမြီးသဏ္ဍာန်လို စုချည်ထားသည့်ကြားမှပင် နဖူးအလယ်တည့်တည့်တွင်ရှိသော ဆံတံခွန်လေးကြောင့် မေသူ့အလှက တစ်ဘာသာ ထူးခြားနေပြန်လေသည်။

နဖူးပြေပြေ၊ နှာရိုးလေး မသိမသာပေါ်နေသော နှာတံချွန်ချွန်လေးနှင့် နှုတ်ခမ်းလှလှလေးကြောင့်လည်း မေသူ့မျက်နှာလေးက စွဲမက်စရာ ကောင်းနေသည်။

သည်လောက် စွဲမက်စရာကောင်းနေသည့် မျက်နှာကိုမှ ထောက် မရွှေမေသူက ဖြစ်သလိုနေသည်၊ ဖြစ်သလိုဝတ်သည်။

မျက်နှာတွင် ဘယ်ခါမှ သနပ်ခါးမတင်သလို၊ ဆယ့်နှစ်ရာသီ ရှပ်အင်္ကျီ ဖရိုဖရဲဝတ်တတ်သည်။ ဝတ်သည့်အင်္ကျီကလည်း ကိုယ့်အတိုင်းနှင့်ကိုယ် ချုပ်ထားသော အင်္ကျီဆို ထားပါတော့၊ ခုတော့ အစ်ကိုတွေ အင်္ကျီကောက်စွပ်ထားတော့ ဖရိုဖရဲဖြစ်ကာ ဖားဖားကြီး ကျနေလေသည်။

ယင်း ရှပ်အင်္ကျီဖားဖားကြီးက တစောင်းရွဲ့ကာ တိုတိုလေး တော်ထားသော လုံချည်ပေါ်တွင် တစ်ဝက်တိတိ အုပ်နေသေးသည်။

အမှတ်တမဲ့ကြည့်လျှင် မေသူ့အသွင်က ကောင်မလေးတစ်ယောက်အသွင်နှင့် မဆင်၊ စာခြောက်ရုပ်လေးတစ်ရုပ်နှင့် ဆင်နေသည်။ ဘာနဲ့ဆင်ဆင် မေသူက ဂရုစိုက်မည်တော့ မဟုတ်ပါ....

မေသူ ဂရုစိုက်တာက စားဖို့ရယ်၊ ဆော့ဖို့ရယ်၊ သူများကို



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးဖို့ရယ် ဒါပဲ မေသူ သိသည်။

ခုလဲ အစ်ကိုတွေ၏ မသဒ္ဒါရေစာ မာလကာသီးတွေ နင်းကန်စားပြီး ပါးစပ်ထဲတွင် ဖန်တွတ်တွတ်နှင့် အနေရခက်နေသည်။

တခြား ဒီပြင် ဘာများစားရလျှင် ကောင်းမလဲအတွေးဖြင့် ကြောင်အိမ်ကို လှမ်းကြည့်လိုက်သည်။

တလက်စတည်း အိမ်ရှေ့ကိုပါ နားစွင့်လိုက်မိသည်။

အိမ်ရှေ့ဧည့်ခန်းဆီမှ အဖေနှင့်အမေ အသံကို ကြားလိုက်ရသည်။

စိတ်ချရပြီဆိုမှ မေသူ ကြောင်အိမ်ရှိရာကို ခြေဖွကာလျှောက်လာခဲ့လိုက်သည်။

ဒလက်ကိုဖွင့်ပြီး ကြောင်အိမ်ထဲမှ ဟင်းခွက်တွေကို မျက်လုံးဝေ့အကြည့်....

"အားပါးပါး"

မထင်မှတ်ဘဲ တွေ့လိုက်ရသော ကိတ်မုန့်ကြီးကြောင့် မေသူ အံ့သြသွားရလေသည်။

ဟိုကြည့်ဒီကြည့် ကြည့်ပြီးမှ ကိတ်မုန့်ကြီးကို ဆတ်ခနဲ ဆွဲယူလိုက်မိသည်။

"ကြည့်စမ်း၊ ဘယ်တုန်းကများ ဝယ်ထားတဲ့ ကိတ်မုန့်ကြီးလဲ၊ ငါတောင် မသိဘူး၊ သူရတို့၊ ဗလတို့၊ ဝဏ္ဏတို့ မရှိတုန်း အသာလိုးစားလိုက်မှပဲ...."



www.burmeseclassic.com

www.burmeseclassic.com



မေသူ ကိတ်မုန့်တစ်ချပ်ကို လိုးကာ ပါးစပ်ထဲ အကုန်ထည့်လိုက်မိသည်။

ချိုမြသော အရသာကြောင့် ပါးစပ်က မတင်းတိမ်ချင်ပါ၊ နောက်တစ်ချပ် လိုးစားဖို့ စိတ်ကူးလိုက်မိပြန်သည်။

ဒါပေမဲ့ လိုးစားတာကိုလည်း သိမှာစိုး၍ ကြောင်အိမ်ရှေ့မှာ အသာစဉ်းစားနေမိသည်။ နောက်မှ....

အိုး....ကိတ်မုန့်ကြီးက လိုးလက်စ ကိတ်မုန့်ကြီးပဲ ငါလိုးစားတာကို ဘယ်သူ သိမှာလိုက်လို့....

မေသူ ခပ်ထူထူတစ်ချပ်ကိုလိုးကာ ပါးစပ်ထဲ သွင်းလိုက်ပြန်သည်။

မဆန့်မပြဲဖြစ်နေသော နှုတ်ခမ်းထဲက ကိတ်မုန့်အတွက် ရေတစ်ခွက် မော့သောက်ပစ်လိုက်သည်။

ပေရေနေသော နှုတ်ခမ်းပါးတွေကို သုတ်ပြီး အိမ်ရှေ့ကို ထွက်လာခဲ့လိုက်သည်။

"ဟဲ့ ကောင်မလေး လာစမ်း၊ နင် ဘယ်တွေ သွားနေတာလဲ"

မေသူ့မိခင် ဒေါ်ဖြိုးဝေက သမီးအငယ်ဆုံး မေသူကို လှမ်းခေါ်လိုက်သည်။ မေသူ မိခင်ခန္ဓာကိုယ်ဝဝကြီးကို မှီထိုင်ရင်း...

"ခြံထဲမှာ ရှိသားပဲ မေမေကလည်း"

"သူရတို့ကော"



www.burmeseclassic.com

www.burmeseclassic.com



မေးသံမှမဆုံးခင် အိမ်ထဲမှ သူရ၊ ဗလ၊ ဝဏ္ဏ အလျှိုလျှို ထွက်လာကြသည်။

ခါတိုင်း မတွေ့လိုက်နှင့် တွေ့လိုက်သည်နှင့် ဆူညံဆူညံ ဖြစ်နေတတ်သော မောင်နှမတစ်သိုက်မှာ ခုတော့ ငြိမ်ချက်သား ကောင်းနေကြသည်။

ဘယ်လိုပဲဖြစ်ဖြစ် သားသမီးအစုံအလင်၏ မျက်နှာကို ကြည့်ရင်း ဒေါ်ဖြိုးဝေရင်မှာ စမ်းရေလိုအေးမြရသည်။

"အတော်ပဲ၊ နင်တို့တွေ ရောက်လာတုန်း နင်တို့အဖေကို ကန်တော့သွားတဲ့ ကိတ်မုန့်ကို အမေဆွမ်းတော်ကပ်ဖို့ နည်းနည်းဖယ် ထားတယ်၊ ကျန်တာ နင်တို့ကို ကျွေးရမယ်"

ဒေါ်ဖြိုးဝေ ကိုယ်ခန္ဓာကိုယ်ဝဝကြီးကိုသယ်ကာ နောက်ဖေး ကို လျှောက်သွားသည်။

မေသူ မသိမသာပြုံးကာ သူ့အဖေရှိရာကို အကြည့်၊ ဆေးတံကြီးခဲကာ သူမတို့ရှိရာ ခပ်တည်တည်ကြီး စိုက်ကြည့်နေသော ဖခင်ဖြစ်သူ၏မျက်ဝန်းကြောင့် မေသူ မျက်လွှာ ကပျာကယာချကာ အောက်ငုံ့လိုက်သည်။

ဦးမောင်အေး စိတ်ထဲတွင် သူ့သားသမီးတွေကို ကြည့်ရင်း ဒီကောင်တွေ ဒီနေ့တယ်ငြိမ်ပါလားဟု တွေးနေမိလေသည်။

ခါတိုင်းများ ဘယ်နေရာတွင် စီခနဲ အသံကြားရမလဲ၊ ဘယ်နေရာကို လိုက်လံဖြေရှင်းပေးရမလဲ စောင့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်လိုမှ စီခနဲအသံ မကြားရပြန်လျှင်လည်း မောင်နှမ တစ်သိုက် ရန်ဖြစ်၍ ထိုးသတ်နေသည်ကို ဖြေရှင်းပေးရတတ်သည်။

ဒါတောင် ဖခင်ကို ကြောက်လွန်းသော သားသမီးများမို့ပါ။ မကြောက်များမကြောက်ရင်ဖြင့် ဘယ်လောက်ဆိုးလိုက်ကြမလဲ။

ဦးမောင်အေး ဆေးတံကို အားရပါးရ ရှိုက်ဖွာလိုက်သည်။

ထိုအခိုက်....

"ကိုအေး ကိုအေး"

ဒေါ်ဖြိုးဝေ ဧည့်ခန်းတွင်းကို အပြေးအလွှား ရောက်လာသည်။

ဦးမောင်အေး ဆေးတံကိုချွတ်ရင်း....

"ဘာတုန်းကွ အလန့်တကြား"

"ဒီမှာ ကြည့်ပါဦး၊ မနက်ကပဲ ဆွမ်းတော်ကပ်ဖို့ နည်းနည်း ဖယ်ထားတဲ့ ကိတ်မုန့်ကြီး အခု သေးသေးလေးပဲ ကျန်တော့တယ်"

ဦးမောင်အေး ဒေါ်ဖြိုးဝေလက်ထဲတွင် ကိုင်ထားသော ကိတ်မုန့်တုံးကို လှမ်းကြည့်ပြီး....

"မင်း လှီးတုန်းက ဘယ်လောက်လှီးလဲ"

"ဩော် ဆွမ်းတော်ကပ်ဖို့ လက်နှစ်လုံးလောက် လှီးတာ"

"ဒါဖြင့် ဘယ်လောက်ကုန်လဲ"

ဦးမောင်အေး တစ်ထွာနီးပါးမှ လက်နှစ်လုံးလောက်သာ ကျန်တော့သည့်ကိတ်မုန့်ကို မျက်မှောင်ကြုတ်ပြီး ကြည့်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



သူ့သားသမီးတွေဘက် လှည့်လိုက်သည်။

"ဟင် ဒီကောင်တွေ ဘယ်ရောက်ကုန်လဲ"

ခုနက အစုလိုက် အပြုံလိုက် ထိုင်နေသော သူရတို့၊ ဗလတို့ နေရာတွင် ရှင်းနေသည်။

ဒါဖြင့် မေသူကော....

ဦးမောင်အေး မေသူထိုင်နေရာကို လှမ်းကြည့်လိုက်သည်။ မေသူပါ နေရာတွင် မရှိတော့....

အားလုံး မာလကာပင်ကြီးအောက်ကို ရောက်နေကြသည်။

သူရ၊ ဗလ၊ ဝဏ္ဏမျက်နှာတွေက မှုန်ကုတ်နေသလောက် မေသူမျက်နှာလေးက ပြုံးစေ့စေ့ ဖြစ်နေသည်။

သူရ မေသူ့ရဲ့မျက်နှာ ပြုံးစေ့စေ့ကိုကြည့်ရင်း မျက်မှောင်ကြုတ်ကာ စဉ်းစားနေမိလေသည်။

ငါလိုးတုန်းက အများကြီးကျန်ပါသေးတယ်။

သူရနှယ် ဗလနဲ့ဝဏ္ဏလည်း ဒီ့အတိုင်းတွေးနေသည်။

မေသူ မျက်မှောင်ကုစ်ကာ ရပ်နေသော သူတို့သုံးယောက် မျက်နှာကို မထီတထီလေး လှမ်းကြည့်ကာ ခါးလေးထောက်ရင်း....

"ဟွန်း ကျွန်တော် သိပါတယ်နော်၊ ကိတ်မုန့်ခိုးစားတာ ခင်ဗျားတို့ မဟုတ်လား"

"နင်ကရော"

သူရ မေသူ့မျက်နှာကို စိုက်ကြည့်နေသည်။ မေသူ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးတွန့်ကာ ပြုံးရှင်း သူရကို ပြန်ပြောလိုက်သည်။

"ကျွန်တော်က ခုပဲ အိမ်ပေါ်တက်လာတာ"

"နိုးစားချင်ရင် ကျွန်မတော့်ထက်အရင် အိမ်ပေါ်တက်လာတဲ့ ခင်ဗျားတို့ နိုးစားမှာပေါ့၊ မဟုတ်ဘူးလား"

သူရ ငြိမ်နေမိသည်။ ခဏနေမှ နောက်ဘက်လှည့်ကာ မေးလိုက်သည်။

"မင်းကော စားသေးလား"

"ကျွန်တော်စားတုန်းက အများကြီးကျန်သေးတယ်"

"ဒါဖြင့် ဝဏ္ဏကော"

သူရ ဝဏ္ဏဘက်ကို လှည့်ကြည့်လိုက်သည်။

ဝဏ္ဏ သူ့မျက်ခုံးထူထူကို အတွန့်ချိုးလိုက်သည်။ နောက် မေသူ့ကို စူးစူးလေးကြည့်နေရင်းမှ....

"ကျွန်တော်စားတုန်းက အများကြီးကျန်သေးတဲ့ဥစ္စာ ကောင်မလေး မှန်မှန်ပြောစမ်း...."

"နင် စားသေးတယ် မဟုတ်လား"

မေသူ မလုံမလဲဖြစ်နေသော သူမ၏မျက်လုံးများကို ဝဏ္ဏဆီမှ လွှဲဖယ်လိုက်မိသည်။

နောက် ကက်ကက်လန် ရန်ပြန်ထောင်လိုက်မိသည်။

"အောင်မယ် လူကိုများ သူတို့လို အငတ်မှတ်နေပုံလား၊ ကျွန်တော့်ဘာသာ မာလကာပင်ပေါ်တက်ဆော့ပြီး ခုမှတက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



စွပ်စွပ်စွဲစွဲ ငါ အဖေနဲ့ သွားတိုင်မယ်"

မေသူ အိမ်ပေါ်တက်ရန် ပြင်လိုက်သည်။

သုံးယောက်လုံး မျက်လုံးပြူးသွားကြကာ မေသူ့လက်ကို အတင်းလှမ်းဆွဲလိုက်ကြသည်။

"ကောင်မလေး နင် မတိုင်ပါနဲ့ဟာ၊ နင်မစားရင် ပြီးရော ပေါ့၊ တော်ကြာ ငါတို့စားတာတွေပါ သိသွားရင် အရိုက်ခံ ထိနေ ပါမယ်"

ပြောသာပြောရသည်။ သုံးယောက်လုံး ကျေကိုမကျေနပ်။ မကျေနပ်ဆုံးက ဝဏ္ဏာ။

သူ လိုးစားတုန်းက ကိတ်မုန့်ကာ တစ်ထွာနီးပါး ကျန်သည်။ အခု မေသူ မစားဘူးဆိုတော့ ကျန်တဲ့ ကိတ်မုန့်တွေ ဘယ်ရောက်ကုန်လဲ....

ဝဏ္ဏာ မေသူ့ကို မှုန်ကုပ်ကုပ်ဖြင့် လှမ်းကြည့်လိုက်သည်။ ဝဏ္ဏာကြည့်လာတော့ မေသူ မြေကြီးပေါ်ကို ရုတ်တရက် ထိုင်ချလိုက် ကာ တပြုံနှစ်ပြုံနှင့် ကုန်းအော်ပါတော့သည်။

"အမေရေ ဟောဒီမှာ သူတို့ဘာသာ ကိတ်မုန့်တွေ ခိုးစားပြီး ကျွန်တော့်ကို"

"ကောင်မလေး၊ ကောင်မလေး"

သုံးယောက်လုံး ပြာလောင်ခတ်သွားကာ ကုန်းအော်နေတဲ့ မေသူ့ပါးစပ်ကို အတင်းချုပ်ကာ ပိတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါတို့ ဘာပြောလို့လဲ"

"ဝဏ္ဏ ကျွန်တော့်ကို သူခိုးလို ဘာလို့ကြည့်နေတာလဲ"

"နင် ခိုးလို့ နာတာလား"

"မခိုးလည်း နာတာပေါ့၊ အဒ်မေရေ"

မေသူ တပြုံးစိပြုံးအော်ပြုံးပြီးမှ သူ့ရဲ့ ဝဏ္ဏဘက် လှည့်လိုက်သည်။

"ဝဏ္ဏ သွားစမ်း၊ မင်း ဝေးဝေးသွားနေစမ်း၊ မင်းလုပ်တာနဲ့ ငါတို့ပါ အချခံရတော့မယ်"

ဝဏ္ဏ မေသူ့ကို မျက်စောင်းထိုးကာ ပေကပ်ကပ်နှင့် ထွက်သွားသည်။ ပါးစပ်မှလည်း မကျေမနပ် ပြောသွားသေးသည်။

"အေးပါ နင် လုပ်ထားဦးပေါ့၊ ကောင်မလေးရာ"

"အဒ်မေရေ"

ဝဏ္ဏ စကားမှ မဆုံးလိုက်ရ၊ မေသူရဲ့ ရူးရူးရှရှအော်သံကြောင့် သူ့ရဲ့ ဝဏ္ဏကို အတင်းတွန်းလွှတ်လိုက်ရသည်။ နှုတ်မှလည်း....

"သွားပါကွာ၊ သွားပါ၊ ငါ တောင်းပန်ပါတယ်"

သူ့ရဲ့ ဝဏ္ဏကို ပြောလည်းပြော သူကော ဗလပါ ဝဏ္ဏနှင့် ရောကာ ခြံပြင်ကိုထွက်သွားမှ မေသူ အားရပါးရ ရယ်မိပါတော့သည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၇]

မနေ့ကအဆက်ကို သည်နေ့ခွဲရန် အားခဲထားသည်မို့ မနက်က ကြို့တင်ပြင်ဆင်ကာ ရှပ်အင်္ကျီအိတ်ထဲမှ မုန့်လေးထောင့်စပ်စပ်ကို ထည့်ထားပါသည်။

အခုတော့ နေကလည်း မာလကာပင်ဆီကို စူးစူးရှရှ ရောက်လာပြီမို့ လုပ်ငန်းစရတော့မည်။ ပထမဆုံးက ကိုဘွန်ကိုတို့ တရုတ်အိမ်....

အိမ်ရှေ့ လက်ဖက်ရည်ဆိုင်ဖွင့်ထားတာမို့ နောက်ဖေးတွင် လူသူရှင်းနေလေသည်။

ကိုဘွန်ကိုအမေ တစ်ယောက်တည်း ဟင်းချက်နေသည်။

ခဏကြာတော့ ဟင်းအိုးကျက်ပြီး ယင်းဟင်းအိုးကို ကြောင်အိမ်ထဲထည့်ရန် ပြင်နေလေသည်။

မေသူ မုန့်ကိုချိန်ကာ အဘွားကြီးမျက်လုံးတည့်တည့်ကို ထိုးထည့်လိုက်သည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်မို့ အဖွားကြီးမျက်စေ့ကျိန်းကာ မျက်လုံးကို စုံမှိတ်ရင်း ဟင်းအိုးကို လွှတ်ချပစ်လိုက်သည်။

"ခွမ်း"

ချက်ထားသော ဟင်းတွေ ကြမ်းပြင်ပေါ်သို့ လွင့်စင်ကုန်ပြီ။

အဖွားကြီး လွင့်စင်ကုန်သည့် ဟင်းတွေကို ကြည့်ကာ ဟိုကြည့်ဒီကြည့် လုပ်နေသည်။

သည်အဖြစ်ကိုကြည့်ကာ မေသူ အားရပါးရ ရယ်ပစ်လိုက်မိသည်။

နောက် ဦးဟူစိန်တို့အိမ်ဘက်ကို ခေါင်းငဲ့ကြည့် လိုက်မိပြန်သည်။

အခုပဲ ဆယ့်နှစ်နာရီကျော်နေပြီ ဦးဟူစိန်တစ်ယောက် ခုထိ အိပ်ယာမှ မထသေး....

မေသူ မာလကာပင်ပေါ်မှ မြင်နေရသော ဦးဟူစိန်ကို ကြည့်ရင်း မှန်ကို ဦးဟူစိန် မျက်စေ့တည့်တည့် ထိုးထည့်လိုက်သည်။

"ဟော့ ကောင်မလေး"

သူ့ အော်သံမဆုံးခင် မေသူ သူ့မျက်စေ့တည့်တည့် ချိန်ထားလိုက်သည်။

ဦးဟူစိန် ဆက်အော်ချိန် မရတော့သလို ဆက်ဒေါသဖြစ်ချိန်လည်း မရ။ မျက်စိကို လက်ဖြင့်ကာကာ အိမ်အောက်ကို တချိုးတည်း လစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေသူ အားရပါးရ ရယ်ပစ်လိုက်မိသည်။ သူတစ်ပါးကို ဒုက္ခပေးရတာ ပျော်စရာကောင်းလိုက်တာ....

နောက် မှန်ချပ်ကို အင်္ကျီအိတ်ထဲထည့်ကာ မာလကာပင်ပေါ်မှ ဆင်းရန် ဟန်ပြင်လိုက်မိသည်။

ဆင်းခါနီး ခြံနောက်ဘက်က အိမ်နှင့်လူကို သတိရကာ တစ်ခါပြန်တက်လာရင်း မာလကာပင်ရွက်ကြားမှ နောက်ဖေးဘက်ကို လှမ်းကြည့်လိုက်မိပါသည်။

အခန့်သင့်ပင် မနေ့ကလူကို စာဖတ်လျက်သား တွေ့လိုက်ရတော့ မေသူ့မျက်နှာလေးပြုံးကာ မျက်လုံးလေးတွေ အရောင်လက်လာသည်။

နောက် ပါးစပ်မှလည်း ပွစိပွစိ ရေရွတ်လိုက်မိသေးသည်။

"ဟွန်း ဒီလို လူတစ်ယောက်ကျန်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ မေသူ့ရာဇဝင်မှာ တစ်ယောက်မကျန် ဒုက္ခပေးဖူးတာပဲရှိတာ တစ်ယောက်အကျန်ဆိုတာ ရှိမှမရှိခဲ့တာ"

မေသူ မှန်ကိုထုတ်ကာ နေရောင်ခံရင်း တစ်ဘက်ခြံရှိလူ၏ မျက်စိတည့်တည့်ကို ထိုးချိန်လိုက်သည်။

"အား"

ရုတ်တရက်မို့ လွင်မောင် မျက်လုံးတွေပြာဝေ သွားရသောအခါသဖြစ်သွားမိသည်။

နောက်မှ မနေ့က သူ့ကို မာလကာသီးနှင့်ပစ်သော



www.burmeseclassic.com

www.burmeseclassic.com



မာလကာပင်ပေါ်မှ မျောက်မလေးကို သတိရမိတော့သည်။

သည်နေ့လည်းတစ်ခါ မုန်နှင့်ထိုးပြန်လေပြီ။

လွင်မောင် ပြတင်းဝတွင်ရပ်ကာ တစ်ဘက်ခြံကို လှမ်းကြည့်လိုက်မိသည်။

သည်တော့မှ ပိုဆိုးသည်။

အဆက်မပြတ်ထိုးနေသော မုန့်ချပ်ကြောင့် လွင်မောင် တပ်ခေါက် အရှုံးပေးကာ ကိုယ်ကို ပုန်းခိုနေလိုက်ရသည်။

မေသူ လူရိပ်လူယောင် မမြင်ရတော့မှ သဘောကျသလို ရယ်ကာ မာလကာပင်ပေါ်မှ မျောက်တစ်ကောင်လို ကျင်လည်စွာ ဆင်းလာခဲ့လိုက်သည်။

လွင်မောင် ကိုယ်ကိုကွယ်ကာ သည်ဘက်ခြံကို ဆက်ကြည့်နေမိသည်။

မေသူ မာလကာပင်ပေါ်မှဆင်းပြီး ခြံပြင်ကိုထွက်ဖို့ စီစဉ်နေလေသည်။ ခြံပေါက်က နောက်ဖေးဘက်မှမို့ သည်ဘက်ခြံက လှုပ်ရှားသမျှကို လွင်မောင် အထင်းသား မြင်နေရသည်။

လွင်မောင် မေသူ့ကို မျက်ခြည်မပြတ်ကြည့်ကာ နောက်မှ မသိမသာ လိုက်လာလိုက်သည်။

မေသူ ခြံအပြင်ဘက်ကိုထွက်ကာ လမ်းထိပ်ဘက်ကို လျှောက်လာသည်။

သည်နေရာက စည်ကားသောနေရာဖြစ်သလို မေသူတို့



www.burmeseclassic.com

www.burmeseclassic.com



ငှားထားသော အိမ်ငှားတွေကလည်း ဈေးသည်တွေသာ များသည်။

အအေးဆိုင်၊ လက်ဘက်ရည်ဆိုင်၊ တို့ရှည်ဆိုင်၊ ဒိန်ချဉ်ဆိုင် စသည်ဖြင့် စားစရာဆိုင်တွေလည်း ပေါများလှသည်။

မေသူ ဘာလီပုံးလေးနှင့် ဗယာကြော်ရောင်းသော မန်းနီး အနား ထိုင်ချလိုက်သည်။

"မန်းနီး"

"ဟာရေး ကန်မလေး"

"ရောင်းကောင်းလား"

"ဒီလိုပါပဲ"

ကုလားက မေသူ့ကို မျက်ခြည်မပြတ်ကြည့်ရင်း ဖြေသည်။

ဒီကောင်မလေး သိပ်ယုံရတာမဟုတ်။ လူလစ်သည်နှင့် ဗယာကြော် နှိုက်စားတတ်သည်။

မန်းနီးမှာ သူတို့အိမ်ငှားနေရတာနှင့် မကာမိ၊ အဖေ့လည်း ကြောက်ရ၊ သမီးလည်း ကြောက်ရ၊ သူ့အစ်ကိုတွေလည်း ကြောက်ရ နှင့် ခုလည်း မေသူ့ကိုတွေ့လိုက်သည်နှင့် ဂြိုဟ်ဆိုးဝင်သည်တွေးကာ ဘုရားတနေမိသည်။

"ညာမနေပါနဲ့၊ နင့်အိမ်မှာ ချွေဂေါ်ပြားတွေ ဝယ်ထားတာ ငါ တွေ့သားပဲ"

ကုလားကို မြှောက်ပြောတော့ သွားဖြီးသွားသည်။

"ကန်မလေးကလည်း ဟယ် အလကား၊ ငါတို့ဗယာကြော်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းတယ်နော်၊ သိပ်ဆင်းရဲတယ်၊ ဘယ်လိုလုပ် ဝယ်နိုင်မလဲ"

"မန်းနီးနော် နင်သိပ်ညာတယ်၊ ဗယာကြော် ကုလားတွေနော် သိပ်သူဌေးဖြစ်တယ်၊ ဟိုမှာကြည့်စမ်း တိုက်တွေ"

မန်းနီး မေသူ့လက်ညှိုးထိုးပြရာ လက်တွေကို လှမ်းကြည့်လိုက်သည်။

မေသူ မန်းနီး၏ဗယာကြော် ခြင်းလေးထဲမှ ဗယာကြော် လက်တစ်ဆုပ် နှိုက်ယူလိုက်သည်။

"နင်လဲ အဲဒီလို တိုက်မျိုးဆောက်မယ် မဟုတ်လား"

"ဟဲ ဟဲ ဟဲ"

မန်းနီး သဘောကျသွားသည်။

"ကဲ ငါသွားမယ်"

မေသူ ထွက်သွားသည်။

ဒီကောင်မလေး ဒီတစ်ခါ တယ်သဘောကောင်းပါလား တွေးကာ မန်းနီး ဗယာကြော်တွေ လှမ်းကြည့်လိုက်သည်။

"အားရိုးရိုး"

မနည်းပါလား၊ ဗယာကြော်တွေ အတော်ချည်းကို လျော့နေသည်။

မန်းနီး မေသူနောက်ကို ပြေးလိုက်ရင်း ခေါ်လိုက်သည်။

"ကန်မလေး ကန်မလေး"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေသူ ခပ်တည်တည်ဖြင့် မန်းနီးကို လှည့်ကြည့်သည်။

"ငါ ရှိုးပါတယ် ကန်မလေးရယ်၊ ဗယာကြော်တွေ ပြန်ပေးပါနော်"

"ဘယ်မှာရှိလို့လဲ"

မေသူ လက်တွေခါကာ တစ်ကိုယ်လုံးကိုလည်း ပုတ်ပြသည်။

မန်းနီး အံ့သြရသည်။

မေသူ မန်းနီးကို မျက်မှောင်ကုပ်ကြည့်ရင်း ရန်ထောင်လိုက်မိသည်။

"မန်းနီးနော် ငါ နင့်ကို အမေနဲ့တိုင်ပြောမယ်၊ ငါ့ကို သူခိုးလို့ စွပ်စွဲတယ်လို့"

မန်းနီး မျက်နှာပျက်သွားသည်။

"အောင်မလေး ကန်မလေး မတိုင်ပါနဲ့နော်၊ ငါတောင်းပန်ပါတယ်"

"တောင်းပန်တာ လက်နဲ့ တောင်းပန်လို့ရမလား၊ ဗယာကြော်ပေး"

မန်းနီး ဗယာကြော် ပြေးယူပေးရသည်။

ပေးဆို၍သာ ပေးရသည်၊ စိတ်ထဲမှာတော့ အောင့်သက်သက်ပါ။

ဒီနေရာက စီးပွားရှာကောင်းတာကြောင့် အိမ်ရှင်ဇိုလည်း ကြောက်ရ၊ သူ့သားသမီးကိုလည်း အောက်ကျို့ရနှင့် မန်းနီး သက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်မိသည်။

လွင်မောင်လည်း မန်းနီးနှင့်ရောကာ သက်ပြင်းချပြီး ခေါင်းခါလိုက်မိပါသည်။

နောက် အနားက လက်ဖက်ရည်ဆိုင်ထဲ ဝင်လာခဲ့လိုက်သည်။

မေသူကတော့ အဝစားထားသည့် သူမဗိုက်ကိုမှ အားမနာ၊ တိုရှည်ဆိုင်ထဲကို ဝင်ပြန်သည်။

သည်ဆိုင်က ကုလယ်ဆိုင်ဖြစ်ကာ ပူရီ တိုရှည်အဖြစ်ဟင်းတွေပါ ရောင်းလေသည်။

"ဒီမှာ အမား"

တိုရှည်ရောင်းသော ကုလားမကြီးက မေသူ့ကို လှမ်းကြည့်သည်။

"အဖေက ကုလယ်ဟင်း စားချင်လို့တဲ့"

"ဘာ ဟင်းချက်လဲ"

"ကဏန်းဟင်း"

မေသူ မျက်နှာကို မော့ရင်း....

"အဖေ့အတွက် ထည့်ပေးလိုက်ပါ"

ကုလားမကြီးက ထည့်ပေးရှာသည်။

သူတထူး၏ကျေးဇူးကို ကြံဖန်သိသည်။ မေသူ ပန်းကန်ကိုကိုင်ကာ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထောင့်တွင် ထိုင်နေသော လွင်မောင်ကို မမြင်ပါ။

ဟင်းပန်းကန်ကို စားပွဲတစ်လုံးပေါ်တွင်ချကာ နံပြားရိုက်သော ကုလားနားကို သွားပြန်ပြီ။

"မေသူ ဘာလဲ"

ဆိုင်ပိုင်ရှင် ကိုဘွန်ကိုက လှမ်းမေးတာ ဖြစ်သည်။

"ကျွန်တော့်ကို နံပြားအဆစ်တစ်ချပ်လောက် ရိုက်ပေးစမ်းပါ။ ဟင်းနဲ့တို့စားချင်လို့ပါ"

မရိုက်ပေးပြန်လျှင်လည်း အခက်၊ ရိုက်ပေးပြန်လည်း သူ့အဆစ်က ဆယ်ချပ်လောက်ဆိုတော့....

"နင် ထမင်းစားပြီးပြီလား"

"ဒီကပြန်ရင် စားမှာ"

"ဒါဖြင့် စွပ်ပရား အဆစ်တစ်ချပ်လောက် ရိုက်ပေးလိုက်ပါ"

မေသူ့လက်ထဲ နံပြားပေါက်စလေး တစ်ချပ် ပါလာသည်။

လွင်မောင် ပခုံးတွန့်လိုက်မိသည်။ နောက် ကဏန်းဟင်းနှင့် နံပြားကို အကျစားနေသော မေသူ့ကို စိုက်ကြည့်နေမိသည်။

မေသူကတော့ လုံးဝ မသိလေပါ။

ထူပသော ရုပ်ရည်လေးကိုမှ အားမနာ၊ ပါးစပ်ကို တပြုံနှစ်ပြုံ နံပြားကို မဆန့်မပြဲ စားနေလေသည်။

ပြီးတော့ ကဏန်းအသားကို နွှင်ကာ ပါးစပ်ထဲ ထည့်သည်။ ပေနေသောလက်ကို လုံချည်နှင့် သုတ်ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ကြည့်ရင်း လွင်မောင် နှာခေါင်းရှုံ့လိုက်မိသည်။ နောက် မေသူ့နားက ခုံကို ပြောင်းထိုင်လိုက်သည်။

"ဒီမှာ"

မေသူ လွင်မောင်ကို မျက်လုံးလှန်ကြည့်သည်။

မျက်လုံးကြီးများက အရောင်တဖျတ်ဖျတ် လက်ဖြာနေသည်။ သည်မျက်ဝန်းကြီးများကို ငေးကြည့်ရင်း လွင်မောင် ရင်မှာ မှင်တက်သလို ဖြစ်သွားလေသည်။ နောက်မှ စိတ်ကိုတင်းရင်း သူမလေးကို မေးလိုက်သည်။

"မင်းလား ငါ့ကို မာလကာသီးနဲ့ ပစ်တာ"

"ဟင် ဟုတ်ပါဘူး"

မေသူ ခေါင်းလေးစောင်းကာ လွင်မောင်ကို ငေးကြည့်နေ လေသည်။

နောက်မှ တိုက်နီနီကြီးဆီမှ လူမှန်းသိကာ နေရာမှ မသိ မသာ ထလိုက်သည်။

လွင်မောင်ကလည်း သူ့ထက်ပါးသည်။ မေသူ့လက်ကို ဖျတ်ခနဲ လှမ်းဆွဲလိုက်သည်။

"နေပါဦး၊ ဘယ်လစ်ပြေးမလို့လဲ၊ ဒီမှာ ပြန်ထိုင်"

မေသူက မကျေမနပ်နှင့် ပြန်ထိုင်လိုက်ရသည်။ လွင်မောင် မေသူ့မျက်နှာကို စေ့စေ့ကြည့်ကာ ပြုံးလိုက်သည်။ နှုတ်မှလည်း...

"မာလကာပင်ပေါ်က မျောက်မကလည်း လှသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ"

မေသူ နေရာမှ ဆောင့်ထလိုက်သည်။

မေသူ့ပုံစံကိုကြည့်ကာ လွင်မောင် ရယ်လိုက်မိသည်။

"ဟင် မျောက်မ မဟုတ်ဘူးလား"

မေသူ ခါးကိုထောက်ကာ နှုတ်ခမ်းကိုစေ့ရင်း ရန်ထောင်လိုက်သည်။

"လူဗျ လူ၊ ဒီမှာကြည့်  အမွေးမရှိဘူး၊ အမြီးမရှိဘူး"

မေသူ သူ့လက်ကိုပြလိုက်၊ တင်ပါးလေးကို ပစ်ကာပြလိုက်နှင့် လွင်မောင့်ကို စိမ်းစိမ်းကြည့်နေသည်။

မေသူ ဒေါသထွက်နေသော ပုံစံကိုကြည့်ကာ လွင်မောင် အားရပါးရ ရယ်လိုက်မိသည်။

"အေး အမွေးသာမရှိတယ်၊ အမြီးသာမရှိတယ်၊ မင်းက မျောက်ထက်ဆိုးတယ်၊ မျောက်သာဆို မာလကာသီးနဲ့တင်ပစ်မှာ၊ မင်းက မှန်နဲ့ပါထိုးတယ်"

"ဟာ ဒါဆို မနက်က အမေ့ကို မှန်နဲ့ထိုးတာ နင်လား၊ ဟင်းအိုးတွေ မှောက်ကျအောင်လုပ်တာ နင်လား"

မေသူ ကိုဘွန်ကို့ကို ကြည့်ရင်း မျက်လုံးပြူးသွားသည်။

ဒါကြောင့် ထိုင်နေရာမှ ကပျာကယာထရင်း ကိုဘွန်ကို့ကို လှမ်းပြောလိုက်မိသည်။

"အဲဒါ ကျွန်တော် မဟုတ်ဘူး၊ ဝဏ္ဏာ....ဝဏ္ဏာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဝဏ္ဏလဲ၊ နှင်ပဲဖြစ်မှာပဲ၊ ဝဏ္ဏက ဒါမျိုးလုပ်မှာ မဟုတ်ဘူး။ နှင့်ကို နှင့်အဖေနဲ့ တိုင်မယ်"

ကိုဘွန်ကို မေသူ့အနားကို ရောက်လာသည်။

မေသူ ရုတ်တရက် နေရာမှရွှေ့လိုက်သည်။

လွင်မောင် မေသူကို လှမ်းဆွဲလိုက်သေးပေမဲ့ မျောက်မလေး တစ်ကောင်အလား လျင်မြန်လွန်းသည့် မေသူ့ကို မမိလေပါ။

မေသူ ဆိုင်ထဲမှ ထွက်ပြေးလာရင်း လွင်မောင်ကို လျှာထုတ်ပြသည်။ မျက်လုံးပြူးပြသည်။

နောက် မျိုးစုံလုပ်ပြကာ ပြေးထွက်သွားသည်။

လွင်မောင် ခေါင်းညိတ်ကာ ပြုံးလိုက်မိပါသည်။

အေးလေ မင်းလေး ခုတော့ လွတ်အောင် ပြေးဦးပေါ့။

တစ်နေ့တော့ မင်း ငါ့လက်က လွတ်မှာ မဟုတ်ဘူး။ ပြေးလို့ လွတ်မှာ မဟုတ်ဘူး....

လွင်မောင် နှုတ်ခမ်းကို စေ့ကာ ပြုံးလိုက်မိပါသည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၈]

မေသူ နှုတ်ခမ်းကိုစေ့ကာ တစ်ယောက်ထဲ ပြုံးလိုက်မိပါသည်၊

တော်ပါသေးရဲ့ အပြေးမြန်ပေလို့....

နို့မို့ဆို ကိုဘွန်ကိုကလည်း မလွယ်၊ နောက်ဘက်ခြံက လူကလည်း မလွယ်....

မေသူ လွင်မောင်၏တည်ကြည်သော မျက်နှာချောချောကို မြင်ယောင်ရင်း ပခုံးတွန့်လိုက်မိသည်။

နောက် ထမင်းစားပွဲတွင် အကျအနထိုင်နေသော အစ်ကို တွေ၏မျက်နှာကို မသိမသာ လှမ်းကြည့်လိုက်မိသည်။

အမယ် အားလုံး ပြုံးရွှင်လို့ပါလား....

အကြီးဆုံး သူရမှအစ၊ အငယ်ဆုံး ကိုဝဏ္ဏအထိ မျက်နှာကို ချိုနေသည်။

ဘာဖြစ်လို့ပါလိမ့်....

မေသူ ဟင်းခွက်ကို လှမ်းကြည့်လိုက်သည်။

"အိုး ဟိုး ဒါကြောင့်ကိုး၊ သင့်အင်အားကို ကြီးပွားစေတာ



www.burmeseclassic.com

www.burmeseclassic.com



ဟော....ဟောလစ်ကြောင့်ကိုး၊ ဟုတ်ပါဘူး ယောင်လို့ ငါးပြေမ အချဉ်ဟင်းကြောင့်ကိုး''

ငါးပြေမ ချဉ်ရည်ဟင်း....

သည်ဟင်းက မေသူတို့မောင်နှမတစ်တွေ သိပ်ကြိုက်သည့် ဟင်း....

ဒါကြောင့် အားလုံး ပြုံးချိုနေကြခြင်း ဖြစ်ပါသည်။

တစ်ကောင်လျှင် တစ်ဆယ်သားကျော်ကျော်ခန့် ရှိသော ငါးပြေမဆူဆူကြီးများကို ဆူးတောင် အသေအချာခုတ်၊ အူ အသည်း နုတ်ကာ ဓားနှင့်မွှန်းပြီး နှစ်ပိုင်း ပိုင်းသည်။

ပြီးတော့ ဆား နနွင်းဝင်အောင်နယ်ပြီး ခရမ်းချဉ်သီးနှင့်ရော ကာ အချဉ်ချက်ထားသည်။

ချဉ်ပါနီးလျှင် ရေတ်သီးစိမ်းကို ပိုင်းထည့်ကာ နံနံပင်အုပ်သည်။

သည်ဟင်းကိုချက်လျှင် သူတို့မောင်နှမတစ်သိုက် အကုန် ကြိုက်သည်။

ဆူဖြိုးလှသော ငါးပြေမ ဝမ်းဗိုက်မှ ဥဖြူဖြူများကို ဟင်းပေါ် မှာ ပေါလောပေါ်နေတတ်သည်။

သည်ဥများကို အလုအယက် ခပ်စားရသည်မှာ အရသာ....

သည်နေ့လည်း သူတို့အကြိုက် ငါးပြေမဟင်းဆိုကတည်းက သူတို့ သဘောကျနေကြသည်။

ဆူ၍ဖြိုးသော ငါးပြေမအသားဟင်းက ချိုသောအရသာ....



www.burmeseclassic.com

www.burmeseclassic.com



ဥဒေါင်းတို့ စိမ့်သော အရသာနှင့် ချဥ်ဟင်း၏ အချဉ်ပြေပြေ လျှာကို ခွဲစေသော အရသာများပေါင်းကာ သူရတို့တစ်သိုက် တစ်ဇလုံပြီး တစ်ဇလုံ ထမင်းခူးနေရသည်။

ခူးရစမ်းပါစေလေ ဒေါ်ဖြိုးဝေ ပျော်သည်။

သည်သားသမီးတွေ ခုလို စားနိုင်သောက်နိုင် ပျော်ပျော်ပါးပါး နေနိုင်လျှင် သူ ဘယ်လောက်ပင်ပန်းပါစေ ချက်ပေးချင်သည်။

မိဘ၏ ကြီးမားသော မေတ္တာစေတနာတွေပါ။

အချမ်းသာကြီး မဟုတ်သော်လည်း ခုလောက် စားသောက် နေရသည်ကပင် ဒေါ်ဖြိုးဝေ ရင်မှာချမ်းမြေ့ရသည်။

ခုလည်း သားသမီးတွေ စားလို့ကောင်းနေတာကို ကြည့်ကာ ဒေါ်ဖြိုးဝေ ပြောင်းဖူးဖက်ဆေးလိပ်ကြီးသောက်လျက်မှ ကြည့်ကာ ရင်မှာ ကြည်နူးနေသည်။

သားအကြီး သူရကိုလည်း ဟင်းထည့်ပေးသည်။

သည်အကောင်က ဒေါ်သကြီးတုတ်ကာကလွဲလျှင် စိတ်ကောင်းရှိ သည်။

ဒါပေမဲ့ စာကောင်းကောင်းမသင်တော့ ဆယ်တန်းနှင့် အလုပ်လုပ်နေရပြီ။

ဟိုတလောက မိန်းကလေးတစ်ယောက် ခိုးလာသည်။ တစ်လပြည့်အောင်ပင် မပေါင်းလိုက်ရ ကွဲသွားကြသည်။ တော်ပါသေး သည်။ ကလေးတွေ ဘာတွေ မရလိုက်လို့။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကလည်း ခပ်ပေါ့ပေါ့ထဲကဆိုတော့ ထွာဘီက
ဟိုနား ကွင်းလိုက်၊ သည်နား ကွင်းလိုက်၊ ကြာတော့ သားဖြစ်သူက
သည်းမခံနိုင်၍ ရန်ဖြစ်ကာ ကွဲကြတော့သည်။

ခုတော့ တစ်လအတောအတွင်း လူပျိုမှ တစ်ခုလပ် ဖြစ်သွား
ခဲ့သည်။

ဘာပဲဖြစ်ဖြစ် သားသည် သားပဲ မဟုတ်လား....

ရင်မှဖြစ်သော သားမို့ ဒေါ်ဖြိုးဝေ သားကို ချစ်သည်ပင်

ဒေါ်ဖြိုးဝေ သားအလတ် ဗလကို လှမ်းကြည့်မိပြန်သည်။

ဝရသည့်ကြားထဲ ထမင်းတွေနင်းကန်စားတော့ ချွေးပြန်နေ
သော မျက်နှာပြဲပြဲကြီးက မှိုပြုသယောင်ယောင်ပါ....

သည်ကြားထဲ လုံချည်ကို ဖြည်ချထားတော့ ဗိုက်က ပိုစူနေ
သည်။

ဒေါ်ဖြိုးဝေ ပြုံးလိုက်မိသည်။

ဒီကောင်ကတော့ ဆယ်တန်းပင်မရောက်၊ ခုနစ်တန်းနဲ့ပင်
ကျောင်းထွက်ကာ ဟိုယောင်ယောင် သည်ယောင်ယောင်နှင့် ဘာမှ
လည်းမဖြစ်....

သူ့ကို မေးကြည့်လျှင် သူဌေးသမီးနဲ့ရမှ ယူမယ်ပြောသော
သည်။

ခုလောလောဆယ်တော့ သူ့ပုံကြည့်ရ၍ မိခင်ဒေါ်ဖြိုးဝေ
ပင် စိတ်ကုန်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရိုးသားကာ အေးဆေးသူမို့ တစ်မျိုးချစ်ရသည်ပင်....

ဒေါ်ဖြိုးဝေ ဗလပန်းကန်ထဲ ငါးပြေမကြီးတစ်ဖတ် ထည့်ပေးလိုက်သည်။

နောက် သားအငယ်ဆုံး ဝဏ္ဏဘက် လှည့်လိုက်[illegible]သည်။

ချွေးစို့ကာ ဖြူဝင်းသောနဖူးထက်မှ ဆံပင်နက်နက်လေးများက ဝဲကာကျနေသလို မျက်ခုံးထူထူက ထင်းနေသည်။

ယောကျ်ားတန်မဲ့ မျက်တောင်ထူကာ ကော့သေးသည်။ နှာခေါင်းချွန်ချွန်နှင့် နှုတ်ခမ်းက ပုံကျကာ ချောလှသည်။

အမေနဲ့ အဖေဆီမှ အလှတွေချည်းပဲစုကာ ရထားသူမို့ ဝဏ္ဏက ချောသည်။

စာကလည်း အစ်ကိုတွေထက်စာလျှင် သူကမဆိုး အာအိုင်တီတက်နေသည်။

အဲ ဒါပေမဲ့ ဆိုးတာလေးတစ်ခုက ပွေချင်တာခက်သည်။

မိန်းကလေး ထည်လဲတွဲချင်တာ ခက်သည်။

တစ်လောက မိန်းကလေးတစ်ယောက်ကို သဲသဲမဲမဲ လိုက်နေသည်ကြားရတော့ တော်သေးသည် အောက်မေ့မိသည်။

ဘာပဲပြောပြော သားသုံးယောက်က . သုံးယောက်ဆိုသလောက် တူတာတစ်ခု ရှိနေလေသည်။

အဲဒါက ခဏခဏ ရန်ဖြစ်ကြသည်။ ခဏခဏ ချ[illegible]ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ကြတိုင်း သူတို့ကပဲ လက်သံပြောင်ပြောင်နဲ့ ချလာကြ တာဆိုတော့ မိခင်တစ်ယောက်အနေနဲ့ ရင်ထဲက ကြိတ်ဝမ်းသာရ သည်သာ ဖြစ်သည်။

မသကာ ကိုယ့်သားသမီးတွေ ခံလာခဲ့ရင် တစ်မျိုးပေါ့။

ဒါပေမဲ့ မိခင်တိုင်း၏ဆန္ဒက ကိုယ့်သားသမီးကိုယ် အနိုင်ရ စေချင်သည်မှာ ဓမ္မတာမဟုတ်ပါလား....

ဒေါ်ဖြိုးဝေ သက်ပြင်းချကာ သမီးအငယ်ဆုံးလေး မေသူ့ ဘက်ကို လှည့်လိုက်သည်။

မွေးစက သမီးမိန်းကလေးရယ်လို့ ဒေါ်ဖြိုးဝေ ဝမ်းသာခဲ့မိ သည်။

သူ အဖော်ရတော့မည်ဟုလည်း တွေးပျော်ခဲ့မိသည်။

ဒါပေမဲ့ အရွယ်ရောက်လာတော့ ဝမ်းသာခြင်းက ဘယ်ဆီကို ပြေးလွင့်သည်ပင် မသိတော့ပါ။

မိမေသူတစ်ယောက် ယောက်ျားလေးလို ကျင့်တော့သည်။

စကားပြောတာကအစ သွားတာလာတာ နေတာထိုင်တာ အဆုံး လွှားကနဲ လုစ်ကနဲ ဒေါ်ဖြိုးဝေ သက်ပြင်းချမိပါသည်။

ဒါပေမဲ့ သူ့အဖေကတော့ သူ့သမီး ခုလို နေတာထိုင်တာ သွားတာလာတာကို သဘောကျလေသည်။

ယောက်ျားဆန်တော့ ရည်းစားလည်းမထား အလှလည်း မပြင်၊ သည်တော့ ပူပင်ရနည်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မသက ာ မိန်းကလေးဆန်ကာ အလှပြင်ပါပြီတဲ့ အလှကြိုက်တဲ့သူက မမြင်နေမလား၊ မကြိုက်ဘဲ နေမလား....

သည်တော့ မရွှေမေသူက ပြန်ကြိုက်မိမည်။

ဒေါ်ဖြိုးဝေ မျက်နှာပါးလေးနှင့်ချောသော မေသူ့ကို လှမ်းကြည့်ကာ သူ့အဖေချစ်မည်ဆိုလည်း သမီးလေးက ချစ်လောက်ပါပေရဲ့ တွေးကာ ပြုံးနေမိလေသည်။

ဦးမောင်အေးကတော့ ထုံးစံအတိုင်း မျက်နှာခပ်တည်တည်ကြီးဖြင့် သူ့သားတွေ သမီးတွေကို ငေးကြည့်နေမိလေသည်။

အရင်ဆုံး ထမင်းဝိုင်းမှ ထသူက မေသူပါ။

သူ့ပန်းကန် သူ့မကာ ရေစင်ရှိရာ ထွက်လာခဲ့လိုက်သည်။

ဆေးနေကြ အင်တုံထဲကို ပန်းကန်အထည့်....

"မြတ်စွာဘုရား"

မေသူ အလန့်တကြား ရေရွတ်လိုက်ရင်း နောက်ဘက်သို့ အသာ လှည့်ကြည့်လိုက်မိသည်။

အားလုံး ကိုယ့်ထမင်းကိုယ် ငုံ့စားနေကြလေသည်။

မေသူ့အဖြစ်ကို တစ်ယောက်မှ မသိပါ။

မေသူ ကွဲသွားသော အင်တုံလေးကို ပြန်စေ့ကာ ဟန်မပျက်ပန်းကန်ဆေးပြီး ပန်းကန်စင်တွင်တင်ကာ ခြံထဲကို အမြန်ပြေးထွက်သွားလိုက်သည်။

မေသူပြီးနောက် ဒုတိယပြီးသူက ဝဏ္ဏာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ပါးကန်ကိုယ် ဆေးနေကျဆိုတော့ ခါတိုင်းလို အင်တုံ
ထဲကို ပန်းကန် ပစ်ထည့်လိုက်သည်။

"ဟာ"

ထည့်ပြီးမှ ဝဏ္ဏာ မျက်လုံးပြူးသွားသည်။

နှစ်ခြမ်းကွဲသွားသော အင်တုံကိုကြည့်ရင်း ချွေးပြန်လာသည်

ခုနကအကောင်း ခုမှ နှစ်ခြမ်းကွဲသွားသည်ဆိုတော့....

နောက်ဘက်ကို လှည့်မကြည့်ပါဘဲ ဝဏ္ဏာပန်းကန်ကိုဖယ်ကာ
အင်တုံကို အသာလေး ပြန်ဆက်လိုက်သည်။

ခါတိုင်းဆို ထမင်းစားပြီး သူ ခြံထဲ မဆင်းသေးပါ။

အိမ်ပေါ်မှာ ထိုင်ဦးမည်၊ လေပန်းဦးမည်။

ခုတော့ အင်တုံကွဲသည့် ပြဿနာက သူ့ဆီကို မြားဦးလှည့်
လာနိုင်သည်မို့ ဝဏ္ဏာ မာလကာပင်အောက် ဝင်ထိုင်လိုက်မိပါတော့
သည်။

ဝဏ္ဏာပြီးမှ ထသူက သူရပါ။

ဘာမပြောညာမပြော သူရ ပန်းကန်ကို အင်တုံထဲ ပစ်ထည့်
လိုက်သည်။

နဂိုကမှကွဲနေ၍ အသာလေးဆက်ထားသည့် အင်တုံ သူ
ပန်းကန်ပစ်ထည့်လိုက်တော့ နှစ်ခြမ်းဟပြဲသွားသည်။

သူရ မျက်လုံးပြူးသွားသည်။

နဂိုကမှ အဖေက ဒေါသကြီးရတဲ့ထဲ သူရကြော



www.burmeseclassic.com

www.burmeseclassic.com



အင်တုံကွဲရသည်ဆိုလျှင် သူ့ရ စဉ်းစားရင်း ခေါင်းခါလိုက်မိသည်။

ဘေးဘက်က အင်တုံကို အသာပြန်ဇွေပြီးနောက် ပန်းကန်ကို ပန်းကန်စင်တွင် ဟန်မပျက်ထားကာ အိမ်အောက်ကို ဆင်းလာခဲ့လိုက်သည်။

နောက်ဆုံးမှ ထမင်းစားလို့ပြီးသူက ထုံးစံအတိုင်း ဗလပါ။

ဝက်လည်းဝ အစားကလည်းကြီးတော့ သူများတွေပြီးပေမဲ့ သူ မထဘဲ ပန်းကန်လက်ကျန်ကို စောင့်နေတတ်သည်။

ရှိသမျှပန်းကန်များမှ ဟင်းကျန်များကို အရည်ဆိုသောက်၊ အဖတ်ဆို စား၊ အသားဆို ဝါးနှင့် ပန်းကန်အားလုံး သူ့ဆီရောက်နေသည်။

ဗလ၏အကျင့်ကိုသိသော ဒေါ်ဖြိုးဝေက သူ့သားအလတ်ကို ဘေးမှ ကြည့်နေသည်။

ဗလ ဆေးစရာပန်းကန်တွေကိုယူကာ အဘော်အတန်လေး နေသည့် သူ့ဗိုက်ကို မရင်း၊ ရေစင်ရှိရာကို လျှောက်လာခဲ့လိုက်သည်။

ပန်းကန်ဆေးခါနီး မဆေးသေးဘဲ အင်တုံထဲထည့်ကာ ပန်းကန်တွင် ကပ်နေသော ဟင်းကျန်ကို လက်ညှိုးနှင့်သပ်ကာ လျက်နေပါသေးသည်။

ပန်းကန်တွင်ပြောင်မှ ဆေးရန် အင်တုံထဲကို ရေအထည့်....

"မြတ်စွာဘုရား၊ ဗုဒ္ဓေါ"

ဗလ မျက်လုံးပြူးသွားသည်။

ခုနကအကောင်း ခု သူ့ပန်းကန်ထည့်မှ ကွဲဘာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



စားခဲ့သမျှ အရသာတို့ပင် ပျက်ပြယ်ကုန်သည်။

ဗလ ချွေးပြန်လာသည်။

နဂိုကမှ ဗလ အေးအေးနေတတ်သူ။

ခုပြဿနာနှင့် ရင်ဆိုင်တွေ့ပြီဆိုတော့ ဖွင့်ပြောရကောင်းနိုးသည်အတိုင်း နေရကောင်းနိုးဖြင့်တွေးကာ ဗလ စိတ်စောနေသည်။

ဖွင့်ပြောလိုက်ရင်လည်း တွေးရုံနှင့်ပင် ဗလ ပခုံးတွန့်လိုက်သည်။

တလက်စတည်း ဖခင်မျက်နှာထန်ထန်ကြီးကိုလည်း မြင်ယောင်လာ မိလေသည်။

စိတ်မထင်လျှင် မထင်သလို အနားတွင်ရှိသော လုံနှင့်ပစ်တတ်အောင် ဒေါသကြီးလှသော ဖခင်က သူ့ရှေ့တွင်ရှိသောကွမ်းအစ်ကြီးနှင့် ပစ်လိုက်ပါက သူရ၊ ဝဏ္ဏနှင့် မေသူတို့က လွတ်အောင်ရှောင်နိုင်မည် ဖြစ်သည်။

သူတို့က ကျင့်သားရနေကြသည်။

ခဏခဏ အပစ်ခံရသူများမို့ ကျွမ်းထိုးရော၊ မြေလှိမ့်ပါသူတို့က ကျွမ်းနေကြသည်။

သူကတော့ ထမင်းတွေ နင်းကန်စားထားသော သူ့ဗိုက်ကြီးကို ငုံ့ကြည့်ရင်း ဗလ ခေါင်းခါလိုက်မိသည်။

သည်တော့ ဖွင့်မပြောဘဲ သည်အတိုင်း ပြန်ရှောင်းခဲ့ရန်ဆုံးဖြတ်လိုက်မိသည်။

ဒါကြောင့် အင်တုံကို ပြန်စေ့ကာ ပန်းကန်တွေ အမြန်



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိုက်သည်။

အမေ သူလာဆေးမည် ပြောတာကိုပင် ဗလ ခွင့်မပြုပါ။

"နေပါစေ အမေ၊ ကျွန်တော်ပဲ ဆေးလိုက်ပါ့မယ်"

ဗလ ပန်းကန်တွေယူကာ ပန်းကန်စင်ပေါ်တင်ပြီးသည်နှင့် ခြံထဲကို တစ်ချိုးတည်း ပြေးဆင်းလာခဲ့မိသည်။

ဒေါ်ဖြိုးဝေမှာသာ စားပြီးသည့်ခုံတွေသိမ်း စားပွဲခုံကို ရေပတ်တိုက်ရန် အင်တုံထဲက ဖော့တုံးကို အနှိုက်....

"အလို"

ဒေါ်ဖြိုးဝေ မျက်လုံးပြူးသွားသည်။

သူ လက်နှင့်ထိရုံပင်ရှိသေး အင်တုံက နှစ်ခြမ်းကွဲသွားပါပြီ....

ဒေါ်ဖြိုးဝေ အလန့်တကြား ခင်ပွန်းသည်ကို လှမ်းကြည့်လိုက်မိသည်။

ပါးစပ်မှလည်း တအံ့တဩ အော်လိုက်သည်။

"အင်တုံကြီးကွဲနေပါလား ကိုအေး"

ဦးမောင်အေး ဒေါ်ဖြိုးဝေပြရာ အင်တုံကွဲကြီးကို လှမ်းကြည့်သည်။

နောက်တစ်ယောက်ချင်းထကာ ပန်းကန်ဆေးသွားသည့် သူ့သားသမီးတွေကို မြင်ယောင်လာသည်။

နောက် သူ့အသံသြသြကြီးနှင့် ခြံထဲကို လှမ်းအော်လိုက်ပါတော့သည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၉]

"သူရ၊ ဗလ၊ ဝဏ္ဏ၊ မေသူ"

"လာပြီ"

အသံနှင့် တပြိုင်တည်း လေးယောက်လုံး ထမင်းစားခန်းထဲ ရောက်လာကြသည်။

ဖခင်ရှေ့တွင် ကိုယ်ကိုမတ်ကာ သတိအနေအထားဖြင့် ချပ်ရင်း ဖခင်မျက်နှာကို လှမ်းကြည့်လိုက်သည်။

ဒေါ်ပွကာ နီရဲနေသော မျက်နှာကိုကြည့်ရင်း တစ်ခုခုတော့ တစ်ခုခုပဲဟု အတတ်တွေးမိကြသည်။

ဦးမောင်အေး သူ့ရှေ့တွင်ချထားသော မင်ပုလင်းကို ကိုင် လိုက်သည်။

နောက် သားအကြီးဆုံး သူရကို လှမ်းကြည့်လိုက်သည်။

"သူရ"

"ပြောပါ အဖေ"

"ဒီမင်ပုလင်းထဲကို ရေတွေထည့်လား"



www.burmeseclassic.com

www.burmeseclassic.com



"မထည့်ဘူး အဖေ"

ဦးမောင်အေး သားအလတ် ဗလကို လှမ်းကြည့်လိုက်သည်။

"မင်းကော"

"ကျွန်တော်လည်း မလုပ်ဘူး"

"စဏ္ဍာ"

"ကျွန်တော်လည်း မကိုင်ဘူး"

"မေသူ"

မေသူ မျက်လုံးလေး ပေကလပ်ပေကလပ်လုပ်ရင်း....

"ဟိုတစ်နေ့က ကိုသူရ ကိုင်တာတွေ့တယ် အဖေ"

ဦးမောင်အေး မျက်လုံးများက သူရဆီ ရောက်လာသည်။

"ဟုတ်လား သူရ"

သူရ မေသူကို မျက်စောင်းခဲလိုက်မိသည်။

စိတ်ထဲမှာလည်း မေသူကို 'ကုန်းမလေး'ဟု တီးတိုးပြောမိသည်။

"မေးတာ ဖြေလေ သူရ"

"ကျွန်တော် ဟိုနေ့က မင်းကုန်လို့ ယူထည့်တယ်"

"ကျွန်တော်ယူပြီး ဗလ ထည့်တယ်"

ဦးမောင်အေး ဗလဘက်သို့ ဝေ့ကြည့်လိုက်ပြန်သည်။

"ကျွန်တော် ကျွန်တော်ယူပြီးတော့ ဝဏ္ဏလည်း ယူသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏာ ဖခင်ကို လှမ်းကြည့်သည်။ နောက် မေသူ့ကို ခပ်တည်တည်ဖြင့် လှမ်းကြည့်ရင်း....

"ကျွန်တော်က ရိုးရိုးမင်ထည့်တာ အဖေ၊ အဖေ့သမီးက မှောက်ချတာ"

"ဟုတ်လား မေသူ"

မေသူက နှုတ်ခမ်းလေးစူကာ ငြိမ်နေသည်။ နောက်မှ လေသံမာမာလေးနှင့်....

"ဟုတ်တယ်၊ မေသူ့လက်နဲ့ တိုက်မိပြီးမှောက်သွားတာ၊ နည်းနည်းပဲကျန်တာနဲ့ ဒီပြင် မင်ပုလင်းအကောင်းထဲက အကျန်ကို ယူပြီး ထည့်ထားလိုက်တာ"

အဖြေက ရှင်းနေပြီ....

မင်ခြင်းမတူ၍ ယခုရေးမည်ကြံတော့ မင်ကရေဖြစ်နေသည်။ ရေး၍ မရတော့ပါ။

ဦးမောင်အေး ဒေါပွလာသည်။

မနက်ဖြန်ဆိုလျှင်ပဲ အိမ်လခတွေ တောင်းရတော့မည်။ ဘယ်လို ဖြတ်ပိုင်းပေးမလဲ....

မိဘက စည်းကမ်းကြီးသလောက် သားသမီးတွေက 'ကချလာ'တွေ....

တစ်ယောက်မှ စည်းကမ်းမရှိ၊ ကိတ်မုန့်တုန်းကလည်း သည်အတိုင်း၊ အင်တုံတုန်းကလည်း သည်အတိုင်း...



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ လက်သည် အပြုံလိုက်မိပြီမို့ ဒေါ်သကြီးစွာ အော်ပစ်လိုက်သည်။

"သွားကြစမ်း၊ သွားကြစမ်း၊ ငါ့ရှေ့မှာ တစ်ယောက်မှ မနေနဲ့၊ တစ်နေ့တစ်နေ့ ဆော့နေကြတာပဲ၊ ဒါကြောင့် ငါကျောင်းပိတ်မှာ ကြောက်တာ၊ သွား တူ တစ်ယောက်တလက်စီယူခဲ့၊ ဖူးနဲ့ထည့်ထားတဲ့ သံကောက်တွေ ခြံထဲမှာ သွားဖြောင့် မပြီးမချင်း ထမင်းမစားနဲ့"

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၀]

"ဒေါင်–ဒင်–ဒေါင်–ဒင်"

တူထုသံက တခြံလုံး ပျံ့လွင့်၍နေသည်။

ဝဏ္ဏ သံချေးတက်ကာ ကောက်ကွေးနေသော သံတွေကို ဖြောင့်ရင်း မေသူ့ကို မျက်စောင်းခဲလိုက်သည်။

"ကောင်းတယ်၊ နင် ရှည်လို့ မဆော့ဘဲ တူထုနေရတာ"

"ထု ဘရုပေါ့၊ ဘာဖြစ်လဲ"

ဝဏ္ဏ ဒေါပွကာ မျက်နှာကြီးနီလာသည်။

"ငါကွာ"

မေသူ့ကို ပြုံးကြည့်ကာ ဒေါသနှင့်သံကို အဖြောင့်....

"အား"

တူက သံကိုကိုင်ထားသည့် လက်မကို ထုမိသွားသည်။

ဝဏ္ဏ၏ နာနာကျင်ကျင်အော်သံနှင့်အတူ မျက်နှာက ရှုံ့မဲ့သွားသည်။

"ကောင်းတယ်၊ သူများကိုပြောလို့ ခံရတာ၊ နည်းတောင်



www.burmeseclassic.com

www.burmeseclassic.com



နည်းသေးတယ်"

"မေသူနော်၊ ကောင်းကောင်းနေလို့ ငါပြောနေတယ် မဟုတ်လား"

မေသူ၊ ဝဏ္ဏ မျက်နှာကိုကြည့်ကာ စပ်ဖြဲဖြဲလေး ရယ်၍ ေ်သည်။

"မေသူနော် တော်ဆိုတော်"

"မတော်နိုင်ဘူး၊ အိမ်က အလုပ်များလုပ်ရရင် မျက်နှာက အီးမှုန်ထားတဲ့မျက်နှာလိုပဲ၊ အိအိလွင်တို့အိမ်ရှေ့ နေပူထဲမှာ ဆေးရိုး များ လှမ်းပေးရင် မျက်နှာက ပြုံးလို့ ရွှင်လို့၊ ဟွန်း မသိဘူးများ မှတ်နေလား"

"မေသူ"

ဝဏ္ဏ ကုန်းအော်လေသည်။

မေသူ စပ်ဖြဲဖြဲလေး ရယ်ရင်း....

"ဘာလဲ ဘာလဲ ဘာပြောမလို့လဲ၊ ပြောလေ ပြောလေ...."

အနာက နာရသည့်အထဲ မေသူက မခန့်လေးစား ပြောနေ တော့ ဝဏ္ဏ ဒေါသမှန်သမျှ မေသူ့ဆီမှာ ဦးလှည့်လာသည်။

"မေသူနော် ကောင်းကောင်းနေလို့ ငါပြောနေတယ်"

"ကောင်းကောင်းနေတာပဲ၊ ကိုဝဏ္ဏလို မိန်းမတစ်ယောက် ရဖို့ နေပူထဲ ကျောပြောင်ကြီးနဲ့ ဆေးရိုးလှန်းနေတာမှ မဟုတ်တာ"

ဝဏ္ဏ အနာပေါ်ဒုတ်ကျသွားသလို မျက်နှာကြီး နီရဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မေသူ ပြောနေတာလည်း ဟုတ်သည်။

ဝဏ္ဏာ၏ချစ်သူ အိအိလွင်၏မိဘတွေက ဆေးလိပ်လုပ်သည်။

သည်တော့ ဝဏ္ဏာလည်း ဝိုင်းဝန်း လုပ်ပေးမိသည်။

တစ်နေ့ အိမ်ရှေ့နေပူထဲ ဦးထုပ်ဆောင်းကာ ဆေးရိုးလှမ်း နေတုန်း မေသူ မြင်သွားသည်။

အိမ်မှာ ဘာမှမလုပ်ဘဲ ဘော်ကြော့နေပြီး၊ အိအိလွင်တို့ အိမ်မှာ ဆေးရိုးလှမ်းသည့်အလုပ်,လုပ်နေသော ဝဏ္ဏာကို အိမ်မှာ မြန်တိုင်သည်။ ဝဏ္ဏာ အချခံရသည်။

ဒါတင်မပြီးသေး ခုတစ်ခါ အစဖော်လာပြန်ပြီဆိုတော့ ဝဏ္ဏာ ဒေါသကို မသိမ်းနိုင်တော့ပါ၊ အနားရှိတုတ်ကို လှမ်းဆွဲလိုက်သည်။

မေသူကလည်း မခေပါ။

ဝဏ္ဏာ တုတ်ကိုဆွဲပြီးသည်နှင့် မေသူကလည်း ရပ်ပြီးသား၊ တုတ်ကို ဆွဲပြီးသား...

ဝဏ္ဏာနဲ့မေသူ အထက်အောက်မို့ ရန်ဖြစ်နေကြ ချနေကြ....

သည်တော့ သူ လုပ်သည်နှင့် ကိုယ်လုပ်ပြီးသား....

"ဝဏ္ဏာ တော်ကွာ အဖေလာလိမ့်မယ်"

သူရက အကြီးပီပီ လှမ်းဆွဲသေးသည်။ ဒါပေမဲ့ ဒေါသထွက် နေသော ဝဏ္ဏာကိုဆွဲမရ....

"မတော်ဘူး ကိုသူရ၊ ဒီကောင်မလေးကို ကျွန်တော် လုပ်ချင်နေတာကြာပြီ အကြီးမှန်းမသိ၊ အငယ်မှန်းမသိ သိပ်ရှုပ်ပါးဝတယ်"

www.burmeseclassic.com



"အောင်မယ် လုပ်ရဲလာလုပ်ကြည့်ပါလား"

မေသူကလည်းမခံ ဗလ ဆွဲထားသည့်ကြားမှ ကုန်းအော်သည်။

ဗလ လက်မှရုန်းကာ ဝဏ္ဏနားကပ်လာသည်။ဝဏ္ဏက ခပ်စိမ်းစိမ်း စိုက်ကြည့်နေသည်။

သူက မေသူထက်ကြီးတယ်ဆိုပြီး ဗိုလ်ကျချင်သည်။

မေသူ့ကို အငယ်ဆိုပြီး ဟောက်ချင်သည်။

ဟွန်း ဘာ်ယ်ရမလဲ၊ အကြီးဆိုတာ အငယ်ကို ညှာမှ မဟုတ်ဘူးလား....

ခုတော့ မယားထိ ဓားကြည့်တဲ့။

မိန်းမတောင် မတော်ရသေးဘူး၊ သူ့ကောင်မ အကြောင်း ပြောမိတာနဲ့ ညီမကို ရန်သူဖြစ်ချင်နေပြီ။

မေသူ တုတ်ကို တင်းတင်းဆုပ်ကာ ခြေထောက်ကို ကားပြီး ရပ်နေလိုက်သည်။

သိုင်း၊ ဂျူဒို၊ ကရာတေး သိပ်မတတ်ပေမဲ့ ဒီလောက်တော့ မေသူတို့က အပျော့....

အစ်ကိုတွေနဲ့ ရန်ဖြစ်နေကြ၊ ချနေကြမို့ မေသူ ဘာမှ မကြောက်....

ဝဏ္ဏကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

မေသူ့ပုံစံကိုကြည့်ကာ ဝဏ္ဏ မချုပ်တည်းနိုင်တော့....



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ဗျာ ကိုသူရ၊ ဒီကောင်မလေးကို ကျွန်တော် ချမယ်"

သူရ တားနေသည့်ကြားမှ ဝဏ္ဏအောင်ဖားရှန်းကာ မေသူနှင့် တုတ်ခြင်း ရိုက်နေကြသည်။

ဝဏ္ဏ တလှည့်ရိုက်လိုက်၊ မေသူက ဆီးခံလိုက်နှင့် နှစ်ယောက်သား သူတစ်ပြန် ကိုယ်တစ်ပြန် ချနေကြသည်။

နေကပူပူ ချွေးကစိုစိုနှင့် နှစ်ယောက်လုံး မျက်နှာနီရဲကာ ချွေးတွေပြန်နေသည်။

ငယ်စဉ်က အစ်ကိုတွေကြားထဲ ကြီးပြင်းကာ ဆော့ကစားလာခဲ့သူမို့သာ မေသူ ဝဏ္ဏ တုတ်ချက်မမိခြင်းပါ။

နို့မို့ဆို လက်သံကပြောင်သော ဝဏ္ဏ၏တုတ်ချက်အောက်မှာ မေသူ ရှုံးပြီးသား၊ ဝဏ္ဏကို အညှံ့ခံရပြီးသား....

ခုတော့ ဝဏ္ဏကလည်း အညှံ့မခံ၊ မေသူကလည်း အရှုံးမပေးဆိုတော့ ပွဲက ကြည့်လို့ကောင်းနေသည်။

မေသူတို့ ခြံဝင်းထဲမှာ အိမ်ငှားသမားများကော၊ အခြားအိမ်များမှလူများပါ ဝိုင်းကြည့်နေကြလေသည်။

သူတို့အနေနဲ့ ဝင်ပြီး ဖျန်ဖြေပေးချင်ကြသော်လည်း လက်သံပြောင်သော သူတို့မောင်နှမတစ်သိုက်ကို လန့်သည်။

ပြီးတော့ သူတို့ဖခင်ကြီး ဦးမောင်အေးကိုလည်း ကြောက်ကြလေသည်။

စိတ်မထင်လျှင်မထင်သလို ပြောတတ်ဆိုတတ်သော လူကြီးမို့



www.burmeseclassic.com

www.burmeseclassic.com



လန့်ကြသည်။

သည်လို ကြည့်နေကြသူတွေထဲ မေသူတို့ နောက်ဖေးတိုက်မှ ဝန်ပိုင်ကြီးသမီး ရွှေဘီလည်းပါသည်။

ရွှေဘီ၏သူငယ်ချင်း ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ရထားပြီးသော လွင်မောင်လည်းပါသည်။

လွင်မောင် ရွှေဘီတို့တိုက်ကြီး ပြတင်းပေါက်မှ လှမ်းမြင်နေရသော မေသူနဲ့ ဝဏ္ဏာတို့၏တိုက်ပွဲကို ကြည့်ကာ ပြုံးနေမိသည်။

ရွှေဘီက အားရပါးရ ရယ်နေသည်။

"ယူ့ ကြည့်ရတာ ထူးဆန်းနေသလား"

လွင်မောင် ဘာမှမပြောဘဲ မေသူ့ကို ကြည့်နေမိသည်။

တတ်လည်းတတ်နိုင်တဲ့ သူပင်....

ကိုယ့်ကိုယ်ကို မိန်းကလေးဆိုတာ မေ့နေရှာထင့်။

လွင်မောင် ရွှေဘီကို လှမ်းကြည့်ကာ မေးလိုက်သည်။

"ရွှေဘီ သူတို့နဲ့ သိလို့လား"

ရွှေရောင်ဆံပင်တိုလေးနဲ့ ရွှေဘီက ပြုံးကာ ခေါင်းညိတ်သည်။

"သိတာပေါ့ လွင်ရဲ့၊ သူတို့က ရွှေဘီနဲ့ ကစားဖော်ကစားဘက်တွေပဲဥစ္စာ"

လွင်မောင် အံ့ဩရပါသည်။ ဒါပေမဲ့ အံ့ဩစိတ်ကို မဖော်ပြဘဲ ဆောင်ကာ ဖုံးကွယ်ရင်း....

"ဘယ်လို ကစားဖော်တွေလည်း ရွှေဘီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ငယ်တုန်းက ကစားဘက်တွေလေ၊ ရှာဘီနဲ့ သူရနဲ့က သူငယ်ချင်းပဲ၊ ကျန်တာတွေက သူရ ခေါ်ခေါ်လာလို့ ကစားရင်း ရင်းနှီးကြတာ အဲဒီတုန်းက မေသူက ငယ်ငယ်လေး...."

"မေသူဆိုတာ ဘယ်သူလဲ"

လွင်မောင် မသိဟန်ဆောင်ကာ ရှာဘီ့မျက်နှာကို စိုက်ကြည့် နေသည်။

ရှာဘီက တစ်ဘက်ခြံရှိ မေသူ့ကို လှမ်းကြည့်ကာ လက်ညှိုး လေး ထိုးပြသည်။

"အဲဒါပေါ့ လွင်ရဲ့၊ မေသူဆိုတာ"

"ဪ"

လွင်မောင် ခေါင်းကို ဆက်ခနဲညိတ်လိုက်မိသည်။

မေသူကတော့ ရန်ပွဲကို နွှဲတုန်း....

ရှပ်အင်္ကျီဖရိုဖရဲ၊ လုံချည်တိုတို၊ ရွှံ့တိရွှံ့စောင်းကြားမှာ မရွှေမေသူက သူ့ကိုယ်သူ ရုပ်ရှင်မင်းသမီးအလား တုတ်ကြီးတကား ကားနှင့် ချတုန်း....

ရှာဘီ မေသူ့ကိုကြည့်ကာ ရယ်နေသည်။

"သူတို့က အဲဒီလိုပဲ၊ သိပ်ရန်ဖြစ်သလို သိပ်ချစ်ကြတာ လွင်ရဲ့"

လွင်မောင် မျက်ခုံးတွန့်သွားသည်။

သည်လောက် ရန်ဖြစ်နေပါလျက်နှင့် သိပ်ချစ်တယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာပါပဲ။

"ဘယ်လို ချစ်ကြတာလဲ"

"အောင်မယ်လေး သူတို့မောင်နှမချင်းသာ ရန်ဖြစ်တာ၊ သူတို့မောင်နှမထဲက တစ်ယောက်ယောက်များ ရန်ဖြစ်လာရင် သူတို့မောင်နှမ တစ်သိုက်လုံးဝင်,ဝင်ချတာ"

"ဟုတ်လား"

လွင်မောင် ပြုံးနေမိသည်။

ဘာပဲပြောပြော ရန်ကုန်ရှိ ရှာဘီတို့အိမ်မှာ နေစဉ်အခိုက်အတန့်မှာ မရွှေမေသူကို သူစိတ်ဝင်စားမိပြီ အံ့သြမိပြီ။

"သူတို့ ကျောင်းမနေကြဘူးလား"

"နေသားပဲ၊ အကြီးဆုံး သူရက အရင်တုန်းက ရှာဘီနဲ့ဆယ်တန်းမှာ အတူတူပဲ၊ နောက် ရှာဘီကအောင်ပြီး သူက ကျကျန်ရစ်ခဲ့တာ၊ ကျန်တာတွေတော့ ဘယ်နှစ်တန်းလည်းမသိဘူး"

လွင်မောင် ခေါင်းတဆတ်ဆတ် ညိတ်ကာ တစ်ဘက်ခြံကို လှမ်းကြည့်လိုက်မိသည်။

တဘက်ခြံမှာတော့ ပွဲကကောင်းတုန်း....

ဝဏ္ဏာနဲ့ မေသူကချတုန်း....

သူရနဲ့ ဇလက ဟိုဘက်ခြံပြေးလိုက် ဒီဘက်ခြံပြေးလိုက်လုပ်နေဆဲ မေသူ့တုတ်ရော ဝဏ္ဏာတုတ်ပါ ထက်ပိုင်းကျိုးသွားသည်။

မေသူ လှစ်ခနဲပြေးကာ တံမြက်စည်းတစ်ချောင်း ပြေးယူလာ



www.burmeseclassic.com

www.burmeseclassic.com



သလို....

ဝဏ္ဏကလည်း တံမြက်စည်းတစ်ချောင်း ပြေးယူလာသည်။

နှစ်ယောက်သားချတိုင်း တံမြက်စည်းစများက ဖွာခနဲ ဖွာခနဲ လွင့်စဉ်နေသည်။

တံမြက်စည်း တစ်ချောင်းလုံးကုန်တော့ နှစ်ယောက်လုံး နပန်းလုံးကြပြန်သည်။

"ဩော် မေသူရယ်"

လွင်မောင် ကြည့်ရင်း ခေါင်းခါလိုက်မိသည်။

နောက် ရှုဘီနားမှလှည့်ကာ သူ့အခန်းထဲကို ဝင်လာခဲ့လိုက်သည်။

ဒါပေမဲ့ မျက်စိထဲမှာတော့ မေသူ့ပုံစံလေးများကိုသာ အထင်းသား မြင်နေရသည်မို့ သက်ပြင်းကို ချလိုက်မိသည်။

"မင်းလေးကို ငါ ဘယ်လိုပြုပြင်ရပါ့မလဲ"

စတွေ့ကတည်းက အသွင်ထူးသူလေးမို့ လွင်မောင် မေသူကို မှတ်မိနေခဲ့ပါသည်။

ပြီးတော့ ဒုတိယအခေါက်မှာ စိတ်ဝင်စားမိသည်။

တတိယအခေါက်မှာတော့ လွင်မောင်ပိုလို့ပင် မေသူကို အံ့ဩမိပါသည်။

ခုအခေါက်မှာတော့ လွင်မောင် သက်ပြင်းချမိသည်။

သူ့စိတ်ထဲမှာ မေသူကို ပြုပြင်ပေးချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောမောလှပသော မိန်းကလေးဖြစ်ပါလျက် သည်လို နေတာထိုင်တာကို လွင်မောင်မကြိုက်ပါ။

ညီအစ်ကို မောင်နှမမရှိသူမို့ လွင်မောင် မေသူ့ကို သူ့ညီမ အရင်းလေးလို ချစ်လည်း ချစ်မိသည်။ ခင်လည်း ခင်မိသည်။

ပြီးတော့ သွန်လည်း သွန်သင်ချင်မိသည်။

သူကသာ ဒီလိုဖြစ်နေသည်။ မရွှေမေသူက ပုံစံမပြောင်း အချိုးမပြောင်း၊ သူ့ကိုတွေ့ရင် ဒုက္ခပေးနေသည်သာ....

လွင်မောင် အရင်တစ်ခါ လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့သော မေသူ့ရုပ်သွင်ကို ပြန်မြင်ယောင်ရင်း နှုတ်ခမ်းကိုတွန့်ကာ ပြုံးလိုက်မိသည်။

တလက်စတည်း ဒီကောင်မလေးကို စည်းရုံးဖို့ မလွယ်မည့် အဖြစ်ကိုပါ စဉ်းစားမိသည်။

ဒါပေမဲ့ လွင်မောင်ဆိုသည်က မရ,ရအောင် လုပ်တတ်သူ....

ကိုယ်လိုချင်တာကို မဖြစ်မနေ ကြိုးစားတတ်သူဆိုတော့ သူဖြစ်ချင်တာကို ဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်မိသည်။

အို ဘာပဲဖြစ်ဖြစ် ငါ ရန်ကုန်မှာနေတုန်း သူနဲ့ ရင်းနှီးအောင် လုပ်ပြီး ငါ သူ့ကို ပြုပြင်မယ်၊ ငါ ပြုပြင်လို့ သူဟာ ပန်းကောင်း လေးတစ်ပွင့်ဖြစ်လာရင် ငါ ပြုပြင်ရကျိုးနပ်ပြီ....

လွင်မောင် နှုတ်ခမ်းကိုတွန့်ကာ ပြုံးလိုက်သည်။

တစ်ဖက်မှာတော့ ရန်ပွဲကဖြစ်ဆဲ ချဆဲ....



www.burmeseclassic.com

www.burmeseclassic.com



သူရနဲ့ ဗလ ဘယ်လိုပင်ဆွဲပေမဲ့ မတတ်နိုင်တော့ လှူကြီး တွေပြေးခေါ်ရတော့သည်။

လူကြီးတွေကိုယ်တိုင် ခါတိုင်းလည်း ဖြစ်နေကြမို့ ပြီးသွား မည် အောက်မေ့နေသော်လည်း မပြီးပြီမို့ ဝင်ဆွဲရပါတော့သည်။

ဒါပေမဲ့ တဖြည်းဖြည်း အရှိန်မြင့်တက်လာသောပွဲက ဆွဲမရ လွှဲမရ ဖြစ်လာသည်။

နောက်ဆုံး ရေနဲ့ တဝုန်းဝုန်းပက်မှ ရန်ပွဲက ပြီးသွားသည်။

နှစ်ယောက်လုံး ရေတွေရွှဲနေသည့်ကြားမှပင် တစ်ယောက် နှင့် တစ်ယောက် ရန်ဆောင်နေကြသည်။

"ဝဏ္ဏာ အိမ်ပေါ်တက်တော့"

"ကောင်မလေးလည်းသွား အဝတ်တွေလဲ၊ လူမြင်လို့ မကောင်းဘူး"

မေသူ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ရပ်နေသည့်ကြားမှ သူ့ကိုယ်သူ ငုံ့ကြည့်လိုက်မိသည်။

ခေါင်းမှအစ တစ်ကိုယ်လုံး ရေတွေရွှဲနေသည်မို့ မေသူ့ ပုံစံက ကြွက်စုတ်နှင့်ဆင်နေသည်။

ဝတ်ထားသည့် ရှပ်အင်္ကျီအကွက်လက်တိုလေးက ရေနဲ့ကပ် ကာ မေသူ့ကိုယ်မှာ ကပ်နေသည်မို့ အရှိကိုအရှိအတိုင်း မြင်သာစေ သည်။

ယောက်ျားလေး အစ်ကိုများနှင့်ရောကာ မေသူ့စိတ်က



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးစိတ်ပေါက်နေသော်လည်း မေသူက မိန်းကလေးမို့ မိန်းကလေးသဘာဝတွေကတော့ မေသူ့ကိုယ်မှာ လှပစွာ ပေါ်လွင်နေပြီဖြစ်ရာ....

ခါတိုင်း အင်္ကျီဖရိုဖရဲပွပွတွေကြားမှာ မသိမသာ ဖြစ်နေသော်လည်း ခုလို အင်္ကျီကခရေစိကာ ကိုယ်ပေါ်မှာ ကပ်နေတော့ ပေါ်ပေါ်ထင်ထင် ဖြစ်နေသည်။

အရှိကို အရှိအတိုင်း မြင်သာနေသည်။

မေသူ ချာခနဲလှည့်ကာ အိမ်ပေါ်တက်ခဲ့လိုက်သည်။

ဒါပေမဲ့ ဝဏ္ဏာက အိမ်ပေါ်အရင်ရောက်နေသည်မို့ သူ့မျက်နှာမကြည့်ချင်တာကြောင့် အောက်ကို ပြန်ဆင်းလာခဲ့လိုက်သည်

ခုန ရန်ဖြစ်စဉ်က ဝိုင်းကြည့်နေကြသော လူအုပ်ကြီးကလည်းရှင်းသွားပြီမို့ ခြံကြီးက ခါတိုင်းလို ပြန်လည် [illegible]တ်ဆိတ်ကာငြိမ်သက်နေသည်။

မေသူ ခြံတံခါးဖွင့်ကာ ခြံထဲမှာ ထွက်လာခဲ့လိုက်သည်။

ရန်ကလည်း ဖြစ်ထားပြီးပြီမို့ အိမ်ပေါ်တက်လျှင် အဆူခံထိမှာ သေချာနေသည်။

ဒါကြောင့် မေသူ အိမ်ပေါ်ကိုမတက်ဘဲ တစ်ယောက်တည်း ရပ်ကာ ငိုင်နေမိသည်။

ဘယ်သွားလို့ ဘယ်လာရမှန်းမေသူ မစဉ်းစားတတ်ပါ။

ခြေဦးတည့်ရာလျှောက်လာရင်း မေသူတို့အိမ်နှင့် ရှာဘီတို့



www.burmeseclassic.com

www.burmeseclassic.com



အကြား စတိုခန်းသဖွယ် ဆောက်ထားသော အိမ်လေးထဲကို ရောက်လာသည်။ အိမ်လေးဆိုပေမဲ့ သမံတလင်းခင်း ပျဉ်ကာနှင့်မို့ အတော်လေးကျယ်သည်။

ရှုဘီဖခင် ဝန်းပိုင်ကြီးပိုင်ပြီး ဘာပစ္စည်းမှ မထား၍ ပိုနေသော အိမ်လေးလည်း ဖြစ်သည်။

အရင် သည်အိမ်လေးထဲတွင် မရှုဘီနှင့် ဆော့ခဲ့ဖူးသည်။ ကစားဖူးသည်။

မမရှုဘီ တက္ကသိုလ်ရောက်ပြီး နောက်ပိုင်းတွင် မေသူတို့ မဆော့ဖြစ်တော့ပါ။

ရေစိုလျှက်နဲ့ပင် မေသူ သမံတလင်းပေါ်တွင် လှဲအိပ်လိုက်သည်။

ခုနက ရိုက်ထား၊ နှက်ထား၊ ရန်ဖြစ်ထားသော အရှိန်ကြောင့် လူက ပင်ပန်းနေသည်။ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နွမ်းနယ်နေသည်။ သည်ကြားထဲ ရေနဲ့အပက်ခံထားရတော့ မျက်လုံးများက လေးလံ၍နေသည်။

သမံတလင်းနှင့် ကျောပြင်ထိပြီး မကြာခင် မျက်ခွံများက ပိကျလာကာ မေသူ မောမောနဲ့ အိပ်ပျော်သွားပါတော့သည်။

♡ ♡ ♡ ♥ ♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၁၁ ]

အဘယ်မျှကြာကြာ အိပ်ပျော်သွားသည် မသိပါ။ ညင်သာသော လှုပ်ရှားမှုကြောင့် လွင်မောင် ဖျက်ခနဲ လန့်နိုးလာခဲ့ပါသည်

သူ့အနားမှာ ရပ်နေသူက ရှုဘီပါ။

"ယူ့မျက်နှာပေါ် နေထိုးနေတယ်၊ ဒါကြောင့် ရှုဘီ တံခါးလာပိတ်ပေးတာ"

လွင်မောင်ပြုံးကာ ရှုဘီ့ကို စိုက်ကြည့်လိုက်သည်။

ရွှေရောင်ဆံပင်တိုလေးကြားမှ ရှုဘီက လွင်မောင်ကို ပြုံးကြည့်နေသည်။

"အိပ်ဦးလေ လွင်၊ ရှုဘီ့ကြောင့် အိပ်ရေးပျက်သွားပြီလား"

"မအိပ်တော့ပါဘူး ရှုဘီရယ်၊ လွင် အိပ်ရေးဝပါပြီ"

"ကဲ ဒါဖြင့် ရှုဘီသွားမယ်"

ရှုဘီက သူကြော့ရှင်းသော ကိုယ်လုံးလေးနှင့် အခန်းထဲမှ ထွက်သွားသည်။

ရှုဘီ့ကျောပြင်ကိုကြည့်ကာ လွင်မောင် သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လွင်မောင် သူ့ကို ရှာဘီစိတ်ဝင်စားနေမှန်း သိပါသည်။

ဒါပေမဲ့ ရှာဘီကို သူ စိတ်မဝင်စားပါ။

ရွှေရောင်ဆံပင် ကိုယ်လုံးကြော့ကြော့မော့မော့လေးနှင့် ရှာဘီကို သူကသာ စိတ်မဝင်စားပေမဲ့ သူ့သူငယ်ချင်း အောင်မြင့်က အသေအလဲ စိတ်ဝင်စားနေလေသည်။

မရရင် သေတော့မလောက် ဖြစ်နေလေတော့ သူငယ်ချင်းကိုကြည့်ကာ လွင်မောင် မနေနိုင်ပါ။ ရှာဘီကို ပြောပေးရသည်။ အောင်သွယ်လုပ်ပေးရသည်။

တကယ်တမ်းဆိုလျှင် ရှာဘီ ကိုယ်တိုင်လည်း အောင်မြင့်ကို စိတ်မဝင်စားပါ။

လွင်မောင်လောက် မချောသော၊ လွင်မောင်လောက် မမြင့်သော၊ လွင်မောင်လောက် မပေါ်လွင်သော အောင်မြင့်ကို ရှာဘီ စာရင်းထဲမှာ ထည့်မတွက်တာမဆန်းပါ။

လွင်မောင့် မေတ္တာပန်းကိုသာ တစ်နေ့ ပွင့်လာနိုး မျှော်လင့်စောင့်စားနေသည့် ရှာဘီတစ်ယောက် ခုလို မမျှော်လင့်ဘဲ လွင်မောင် ကိုယ်တိုင် အောင်သွယ်လုပ်လာတော့ ဝမ်းလည်းနည်း၊ ခံရလည်းခက်နှင့် မိန်းမမာနက ပေါ်လွင်လာသည်။

လွင်မောင်ကိုရွဲ့ကာ အောင်မြင့်မေတ္တာကို လက်ခံခဲ့သည်။

အနေနီးစပ်လာတော့ အောင်မြင့်မေတ္တာကို ရှာဘီလေးစားလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အောင်မြင့်ကို ချစ်လာမိသည်။

သည်အခါ လွင်မောင်ကို ခွင့်လွှတ်လာနိုင်သည်။

ချစ်သူအဖြစ်နှင့် မချစ်ရလေတော့ သူငယ်ချင်းအဖြစ်နှင့် ခင်မင်စွာ ဆက်ဆံလာသည်။

ခုလည်း အလုပ်အတွက် လွင်မောင် အပြင်မှာ အိမ်ငှားနေသည်ကိုမရ၊ အတင်း သူ့အိမ်မှာ လိုက်နေရမည်ဆို၍ လွင်မောင် ရောက်နေရခြင်းပင်....

တစ်ဦးတည်းသော သမီးကို ချစ်လည်းချစ်၊ အလိုလည်း လိုက်သော ဝန်းပိုင်ကြီးက သမီး၏သဘောကို မဆန့်ကျင်ပါ။

သမီး၏ မိတ်ဆွေအဖြစ် လွင်မောင်ကို တလေးတစား ဆက်ဆံသလို လိုလေသေးမရှိအောင်လည်း ပြုစုရှာသည်။

ဘာပဲပြောပြော လွင်မောင် ရှုဘီကို ကျေးဇူးတင်ပါသည်။

လွင်မောင် အိပ်ယာမှထကာ ပြင်တင်းပေါက်ဆီကို လျှောက်လာခဲ့လိုက်သည်။

အစောတုန်းက ရန်ဖြစ်ကာ ဆူညံနေသော တစ်ဘက်ခြံက ခုတော့ တိတ်ဆိတ်ကာ ငြိမ်သက်နေလေသည်။

မေသူတစ်ယောက် ဘယ်ရောက်သွားပါလိမ့်။

လွင်မောင် အခန်းပြင်ကို ထွက်လာခဲ့လိုက်မိသည်။

ရှုဘီတို့အိမ်က လူနည်းသောအိမ်မို့ နေ့ခင်းပိုင်း တိတ်ဆိတ် ငြိမ်သက်၍ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုးလာပြီး ပြန်လည်းမအိပ်ချင်၊ စာလည်း မဖတ်ချင်တော့တာကြောင့် လွင်မောင် ခြံထဲကို ဆင်းလာခဲ့လိုက်ပါသည်

ရှာဘီတို့အိမ်က မေသူတို့ခြံလို ဝင်းခြံကြီး ခတ်မထားသော်လည်း အိမ်ပတ်လည်တွင်ရှိနေသော သစ်ပင်များကြောင့် အရိပ်ရ၍အေးမြ၍ နေပါသည်။

လွင်မောင် သရက်ပင်ရှေ့ထိုင်ကာ ကိုယ့်အကြောင်းကိုယ်စဉ်းစားနေမိသည်။

တကယ်တော့ လွင်မောင့်မိဘတွေက ချမ်းသာပါသည်။

မိခင်ဘက်မှ ဆီစက်ပိုင်သလို ဖခင်ကျတော့ အငြိမ်းစားတရားသူကြီးတစ်ဦး ဖြစ်သည်။

ဒါပေမဲ့ လွင်မောင့်နေရပ်က ရန်ကုန်နှင့် အလှမ်းဝေးလှ၏

မကွေးမှ တစ်ဘက်ကမ်းကိုကူးရသော မင်းဘူးတွင်ဆိုတော့ လွင်မောင်မှာ တက္ကသိုလ်တက်တော့ အဆောင်တွင်နေရသလို....

ဘွဲ့ရပြန်တော့လည်း ရှာဘီတို့အိမ်တွင် နေရပြန်သည်။

ဘယ်လိုပဲဖြစ်ဖြစ် လွင်မောင်ကတော့ ဘွဲ့ရအောင်ယူခဲ့သည်။

ဖခင်ဖြစ်စေချင်သော တရားသူကြီးဖြစ်အောင် ကြိုးစားမည် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တွင် အလုပ်လာလျှောက်ထားခဲ့သည်။

ဖေဖေတို့ကလည်း သူ့ဆန္ဒကို ခွင့်ပြုပါသည်။

ယခု လွင်မောင် ရန်ကုန်ကိုရောက်တာ တစ်လကျော်ခဲ့ပါပြီ။ စိတ်ကြိုက်အလုပ်က မတွေ့သေးတာကြောင့် လွင်မောင် အားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျင်းပျင်းနှင့် လွင်မောင် သူ့မျက်စေ့ရှေ့မှာ တွေ့နေရသော အိမ်လေးဆီ လှမ်းကြည့်လိုက်မိသည်။

ရောက်စကတည်းက လွင်မောင်သည် အိမ်လေးကို တွေ့ခဲ့ပေမဲ့ အမှတ်မထင်သာ ရှိခဲ့လေသည်။

ခုတော့ ပျင်းကလည်းပျင်းမို့ အိမ်လေးထဲ ဘာတွေရှိလည်း စူးစမ်းချင်လာ၍ အိမ်လေးရှိရာ လျှောက်လာခဲ့လိုက်ပါသည်။

စေ့ထားသော တံခါးကိုတွန်းကာ အထဲကို အသာငုံ့ကြည့် လိုက်မိလေသည်။

အိမ်လေးထဲတွင် ဖွင့်ထားသောပြတင်းမှ အလင်းရောင်အချို့ ဖြာကျနေလေသည်။

ခါတိုင်း သည်ပြတင်းကို ဘယ်သူမှဖွင့်တာ မတွေ့ရပါ။ ခုမှ ဘယ်သူများ ဖွင့်ထားတာပါလိမ့်။

အတွေးဖြင့် လွင်မောင် အိမ်ထဲကို ခပ်ဖြည်းဖြည်းအဝင်....

"ဟင်"

အလင်းရောင်ဖြာကျနေသော သမံတလင်းပေါ်တွင် လူ တစ်ယောက် လဲလျောင်းနေတာကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေ သည်။

ဘယ်သူလဲ ဘယ်ကလဲ....

အံ့ဩစိတ်ဖြင့် အသေအချာပြူးအကြည့် မိန်းကလေး တစ်ယောက် ဖြစ်နေတာကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်က သမံတလင်းပေါ်တွင် ပုံကျနေသည်။

ဘယ်သူလဲ၊ ဘယ်က မိန်းကလေးလဲ၊ ဒီမှာ ဘာလာလုပ်နေတာပါလိမ့်....

လွင်မောင်တွေးရင်း အခန်းတွင်းကို ခပ်ဖြည်းဖြည်း လျှောက်ဝင်လာခဲ့လိုက်သည်။

နောက် လှဲအိပ်နေသော မိန်းကလေးနား တိုးလျှောက်လာကာ သူမမျက်နှာကို အပေါ်စီးမှမိုးကြည့်လိုက်မိသည်။

"ဟင် မေသူ"

အံ့သြစိတ်နှင့်အတူ လူကလည်း ပြုံးချင်သွားရသည်။

ကြည့်စမ်း ရန်ဖြစ်တာဝလို့ မရွေမေသူ ဒီမှာလာ အိပ်ပျော်နေတာကိုး....

ကြည့်စမ်းပါဦး၊ ရေတွေလည်းစိုလို့၊ အိပ်တာကြာနေပြီလား မသိပါ၊ တစ်ချို့နေရာတွေမှာ ရေတွေပင်ခြောက်နေပြီ။

သူ ဘယ်အချိန်ထဲကများ လာအိပ်နေတာပါလိမ့်....

သမံတလင်းကအအေးတော့ အအေးမိပြီး ဖျားမှဖြင့်....

မေသူ့မျက်နှာကို ငေးကြည့်ရင်း လွင်မောင့်ရင်ထဲ စိုးရိမ်စိတ်တွေ ဝင်လာမိလေသည်။

မေသူကတော့ လွင်မောင် အနားရောက်သည်ကို မသိဘဲ အသက်မှန်မှန်ရှူကာ အိပ်မောကျနေလေသည်၊ ဘယ်လောက် အိပ်မောကျနေသလဲဆိုလျှင် ပါးစပ်လေးပင်ပွင့်လို့....



www.burmeseclassic.com

www.burmeseclassic.com



လွင်မောင် မေသူ့ပုံစံလေးကို ငေးကြည့်ရင်း နှစ်ခြိုက်စွာ ပြုံးလိုက်မိပါသည်။

အဟင်း ခုတော့လည်း မေသူ့ပုံစံက ဘာမှမဖြစ်တဲ့ ပုံစံ၊ ဘယ်သူ့ကိုမှ အပြစ်မလုပ်ထားတဲ့ ပုံစံ....

နိုးများနိုးရင် သူများကို ကောင်းကောင်းဒုက္ခပေးဦးမည်။

ငါ မနှိုးဘဲ ထားလိုက်ရင်ကောင်းမလား....

နှိုးလိုက်ပြန်လျှင် နိုးတာနဲ့ သူ့လက်ထဲက ရအောင်ထွက်ပြေးမှာ သေချာသည်။

အို ထွက်ပြေးမှပြေးရော ဒီအတိုင်း ဆက်အိပ်နေလျှင် သူမလေး အအေးမိမှာ သေချာသည်။

စာနာစိတ်၊ကြင်နာစိတ်ဖြင့် လွင်မောင် မေသူ့ပခုံးကို လှုပ်ကာ နှိုးလိုက်မိပါသည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၂]

"ဒီမှာ ဒီမှာ"

မေသူ မနိုးပါ။

အိပ်မက်ထဲမှာ ဝဏ္ဏာနဲ့ ရန်ဆက်ဖြစ်နေသည်။ ကိုဗလက ဘေးကအော်နေသည်။

ဒေးဗစ်ချန်းနဲ့ တီလုံးတဲ့။

ဒေးဗစ်လည်း မချန်းဘူး၊ တီလည်း မလုံးချင်ဘူး.....

မေသူက မေသူ၊ ကိုဝဏ္ဏာက ကိုဝဏ္ဏာပေါ့.....

တစ်ချိန်မှာ မေသူလက်ထဲရှိတုတ်က ကိုဝဏ္ဏာရဲ့လက်ဖျံထိ အသွား ကိုဝဏ္ဏာလက်မှတုတ် လွတ်ကျကာ ကိုဝဏ္ဏာ ရှုံးသွားသည်။

ဟားဟား မိန်းကလေးဆိုပြီး အထင်သေးလို့ရမလား၊ မေသူတဲ့ တစ်သူထဲရှိတယ်။

ကိုဝဏ္ဏာရှေ့မှာ ဟန်ပါပါရပ်ကာ ကိုဝဏ္ဏာကို စိုက်ကြည့်လိုက်သည်။

"ဘယ်လိုလည်း အရှုံးပေးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"နင့်လိုကောင်မကို အရှုံးပေးရမှာလား မပေးဘူး"

ရုတ်တရက် ကိုဝဏ္ဏအနားတွင်ရှိသည့် တုတ်ကိုအကောက် ဗလက လှမ်းအော်သည်။

"မေသူ မေသူ"

"သိတယ်"

မေသူ့ပခုံးကို လာတို့သည့် ဗလ၏လက်ကို ဆွဲဖယ်လိုက်သည်။

"မေသူ"

"သိတယ်"

နောက်ထပ် လာထိသည်။ ကိုဗလ၏လက်ကို ဆွဲအဖယ်.....

"မေသူ ထပါဆို"

"ဟင်"

ယခုမှ မေသူ့မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာခဲ့သည်။

ကြည့်စမ်း သူ အိပ်မက်မက်နေတာပဲ၊ သူ့ကို ပခုံးတို့နေသူက ကိုဗလမှ မဟုတ်တာ။

နောက်ဖေးမှလူ ဒီလူ ဘယ်လိုလုပ် မေသူ့အနားကို ရောက်နေရတာလဲ။

မေသူ လွင်မောင်ကို ငေးကြည့်နေရာမှ သူမကိုယ်သူလည်း ငုံ့ကြည့်လိုက်မိသည်။

လွင်မောင် မေသူရဲ့ ပြုံးတူးကြောင်ကြောင် ပုံစံလေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်မိသည်။

မေသူကတော့ မျက်မှောင်ကိုကြုတ်ရင်း လေသံမာမာနှင့် လွင်မောင်ကို လှမ်းမေးသည်။

"ခင်ဗျား ဒီမှာ ဘာလာလုပ်တာလဲ"

"မင်းကကော ဒီမှာ ဘာလာလုပ်တာလဲ"

လွင်မောင် မေသူ့လေသံအတိုင်း ပြန်မေးလိုက်သည်။

မျက်လုံးများကလည်း မေသူ့ကို စိုက်ကြည့်နေမိလေသည်။

မေသူ သူ့ကိုယ်မှ ဖုန်တွေခါကာ နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။

"ဒါ ခင်ဗျား အပူမပါပါဘူး၊ ကျွန်တော်ဘာသာ ဘာလုပ်လုပ်ပေါ့"

"အေး ငါ့အတွက်လည်း မင်းအပူမပါပါဘူး၊ ငါ့ဘာသာ ဘာလုပ်လုပ်ပေါ့"

မေသူ နေရာမှ ချာခနဲလှည့်ကာ တံခါးပေါက်ဆီကို လျှောက်အသွား လွင်မောင် တံခါးဆီသို့ပြေးကာ ကျောမှီ ရပ်လိုက်သည်။

လွင်မောင့် အပြုအမူကြောင့် မေသူ မျက်လုံးလေး ပြူးကျယ်သွားမိသည်။

လွင်မောင့်မျက်နှာကိုလည်း စေ့စေ့ကြည့်ကာ ဒေါသတကြီး မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာလုပ်တာလဲ"

"တံခါးပိတ်တာ"

"ဘာဗျ"

မေသူ့အသံ ကျယ်သွားသည်။ လွင်မောင် နှုတ်ခမ်းပေါ် လည်ညှိုးတင်ကာ မေသူ့မျက်နှာကို ပြုံးကြည့်ရင်း.....

"တိုးတိုးပြောပါ၊ နားမလေးပါဘူး"

"အို ခင်ဗျားဘာသာ နားလေးလေး၊ မလေးလေး၊ ကျွန်တော့်အပူ မဟုတ်ဘူး၊ ကျွန်တော့်ကို တံခါးဖွင့်ပေး"

"မဖွင့်ပေးဘူး ဆိုရင်ကော"

မေသူ နှုတ်ခမ်းကိုကိုက်ကာ ရပ်နေသည်။

နောက် ဘာမပြောညာမပြော လွင်မောင်ကို အတင်းဝင်တိုး တော့သည်။

ဘယ်ရမလဲ နဂိုတည်းက အရပ်မြင့်သော၊ ကြံ့ခိုင်သော လွင်မောင်နဲ့ကျတော့ မေသူ ဘယ်ရမလဲ.....

လွင်မောင့်လက်ထဲမှာ ယုန်သူငယ်လေးတစ်ကောင်လို ငြိမ် ကျသွားသည်။

လွင်မောင် မေသူ့လက်ကို လိမ်ထားလိုက်သည်။

"ကဲ ဒေါ်မေသူ ဘာတတ်နိုင်သေးလဲ"

မေသူ ရှုန်းပါသေးသည်။ ကန်ပါသေးသည်။ ဒါပေမဲ့ ရှုန်းတိုင်း လိမ်ထားသောလက်က ပိုနာသလို၊ ကန်တိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



လိမ်ထားသောလက်ဆီမှ နာကျင်မှုက အသည်းခိုက်မတတ် မေသူ့ တစ်ကိုယ်လုံးဆီ ပျံ့နှံ့လာသည်မို့ မေသူ့မျက်နှာလေး ငိုမဲ့လာသည်။

ဒေါသလည်း ပိုဖြစ်လာသည်။

"ခင်ဗျား လူ မဟုတ်ဘူးလား"

"ဘာလဲ မင်းက နတ်ထင်လို့လား၊ နတ်ဆိုရင်တော့ကွာ မင်းလို မလောက်လေး မလောက်စား ကောင်မလေးနဲ့ အချိန်ကုန်ခံပြီး ဘယ်လာစကားပြောနေပါ့မလဲ၊ နတ်စည်းစိမ် ခံစားနေမှာပေါ့ကွ"

"ဒါပြောတာ မဟုတ်ဘူးဗျ၊ လူဆို ခင်ဗျားလူလို နားလည်ပါလား၊ မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်တာ လူ့အလုပ်လား၊ ယောကျ်ားကောင်းအလုပ်လား"

လွင်မောင် မျက်နှာကိုမော့ကာ အားရပါးရ ရယ်လိုက်မိသည်။

"အောင်မယ်လေး သူ့ကျတော့ သိတတ်လိုက်တာ၊ ကက်ကက် ကိုလန်လို့ သူများတကာကျတော့ နှိပ်စက်လိုက်တာ သူ့အပြစ်မရှိဘူး"

လွင်မောင် မေသူ့ကို နောင်ကြဉ်အောင် ဆုံးမချင်သည် မို့လဲ.....

"မင်းကို ငါ ယောကျ်ားကောင်းပါလို့ ပြောထားလို့လား"

မေသူ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ငြိမ်သက်နေသည်။

"ကဲ မင်းအခု ဘာတတ်နိုင်သေးလဲ၊ သူများကို ကြေငြာ ကောင်း ဒုက္ခပေးတဲ့မင်း ဘယ်ကို ပြေးနိုင်သေးလဲ"

မေသူ ဘယ်ကိုမှ မပြေးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း သူများတကာကို ဒုက္ခပေးစဉ်က ပြုံးနိုင် ရယ်နိုင်ခဲ့သော မေသူ ခု သူခံရသည့်အလှည့်ကျတော့ မပြုံးနိုင်မရယ်နိုင်တော့ပါ။

မျက်နှာလေးမဲ့ကာ မျက်ရည်များ ဝဲတက်လာခဲ့လေသည်။

လွင်မောင် မျက်ရည်ဝိုင်းနေသော မေသူ့ရဲ့ မျက်ဝန်းကြီးများကိုကြည့်ကာ သနားမိသော်လည်း၊ သနားလိုက်လျှင် မေသူရဲ့အကျင့်တွေ ပြန်ပေါ်လာမည်ကိုသိ၍ တမင်စောင့်ကာ မျက်နှာကိုတည်ရင်း မေသူ့ကို ခပ်တင်းတင်း စိုက်ကြည့်နေမိသည်။

မေသူ သူ့လက်မှ ရုန်းထွက်ကြည့်ပေမဲ့ မရပါ။

အစ်ကိုတွေနဲ့ကျတော့ အစ်ကိုတွေကညှာ၍ သူ ရုန်းထွက်နိုင်ခဲ့ပေမဲ့ ခု သူစိမ်းနှင့်ကျတော့ မေသူ မျက်ရည်ပေါက်ပေါက်ကျလာသည်။

လွင်မောင် စိတ်မကောင်းပေမဲ့ တစ်ဘက်ကိုလှည့်ကာ ပြုံးလိုက်သည်။

"ကဲ မင်း နောင်တရပြီလား၊ ခု ကိုယ့်ကို သူများနှိပ်စက်တော့ ရင်မှာ ဘယ်လိုခံစားရမလဲ"

မေသူ ဘာမှမဖြေပါ။ မျက်ရည်ပေါက်ပေါက်ကျကာ ခေါင်းငုံ့နေလေသည်။

"မေးတာဖြေလေ၊ နောက်ကို သူများတကာကို နှိပ်စက်ဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



မေသူ ပါးစပ်မှမပြော ခေါင်းကိုသာ ခါပြသည်။

"နောက်ကို သူများတွေကို မစတော့ပါဘူး၊ မနောက်တော့ပါဘူးလို့ ကတိပေးလေ"

"ကျွန်.....ကျွန်တော် နောက်ကို သူများတွေကို မစတော့ပါဘူး၊ မနောက်တော့ပါဘူး"

"နောက် စရင် ဘယ်လိုလုပ်ရမလဲ"

လွင်မောင် မေသူ့မျက်နှာကို စိုက်ကြည့်နေမိသည်။

မေသူ အသံတိမ်တိမ်လေးနှင့် ခေါင်းငုံ့ကာ ဖြေသည်။

"ခု.....ခုလို လုပ်ပါ"

"အင်း ကောင်းပြီ၊ နောက်တစ်ခါ ငါ့ကိုတင်မဟုတ်ဘူး၊ သူများပါ စတာတွေ့ရင် မင်း ဒီထက်ဆိုးမယ်"

လွင်မောင် မေသူ့လက်ကို ဖြည်းဖြည်းချင်း လွှတ်ပေးလိုက်သည်။

လွင်မောင် လက်မှလွှတ်သည်နှင့် မေသူ ငှက်တစ်ကောင်အလား ထွက်ပြေးသွားသည်။

သူ့အိမ်ခြံဝန်းထဲ ပြေးဝင်သွားသည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၃]

ဝဏ္ဏ အိမ်ထဲမှ လှမ်းမြင်နေရသော မေသူ့ကိုကြည့်ကာ ဖြည်းဖြည်းချင်း ပြုံးလိုက်သည်။

ခုတလော ကောင်မလေး ငြိမ်နေသည်။

ခါတိုင်းလို မိုးလင်းသည်နှင့် လျှပ်စီးလက်အောင် ဆော့တာ မတွေ့ရသလို....

သူများကို ဒုက္ခပေးတာလည်း သိပ်မတွေ့ရသည့်အပြင်၊ သူတို့ ညီအစ်ကိုမောင်တွေကိုပါ သိပ်ရန်လုပ်တာ၊ အနိုင်ကျင့်တာ မခံရလေတော့ တစ်မျိုးထူးဆန်းနေသည်။

အဖေကတော့ မေသူ ဘယ်လိုနေနေ ချစ်နေသူမို့ ဘာမှ မဖြစ်ပေမဲ့ အမေနှင့် သူတို့တစ်သိုက်ကတော့ ထူးဆန်းသည်ဟု တွေးကာ မေသူ့ကို လှမ်းကြည့်နေမိသည်။

မေသူ မာလကာပင်ခြေရင်းတွင်ထိုင်ကာ အေးအေးဆေးဆေး စာဖတ်နေသည်။

ဝဏ္ဏ မေသူ့နား ကပ်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေး နင် ဘာလုပ်နေတာလဲ"

မေသူ ဝဏ္ဏာကို စာအုပ်ထောင်ပြလိုက်သည်။

"စာအုပ်ဖတ်နေတာ မတွေ့ဘူးလား"

"ငါ ဘောလုံးကွင်းထဲ သွားကစားမလို့၊ နင် လိုက်မလား"

"ဟင့်အင်း"

ဝဏ္ဏာ စိတ်ပျက်သွားသည်။

ခါတိုင်းဆိုလျှင် သူ မခေါ်ရသေး၊ လိုက်ချင်နေသည့် မေသူ့ကြောင့် သူတို့ စိတ်ပျက်ရသည်။

ခု လိုက်စေချင်၍ ခေါ်ပြန်တော့ မေသူ ငြင်းနေသည်။

"လိုက်ခဲ့ပါဟယ်၊ နင်လိုက်ရင် ငါတို့ ပျော်လို့ပါ"

မေသူ နှုတ်ခမ်းမဲ့လိုက်သည်။

မသိတာမှတ်လို့ မေသူလိုက်လျှင် မေသူ ယူလာသော ပိုက်ဆံနှင့် သူတို့ကပ်တုတ်မည်ဆိုတာ မေသူ သိသည်။ ဒါကြောင့် မလိုက်ချင်....

ပြီးတော့ ဘောလုံးကွင်းက နောက်ဖေးက ခြံရှေ့က ဖြတ်သွားရမှာဆိုတော့ ပိုပြီး မလိုက်ချင်ပါ။

ဟိုတစ်နေ့က လူနှင့် ပြန်ဆုံတွေ့မှာ စိုးသည်။

ထိုလူနှင့် ဆုံပြီးကတည်းက မေသူ အပြင်ကိုထွက်ရမှာ စိုးရိမ်နေသည်။

ထိုလူကို ကြောက်လို့မဟုတ်ပေမဲ့ မေသူ ထိုလူနှင့် ထပ်ဆုံရ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဝန်လေးနေသည်။ ဒါကြောင့်လည်း....

"သွားပါ၊ ငါ မလိုက်ချင်လို့ပါ"

"ဒါဖြင့် ငါ့ကို ပိုက်ဆံချေးဟာ"

"အောင်မယ် ဘာလို့ချေးရမှာလဲ"

မုန့်ဖိုးရတာခြင်းအတူတူ သူ့ဆီကလာချေးတော့ မေသူ အငေါ်တူးတူးနှင့် အော်ပစ်လိုက်သည်။

ဝဏ္ဏ အကြံအိုက်သွားသည်။ ဖြစ်ချင်တော့ ဒီနေ့မှ အိအိလွင်နှင့် ချိန်းထားသည်။

ရည်းစားနဲ့သွားတွေ့မည့်သူက အိတ်ထဲမှာ ခြူးတစ်ပြားမှ မပါဘူးဆိုလျှင် အရှက်ကွဲမှာ သေချာသည်။

ဝဏ္ဏ ခေါင်းကုတ်ကာ အိမ်ထဲကို ပြန်လာခဲ့သည်။

မေသူ ဝဏ္ဏကို လှမ်းကြည့်လိုက်သေးပေမဲ့ ကိုယ်နဲ့မဆိုင်သလို စာအုပ်ကို ဆက်ဖတ်နေလိုက်သည်။

စာအုပ်ကို ဖတ်ရင်းဖတ်ရင်း မေသူ ဝဏ္ဏကို စိတ်မချဖြစ်လာသည်။

နောက် အိမ်ထဲပြေးဝင်လာကာ သူ့အခန်းထဲရှိ တန်းပေါ်ကို လက်နဲ့လျှောက်စမ်းလိုက်မိသည်။

ထင်တဲ့အတိုင်း တန်းတစ်တန်းလုံး ပြောင်သလင်းခါနေလေသည်။ မေသူ စုထားသည့်ပိုက်ဆံတွေ ဝဏ္ဏလက်စာမိသွားခဲ့ပြီ။

မေသူ ဒေါပွပွနှင့် ဝဏ္ဏရှိရာ ဘောလုံးကွင်းကို ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးလိုက်လာခဲ့မိသည်။

ဘောလုံးကွင်းထဲ ဝဏ္ဏာကို လိုက်ရှာသည်။ ဘောလုံးကွင်းထဲတွင် သူရန်နဲ့ ဗလကလွဲ၍ ဝဏ္ဏာကို မတွေ့ရပါ။

ဝဏ္ဏာတစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေလေတော့ မေသူ့ မျက်နှာမဲ့လာသည်။

ဒါဆို သူ ဘယ်ပျောက်သွားလေသနည်း။

မေသူ့ခေါင်းထဲ အကြံတစ်ချက် ဝင်းလက်၍လာသည်။ ဟုတ်ပါပြီ၊ မေသူ့ပိုက်ဆံနှင့် ဝဏ္ဏာတစ်ယောက် သူ့ရဲ့ချစ်သူ အိအိလွင်ကို လက်ဆောင်ဝယ်ပေးမှာ သေချာနေသည်။

တွေးရင်းတွေးရင်း မေသူ့မျက်နှာလေး နီရဲသထက် နီရဲလာကာ ဒေါပွသထက်လည်း ဒေါပွလာမိသည်။

ဒေါပွပွနှင့် အိမ်ဘက်ကို ချိုးကွေ့လိုက်မိသည်။

အိမ်ရောက်လျှင် အဖေနှင့်ကို တိုင်ပြောလိုက်မည်။ ဝဏ္ဏာ လူလည်သိပ်လုပ်သည်။

အဖေ့ကို တုတ်ကြီးကြီးနဲ့ကို ချခိုင်းမည်အတွေးနှင့် ခေါင်းငုံ့ကာလျှောက်လာသော မေသူ သူ့ရှေ့တည့်တည့်တွင် ရပ်လာသော လူတစ်ယောက်ကြောင့် လန့်ဖြန့်ကာ ခြေလှမ်းကတုန့်သွားသည်။

နောက် နေရာမှ လှစ်ခနဲပြေးရန် ဟန်အပြင် လှမ်းမောင်း မေသူ့လက်ကို လှမ်းဆွဲလိုက်မိသည်။

"ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်"

မေသူ အရှန်း....

"လာခဲ့ မင်းကို ပြောစရာတွေရှိလို့"

"လွှတ်ဆို"

မေသူ လွင်မောင့်လက်ထဲမှာ ယက်ကန်ယက်ကန်နှင့် ပါလာခဲ့သည်။

"ခု မင်းဘယ်က ပြန်လာတာလဲ"

မေသူ ခေါင်းကွင်းကို လက်ညှိုးထိုးပြလိုက်သည်။

"သူရတို့ဆီက"

"ဘယ်သူလဲ သူရဆိုတာ"

"ကျွန်တော့်အစ်ကို"

"အစ်ကိုကို ဒီလိုပဲ ခေါ်ရသလား၊ ကိုယ့်ထက်ကြီးတဲ့သူဆိုရင် 'ကို' တပ်ခေါ်ရတယ်ဆိုတာ မသိဘူးလား"

"သိသားပဲ"

မေသူ မဖြေချင် ဖြေချင်ပုံစံဖြင့် ဖြေလိုက်မိသည်။

"ဒါဖြင့် ဘာလို့မခေါ်တာလဲ"

"ငယ်ငယ်လေးတည်းက ဒီအတိုင်းခေါ်လာတော့ ခုမှ ပြောင်းပြီး မခေါ်ချင်တော့ပါဘူး"

"အင်း တော်တော်ကောင်းတဲ့ အဖြေပဲ"

လွင်မောင် မေသူ့မျက်နှာကို စိုက်ကြည့်ကာ ရယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေသူ လွင်မောင့်မျက်နှာကို ငေးကြည့်နေလိုက်သည်။

အခုလိုဆိုတော့လည်း ဒီလူ့အသွင်က ခင်မင်စရာ ကောင်း နေပြန်သည်။

ဟိုနေ့ကများဆို မေသူ မုန်းလိုက်တာ....

ဘီလူးမသာဖြစ်လျှင် တစ်စစီ ဆွဲဖြဲကာ ဝါးစားပစ်လိုက်ချင် သည်။

နဂါးဖြစ်လျှင်လည်း ပြာဖြစ်သွားအောင် မှုတ်ထုတ်ပစ်လိုက် မည်။

"ထိုင်ပါဦးလား"

သူကအခေါ် မေသူ ထိုလူထိုင်နေသည့် သရက်ပင်ခြေရင်း မှာ ဝင်ထိုင်လိုက်မိသည်။

လွင်မောင် မေသူ့မျက်နှာကို စိုက်ကြည့်ကာ ပြုံးလိုက်သည်

"ခုတော့လည်း မင်းက လိမ္မာသားပဲ"

မေသူ ခေါင်းငုံ့ကာ ပြုံးလိုက်ပါသည်။ စိတ်ထဲမှာလည်း ထိုလူကို ဟိုနေ့ကလောက် မမုန်းတော့ဘဲ ခင်မင်လာသလို ခံစားလာ မိသည်။

"ဒါနဲ့ ခင်ဗျားက ဒီအိမ်ကလား အရင်တုန်းက မတွေ့ပါလား"

"အရင်တုန်းက မတွေ့ဆို ခုမှ လာတာကိုး"

"ဘယ်က လာတာလဲ"

မေသူ ထိုလူ့မျက်နှာကို ငေးကြည့်ကာ မေးစလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



"နယ်ကလာတာ၊ ရန်ကုန်မှာ အလုပ်လာလျှောက်တာ"

"ဒါဆို ခင်ဗျားက ပညာတတ်ပေါ့နော်"

"ဒါပေါ့ မေသူကကော"

လွင်မောင် အရင်က မင်းဟု ခေါ်ဝေါ်သုံးစွဲနေရာမှ မေသူဟု နာမည်ခေါ်လိုက်တော့ မေသူ့ရင်မှာ တစ်မျိုးဖြစ်သွားသည်။

နူးညံ့မှုကို ခံစားလိုက်ရသည်။

"မေသူ ဆယ်တန်းဖြေထားပါတယ်"

"တကယ်"

လွင်မောင် အံ့ဩသွားမိပါသည်။

သူ့စိတ်ထင် မေသူ့ကို အလွန်ဆုံးရှိလှမှ ရှစ်တန်းလောက် အောက်မေ့နေရာမှ မထင်မှတ်တဲ့ ကြားလိုက်ရတော့ အံ့ဩစိတ်နဲ့အတူ ဝမ်းသာမှုကြောင့်လည်း လူက လှုပ်ရှားသွားရလေသည်။

"မေသူ တကယ်ပြောတာလား"

"ကျွန်တော်မှ မညာတတ်တာ"

"ယုံပါတယ် မေသူရယ်"

လွင်မောင် မေသူ့အပေါ် အထင်ကြီးသွားမိသည်။ ယော်ရွယ် သော်လည်း စာတော်သူဆိုတော့ ပြောရဆိုရ ခက်မည်မထင်....

"မေသူရဲ့အစ်ကိုတွေကကော"

"သူရကတော့ ဆယ်တန်းနဲ့ ထွက်လိုက်ပြီ ဗလက ခုနစ်တန်း ဝတ္ထုကာ့ အာအိုင်တီတက်နေတယ်၊ အိမ်မှာဆို ကျွန်တော် အငယ်ဆုံး ဆိုပြီး အဖေက ကျွန်တော့်ကို သိပ်ချစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝဏ္ဏလည်း စာတော်တာပဲ မဟုတ်လား"

"တော်ပါတယ်၊ ဒါပေမဲ့ အဖေက ကျွန်တော့်ကို ပိုချစ်တယ်"

"တို့ကို အိမ်အလည်ခေါ်ဖို့ စိတ်မကူးဘူးလား"

မေသူ ဘာပြန်ပြောရမှန်း မသိပါ။

သူ့ကို အိမ်အလည်ခေါ်ချင်ပေမဲ့ အဖေက ယောကျ်ားပျို အိမ်လာတာ မကြိုက်ပါ။

မေသူ မပြောနှင့်၊ သူ့သား၏ သူငယ်ချင်းတွေကိုပင် အိမ်လာတာ သိပ်မကြိုက်ချင်။

အိမ်လာလျှင် သူ့သမီးမေသူ့ကို တွေ့သွားလျှင် ကြိုက်သွားမှာ စိုးရိမ်သည်။

သည်တော့ ဘယ်သူငယ်ချင်းမှ အိမ်ကိုခေါ်မလာဖို့ မှာထားသည်။ မှာထားရက်နှင့် ခေါ်သွားလျှင် အဖေအရှက်ခွဲမှာ သေချာသည်။

ကိုယ့်အဖေအကြောင်း ကိုယ်သိနေတာမို့ သူ ငြိမ်ကာ စကားကို လွှဲပစ်လိုက်သည်။

"ခင်ဗျားမှာကော ညီမတွေ အစ်မတွေရှိလား"

လွင်မောင် ခေါင်းခါပြလိုက်သည်။

"တစ်ယောက်မှ မရှိဘူး"

"ဟင် ဒါဖြင့် ပျင်းစရာကြီးပေါ့နော်၊ ခု ရန်ကုန်ကိုလာတာ အလုပ်အတွက် သက်သက်ပဲလား"

"ဒါပေါ့"

"အလုပ်မရရင် ပြန်မှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



လွင်မောင် ခေါင်းအညိတ် မေသူ့ရင်ထဲ ဝမ်းနည်းသလို ခံစားလိုက်ရလေသည်။

ဘာဖြစ်လို့ပါလိမ့်။

လွင်မောင် မေသူ့မျက်နှာလေးကို ကြည့်ကာ သနားသလို ဖြစ် သွားတာကြောင့် ရင်းနှီးစွာ မေးလိုက်မိသည်။

"မေသူ တို့ကို ခင်လား"

မေသူ ခေါင်းညိတ်ပြလိုက်သည်။

သူစိမ်းယောကျ်ားတွေ မေသူ သိတာရှိပေမဲ့ မေသူ့စိတ်နှလုံးကို နူးညံ့ပျော့ပြောင်းလာအောင် စွမ်းဆောင်နိုင်သူက သူ့ရှေ့က လူတစ်ယောက်တည်းပါ။

"တို့ မေသူ့ကို ခင်တာကိုရော ယုံလား"

"ဒါတော့ ခင်ဗျားစိတ်ကို ကျွန်တော် ဘယ်သိပါ့မလဲ"

"ဟုတ်တယ်နော်၊ မေသူပြောတာ မှန်တယ်၊ တို့ရဲ့စိတ်ကို မေသူ ဘယ်သိနိုင်မလဲ၊ တို့ရဲ့စိတ်ကို တို့ပဲသိတာ၊ မှန်တာပြောရရင် တို့ မေသူ့ကို ခင်ပါတယ်"

"ညီအစ်ကို မောင်နှမမရှိတော့ တို့ မေသူ့ကို ညီမလေးလို လည်း ချစ်ပါတယ်၊ ဒါကြောင့် တို့ ဒီလိုစကားပြောမိတာပါ"

"တို့က အေးအေးနေတတ်တယ်၊ မိန်းကလေးတွေနဲ့ စကား မပြောတတ်ဘူး၊ ဒီမှာလာနေတာတောင် သူငယ်ချင်း အောင်မြင့်က အတင်းနေခိုင်းလို့ လာနေတာ၊ နို့မို့ဆို နေဖြစ်မှာမဟုတ်ဘူး"

"အစ်ကို ပြောတာ ယုံလား"

www.burmeseclassic.com



"အစ်ကို မလိမ်တတ်ပါဘူးလို့ မေသူ ထင်ပါတယ်"

လွင်မောင် အားရပါးရပြုံးလိုက်ကာ မေသူ့ကို စိုက်ကြည့်လိုက်မိသည်။

ခုလိုဆိုတော့လည်း မေသူ့မျက်နှာလေး ဝင်းပ္ပန်းလက်ကာ အပြစ်ကင်းစင်နေသလို ခံစားရသည်။

နဂိုတည်းကမှ လှသူဆိုတော့ လွင်မောင့်စိတ်မှာ ပိုလို့ခင်တွယ်လာမိသည်။

မေသူကိုယ်တိုင်လည်း လွင်မောင်နှင့် အနေနီးလာတော့ တွယ်တာလာမိပါသည်။

လေးစား၊ အားကိုးစိတ်တွေလည်း တိုးဝင်လာသည်။

"ဒါနဲ့ ဟိုတစ်ခေါက်က မေသူတို့ ဘာဖြစ်လို့ ရန်ဖြစ်တာလဲ"

"အလကားပါ အစ်ကိုရာ၊ သူ့အဆက်အိမ်မှာ ဆေးရှက်တွေ လုမ်းတယ်ပြောလို့ ကိုဝဏ္ဏက စိတ်ဆိုးပြီး ရန်ဖြစ်ကြတာ"

"ဟုတ်သားပဲ၊ မေသူက ဘာလို့ပြောရတာလဲ"

"ပြောမှာပေါ့ အစ်ကိုရဲ့၊ အိမ်မှာကျတော့ သူ့ကိုယ်သူ အာဒိုင်တီကျောင်းသားဆိုပြီး ဟန်ကြီးတစ်ခွဲသားနဲ့ ဘာမှ မလုပ်ချင်ဘူး။ သူ့အဆက် အိမ်ကျတော့ နေပူထဲ ကျောပြောင်ကြီးနဲ့ဆိုတော့ အစ်ကိုလည်း စဉ်းစား ကြည့်လေ"

"ဒါကတော့ မေသူရယ်၊ သဘာဝတရားပဲ၊ သူ့ဟည်းလေ လောကီသားပေမို့ ဆိုတာလို သူလည်း ဒီလောကီကို မကွန်ဆန်နိုင်လို့ နေမှာပေါ့၊ အချစ်ဆိုတဲ့ တရားကို နာဖူးတဲ့သူဟာ ဒီတရားတော်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျင့်စဉ်တွေကို ကျင့်ကြံရမှာပေါ့''

မေသူ မဲ့လိုက်ပါသည်။

''အစ်ကိုက ဝဏ္ဏနဲ့သိလို့ ဝဏ္ဏဘက်က နာနေတာလား''

''ဟောဗျာ မေသူနဲ့တောင် ခုမှ စကားပြောဖူးတဲ့ဟာကို၊ ဘယ့်နဲ့ စွပ်စွဲနေရတာလဲ''

''မသိနိုင်ဘူးလေ၊ အစ်ကိုများ သိနေမလားလို့ပါ''

''အစ်ကိုနဲ့သိရအောင် မေသူ မိတ်ဆက်ပေးမှ သိရမှာပေါ့၊ နို့မို့ဆို ဘယ်လိုသိမလဲ''

''ဟင့်အင်း သူတို့နဲ့ မိတ်ဆက်မပေးချင်ပါဘူး၊ မေသူက ကိုယ်ခင်နေတဲ့သူကို ကိုယ်ကလွဲရင် တခြားလူခင်တာ မကြိုက်ဘူး''

''ဒါဖြင့် အစ်ကိုက မေသူကလွဲရင် တခြားဘယ်သူကိုမှ မခင်ရဘူးပေါ့''

''ဒါပေါ့''

''မေသူကကော''

''မေသူကလည်း အစ်ကိုကလွဲရင် ဘယ်သူ့ကိုမှ မခင်ဘူး''

ဩော် မေသူဆိုတဲ့ မိဆိုးလေးရယ်၊ လွင်မောင် ကြည်နူးစွာ ပြုံးလိုက်မိပါသည်။

♡♡♡♥♡♡♡

www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၄]

လွင်မောင် မေသူ့ဆံပင်ရှည်ကို လှမ်းဆွဲလိုက်သည်။

"မေသူက ယောကျ်ားအင်္ကျီတော့ ဝတ်တယ်၊ ဆံပင်ကျတော့ ဘာလို့အတိုမထားတာလဲ"

"အမေ့ကြောင့်ပေါ့ အစ်ကိုရဲ့၊ အမေက မိန်းကလေးဆိုတာ ဆံပင်ရှည်ထားရတယ်ဆိုလို့ထားတာ၊ မေသူကဖြင့် ကတုံးတောင် တုံးချင်သေးတယ်"

"ဟင် ဘာဖြစ်လို့"

"ဘယ်နှယ့် ဒီလောက်လှတဲ့ မိန်းကလေးက ကတုံးတုံးချင်ရတယ်လို့"

"ဘာဖြစ်ရမလဲ အစ်ကိုရဲ့၊ အဖေက ခေါင်းလျှော်ရင် သူကိုယ်တိုင် လျှော်,လျှော်ပေးတာ၊ လျှော်ပေးတိုင်းလည်း သူ့လက်သန်သန်ကြီးနဲ့ တဖျင်း,ဖျင်းကုတ်တာ ဦးရေစုတ်မတတ်ဘဲ၊ ဒါကြောင့် ခေါင်းလျှော်ရမယ့်နေ့ဆို မေသူ သိပ်ကြောက်တာ"

မေသူက ကလေးတစ်ယောက်လို သူခံစားရတာကို ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



လေတော့ လွင်မောင် ရယ်လို့နေမိသည်။

ဘာလိုလိုနှင့် မေသူနဲ့ လွင်မောင်တို့နှစ်ဦးသား တစ်ဦးကို တစ်ဦး တွယ်တာနေမိကြပါပြီ။

တစ်ယောက်ကိုတစ်ယောက် မတွေ့ရရင် မနေနိုင်လောက်အောင်လည်း ခင်မင်နေမိကြပါပြီ။

မေသူက လွင်မောင်ကို အစ်ကိုကြီးတစ်ယောက်လို ချစ်သည်။ လေးစားသည်။ လွင်မောင့်စကားကို နားထောင်သည်။

လွင်မောင်ကလည်း မေသူကို ညီမလေးတစ်ယောက်နှယ် ဆုံးမသည်။ သွန်သင်သည်။

အခုနေကြာလာတော့ သံယောဇဉ်ကြိုးက နှစ်ဦးသားအပေါ် မသိမသာနှင့် ရစ်ပတ်နှောင်တွယ်လာခဲ့လေသည်။

"ဒါနဲ့ အစ်ကိုနဲ့ကျွန်တော် ဒီလောက်ခင်နေတာ ကြာပြီ၊ အစ်ကို့နာမည်ကို ခုထိ မသိရသေးဘူး၊ အစ်ကို့နာမည် ဘယ်သူလဲ"

"လွင်မောင်၊ အစ်ကို့အမေကတော့ အစ်ကို့ကို မောင်လွင်လို့ ခေါ်တယ်၊ မေသူကကော့ အစ်ကို့ကို ဘယ်လိုခေါ်မှာလဲ"

"အစ်ကို့အမေ ခေါ်သလို မောင်လွင်လို့ပဲခေါ်ရင် မကောင်းဘူးလား"

"အဲဒါ လူကြီးခေါ်တဲ့ နာမည်လေ၊ မေသူက လူကြီးမှ မဟုတ်တာ"

"ဒါဖြင့် မေသူက ဘယ်လိုခေါ်ရမှာလဲ၊ ကိုလွင်လား။



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်လား၊ ကိုကိုမောင်လား"

"မေသူ ကြိုက်တာခေါ်ပေါ့"

"ကိုမောင်၊ ကိုကိုမောင်"

မေသူခေါ်တော့ ကိုမောင့်မျက်နှာ ပြုံးသွားသည်။

"ကိုမောင် ရန်ကုန်လာပြီး အလုပ်လျှောက်တာဆိုတော့ အလုပ်ရရင် ပြန်မှာပေါ့နော်"

"ဒါပေါ့ မေသူရယ် ပြန်ရမှာပေါ့၊ ဟိုမှာ အဖေနဲ့အမေက စောင့်နေကြတယ်လေ"

"အလုပ်မလုပ်လို့ မဖြစ်ဘူးလား ကိုမောင်ရယ်"

မေသူ ကလေးတစ်ယောက်လို ကိုမောင့်မျက်နှာကို ငေးကြည့်နေမိပါသည်။

ကိုမောင် ပြန်သွားလျှင် မေသူ ဘယ်သူနဲ့ အဖော်လုပ်ရပါ့။

မေသူ့ပတ်ဝန်းကျင်မှာ မေသူရဲ့အနွံအတာကိုခံပြီး အဖော်လုပ်မဲ့သူ တစ်ယောက်မှ မရှိပါ။

ကိုမောင်ကိုတော့ မေသူ ခင်သည်။ ပြန်သွားမှာကိုလည်း အရမ်းစိုးရိမ်သည်။

စိုးစိတ်ဖြင့်အမေး....

ကိုမောင် မေသူ့ခေါင်းလေးကိုကိုင်ကာ ကလေးတစ်ယောက်လို ရှင်းပြနေသည်။

"အလုပ်မလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ ကလေးရယ်၊ ပညာသင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အလုပ်မလုပ်ရင် ဘာလုပ်မလဲ"

"ပညာတွေကို ဘယ်မှာ အသုံးချမလဲ"

"မိဘကတော့ သားသမီးတွေကို ပညာတတ်ဖို့ ကုန်းရုန်းရှာ လိုက်ရတာ၊ သားသမီးတွေက ပညာတတ်ပြီး ဘာမှမလုပ်ဘဲ အိမ်နဲ့ ထိုင်စားနေလို့ ဘယ်ကောင်းပါ့မလဲ"

"သားသမီးဆိုမှပဲ ကိုမောင်ရယ်၊ မိဘက ကျွေးမွေးရမဲ့တာဝန် ရှိတာပေါ့"

"မိဘကကျွေးပေမဲ့ သားသမီးက အလိုက်သိရမယ်လေ"

"အိမ်မှာတော့ ကိုသူရတို့ ကိုဗလတို့ ဒီလိုပဲစားနေကြတာပဲ ကိုမောင်ရဲ့"

"နိုင်ငံခြားမှာဆို ဘယ်ရမလဲ မေသူရဲ့၊ အသက်အရွယ်ပြည့် တဲ့ သားသမီးတိုင်းဟာ ကိုယ့်ဝမ်းစာကိုယ်ရှာစားရတာ၊ မိဘကို ဒုက္ခ မပေးရဘူး"

မေသူ ကိုမောင့်စကားကို ငြိမ်နားထောင်နေမိလေသည်။ ကိုမောင် ပြောတာတွေလည်း ဟုတ်သလိုလိုပါ။

ဒါပေမဲ့ မေသူတို့ပတ်ဝန်းကျင်မှာ သည်လိုမျိုးစကားကို ပြောတဲ့သူ မရှိပါ။

"မေသူကြီးလာရင် ဘာလုပ်မှာလဲ"

"ဘာမှ မလုပ်ဘူး၊ မိဘလုပ်စာ ထိုင်စားမှာ"

မေသူ လွင်မောင် သက်ပြင်းချလိုက်သည်။ မေသူ့မျက်နှာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



စေ့စေ့စပ်စပ် ကြည့်လိုက်မိသည်။

မေ့သူ့ပုံစံက ဘာအပူအပင်မှမရှိသည့် ကလေးတစ်ယောက်ရဲ့ပုံစံ။

ဘာကိုမှလည်း အလေးမထားသည့်ပုံစံမို့....

"မေသူ့ကို ကိုမောင် တစ်ခုပြောမယ်"

"ဆယ်ခုပြော"

မေသူ ပြောင်စပ်စပ်လေး ဖြေလိုက်သည်။ ကိုမောင်နှင့်တွေ့ရလျှင် မေသူ ပျော်သည်။

အမြဲသာ သည်လိုပျော်ရွှင်နေရသည့် ဘဝလေးကို ပိုင်ဆိုင်ရလျှင် ဘယ်လောက်ကောင်းမလဲနော်....

အတွေးဖြင့် ကိုမောင့်မျက်နှာကို ငေးအကြည့်....

"လောကမှာ လူရယ်လို့ဖြစ်လာရင် ဘာလုပ်ရမလဲ"

"ထမင်းစားရတယ်"

"ပြီးတော့ကော"

"ဆော့ရတယ်"

လွင်မောင် ပြုံးလိုက်သည်။ သူလုပ်နေကြအလုပ်တွေကို ဦးစားပေးကာ ဖြေပုံရသည်။

"ပြီးတော့ကော"

မေသူ မျက်လုံးကို ပေကလပ်ပေကလပ်လုပ်ကာ စဉ်းစားနေပြီးမှ စပ်ဖြဲဖြဲဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အီးအီးပါရတယ်"

"တယ်"

လွင်မောင် မေသူ့ခေါင်းကို ထုချလိုက်သည်။

"ဟုတ်တယ်လေ ကိုမောင်ရဲ့ မေသူသိတာ ဒါပဲဥစ္စာ"

လွင်မောင် ခေါင်းညိတ်လိုက်ပါသည်။

မေသူ ပြောတာမှန်ပါသည်၊ မေသူ ကလေးတစ်ယောက်လို ငြိမ်းချမ်းစွာ နေရသည်။ ဘဝဆိုတာ စားတာ၊ သောက်တာ၊ သွားတာ လာတာ ဒီလောက်ပဲ သိပုံရသည်။

လူကြီးတွေကလည်း မေသူ့ကို သမီးအငယ်ဆုံ လးမို့ ဘာမှပြောပုံမပေါ်....

အလိုလိုက်ကာ သည်အတိုင်း ကလေးတစ်ယောက်လို ထား ခဲ့တာဆိုတော့ မေသူ့အတွေးကလည်း ကလေးတစ်ယောက်အတွေး လောက်ပဲ ရှိနေတာ အဆန်းမဟုတ်ပါ၊ ဒါကြောင့်လည်း....

"ကဲ မေသူ့ကို ကိုမောင်ပြောပြမယ် နားထောင်"

မေသူ မျက်လုံးပြူးကြီးဖြင့် သူ့ကို ငေးစိုက်ကြည့်နေရှာသည်။

"လောကမှာ လူရယ်လို့ဖြစ်လာရင် အလုပ်လုပ်ရတယ်၊ ကလေးလည်း ကလေးအလျောက်၊ လူကြီးလည်း လူကြီးအလျောက် အချိန်တန် အရွယ်ရောက်ရင် အလုပ်လုပ်ဖို့အတွက်ကို ဘယ်အရွယ် တည်းက ရည်ရွယ်ရသလဲဆိုရင် မေသူတို့လို အရွယ်ရောက်တည်း က"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မေသူ ဆယ်တန်းအောင်ရင် ဘာလုပ်မယ် ရည်ရွယ်ထားလဲ"

"ဟင့်အင်း ဘာမှ မရည်ရွယ်ပါဘူး"

"အဲဒါကြောင့် ကိုမောင်ပြောတာပေါ့၊ လူဆိုတာ ရည်ရွယ်ချက် ရှိရတယ်၊ ဦးတည်ချက် ရှိရတယ်၊ ဦးတည်ချက်၊ ရည်ရွယ်ချက် မရှိတဲ့လူဟာ ဘယ်တော့မှလည်း မကြီးပွားဘူး၊ ဘယ်တော့မှလည်း မတိုးတက်ဘူး"

"ဒါဖြင့် ကိုမောင် ဘာရည်ရွယ်ထားလဲ"

"ကိုမောင့်ဖေဖေက တရားသူကြီးဆိုတော့ ကိုမောင့်ဖေဖေလိုဖြစ်ဖို့ ရည်ရွယ်ထားတယ်၊ ရည်ရွယ်ထားလို့လည်း ကိုမောင်စာကြိုးစားခဲ့တယ်၊ ခုဆို ကိုမောင် L.L.B ဘွဲ့ရခဲ့ပြီ၊ ရှေ့ဆက်ပြီး ကြိုးစားရဦးမယ်၊ အဲဒီလိုပဲ မေသူကိုလည်း ကြိုးစားစေချင်တယ်၊ ဘဝကို ရည်မှန်းချက် မြင့်မြင့်မားမား ထားစေချင်တယ်၊ ဘယ့်နှယ့်လဲ ကိုမောင်ပြောတာ သဘောပေါက်လား"

မေသူ ငြိမ်နေမိပါသည်။

သူ သည်အရွယ်သာ ရောက်လာသည်၊ ဒါမျိုးအသိ သည်လို ဆုံးမပဲ့ပြင်သည့်စကားမျိုး သူ့အပါးမှာ ပြောသူမရှိပါ။

အားလုံးက လုပ်ချင်သလိုလုပ်၊ နေချင်သလို နေသူတွေသာ ဖြစ်သည်။

အဖေက စည်းကမ်းကြီး၍ ကြောက်ရပေမဲ့ အမေက အလိုလိုက်တော့ သူတို့လုပ်ချင်ရာ လုပ်ခွင့်သာနေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်တို့ ရည်မှန်းချက်တို့ဆိုတာ သူတို့ဘဝမှာ မရှိ၊ နားလည်း နားမလည်။

အဖေက ပိုက်ဆံရှာမည်၊ အမေက အိမ်ထောင် ထိန်းသိမ်းမည်။ သားသမီးဖြစ်သည့် သူတို့က အလိုက်သင့်လေး နေရုံ ••းရုံ အပြင် ဘာလုပ်ဖို့ လိုအပ်ဦးမှာလဲ....

မေသူ ကိုမောင်ကို လှမ်းပြောလိုက်မိသည်။

"ခုမှ မေသူက ဆယ်တန်းပဲ ဖြေထားသေးတဲ့ဥစ္စာ၊ ဘာကို ရည်ရွယ်ရမှန်း မသိဘူး"

"မေသူ ဘာလုပ်ချင်လဲ"

လွင်မောင် အားတက်သရော မေးလိုက်မိသည်။ မေသူ ခေါင်းလေးခါရင်းမှ....

"မေသူ ဘာမှ မလုပ်ချင်ဘူး"

"ကောင်းကွာ၊ ဒီကတော့ သူ အားကျလာမလား ပြောလိုက်ရတာ ဖတ်ဖတ်ကိုမောလို့၊ သူကတော့ ဘာမှမလုပ်ချင်ဘူးတဲ့၊ ကောင်းတယ်၊ သိပ်ကောင်းတယ်"

မေသူ ကိုမောင့်ပုံစံကြီးကို ကြည့်ကာ ရယ်မောလိုက်မိပါသည်။

လွင်မောင် အားရပါးရရယ်နေသည်။ မေသူ့မျက်နှာလေးကို ကြည့်ကာ သက်ပြင်းသာ ချလိုက်မိပါသည်။

မေသူ လွင်မောင့်လက်ကို လှမ်းကိုင်ရင်း မေးလိုက်သည်။

"နေပါဦး ကိုမောင်က မေသူ့သာ မေးနေတယ်၊ ကိုမောင်



www.burmeseclassic.com

www.burmeseclassic.com



ကရော မေသူ့ကို ဘာလုပ်စေချင်တာလဲ"

လွင်မောင် မေးစေ့ကို ပွတ်ကာ စဉ်းစားနေမိသည်။ အတော်လေးကြာမှ....

"ဆရာမ မေသူ့ကို ဆရာမဖြစ်စေချင်တယ်"

"ဆရာမ ဟုတ်လားကိုမောင်၊ ဘာဆရာမလဲ၊ ဗေဒင်ဆရာမလား"

မေသူက ကိုမောင့်လက်ကိုဆွဲကာ လက္ခဏာကိုအကြည့် ကိုမောင်က သူ့လက်ကို ရုန်းရင်း....

"အဲဒီဆရာမကို ပြောတာမဟုတ်ဘူး၊ ကလေးတွေကို စာပြတဲ့ ဆရာမကိုပြောတာ၊ ကလေးတွေက ရိုးသားတယ်၊ ဟန်ဆောင်မှုကင်းတယ်၊ မေသူလည်း သူတို့လိုပဲ ရိုးသားတယ်၊ ဟန်ဆောင်မှုကင်းတယ်၊ ဒါကြောင့် ကလေးတွေကို စာပြတဲ့ ဆရာမလေးမေသူဖြစ်စေချင်တာ"

မေသူ သဘောကျစွာ ပြုံးနေမိပါသည်။ မျက်ဝန်းထဲမှာလည်း အင်္ကျီအဖြူ၊ ကျောင်းစိမ်းထဘီဖြင့် စာပြနေသည့် ဆရာမလေးမေသူ့ပုံကို မြင်ယောင်လာမိသည်။

မေသူက ဆရာမဆိုတော့ ကိုမောင်က တရားသူကြီးပေါ့နော်၊ တရားသူကြီးနဲ့ ဆရာမမေသူ သဘောကျသလို အပြုံး....

"ဒါပေါ့ ဒါပေမဲ့ ဆရာမဆိုတာကလည်း ကလေးတွေရဲ့ စံပြဖြစ်ရမှာ မေသူရဲ့ အခုပုံစံနဲ့တော့ ဖြစ်မှာမဟုတ်ဘူး"

"ဟင် ဘာဖြစ်လို့လည်း ကိုမောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေသူ သူ့ပုံစံသူ ငုံ့ကြည့်ကာ စိုးရိမ်တကြီး မေးလိုက်မိသည်။

လွင်မောင် မေသူ့ပုံစံကို ကြည့်ကာ ရယ်လိုက်သည်။

"ဆရာမဆိုတာ ဆရာမ်ဂုဏ်သိက္ခာတော့ ရှိရမှာပေါ့၊ ခုတော့ မေသူ့ကိုလည်း မေသူကြည့်ပါဦး၊ မျက်နှာကလည်း ပြောင်တလင်းခါလို့၊ အကျီကလည်း ဘာအကျီကြီးလဲ"

မေသူ သူ့ပါးလေး သုံ့စမ်းလိုက်သည်။

ဟုတ်ပါရဲ့၊ မေသူ သနပ်ခါး ဘယ်တော့မှမလိမ်းတာ၊ အကျီကလည်း အလွယ်တကူ ယူဝတ်လာသည်။ အစ်ကိုတွေရဲ့အကျီတွေဆိုတော့ ပုံမလာ ပန်းမလာ။

"ဟုတ်ပါရဲ့ ကိုမောင်ပြောတာလည်း ဟုတ်သည်"

"ဆရာမဆိုတာ သနပ်ခါးလေးလည်း လူးမှ၊ ပန်းလေးလည်း ပန်မှ၊ ပြီးတော့ သန့်သန့်ပြန့်ပြန့်လေးနှင့် အချိုးလေးလည်းကျမှ ဒါမှ ဆရာမတစ်ယောက်နဲ့ တူမှာပေါ့"

ခုပုံစံကြီးကို ကြည့်ပါဦး ပါမလုံ ပုံမလာ....

မေသူ စိတ်ပျက်သလို မျက်နှာလေး ရှုံ့မဲ့သွားမိသည်။

"ဆရာမလည်း မလုပ်ချင်တော့ပါဘူး ကိုမောင်ရယ်၊ မေသူ့ပုံစံက စိတ်ပျက် စရာကြီး၊ မေသူ့ဘာသာတောင် မေသူစိတ်ပျက်တယ်"

"မေသူရယ်"

လွင်မောင် မေသူ့ကိုငေးကြည့်ကာ အားရပါးရ ရယ်လိုက်သည်။ မေသူကိုယ်တိုင်လည်း ကိုမောင်နဲ့အတူ လိုက်ရယ်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုမောင်ပါ စိတ်ပျက်နေပြီ မဟုတ်လား၊ ဒါကြောင့် ရယ်နေတာပေါ့"

"မဟုတ်ပါဘူး မေသူရယ်၊ မေသူ့ကို သဘောကျလို့ပါ၊ ကိုယ့်ကိုယ်ကိုပဲ စိတ်ပျက်ရတယ်လို့၊ ကဲ မတ်တပ်ရပ်စမ်း၊ ကိုယ်ကို ကြည့်မယ်၊ မေသူ ဘာလုပ်ရမလဲလို့"

မေသူ လွင်မောင့်ရှေ့မှာ မတ်တပ်ရပ်ပြလိုက်သည်။

"မေသူက မျက်နှာကလည်း ပါး၊ နှာခေါင်းကလည်း ချွန်တယ်၊ ဒီတော့ ဘာမှ သိပ်လုပ်စရာမလိုဘူး၊ မနက်ဖြန် သနပ်ခါးပဲ လူးခဲ့၊ ပြီးတော့ အင်္ကျီက ရှပ်အင်္ကျီမဝတ်ခဲ့နဲ့၊ မိန်းမအင်္ကျီပဲ ဝတ်ခဲ့ကြားလား"

မေသူ ခေါင်းညိတ်လိုက်မိသည်။ လွင်မောင် နေရာမှထလိုက်သည်။

"မနက်ဖြန် မေသူ ဘယ်အချိန် လာမှာလဲ"

"ဒီအချိန်ပဲလေ"

"ကောင်းပြီ မနက်ဖြန် ကိုမောင် စောင့်နေမယ်၊ မေသူ ဆက်ဆက်လာခဲ့နော်"

မေသူ ခေါင်းညိတ်ကာ သူမတို့ခြံရှိရာ ဝန်းကြီးထဲကို ပြေးဝင်လာခဲ့လိုက်သည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၅]

မေသူ ရင်တွေခုန်နေသည်။

တစ်ခါမှ မပြင်စဖူး ပြင်ထား၍ ကိုမောင့်ကို ကြည့်ရမှာ ရှက်လှပါသည်။

အိမ်သားတွေမြင်မှာလည်း စိုးလှတာမို့ အိမ်ခန်းထဲက ချောင်လေးထဲမှာ ချောင်ကုတ်ထိုင်ရင်း အိမ်သားတွေအလစ်ကို ချောင်းနေမိသည်။

လူလစ်သည်နှင့် ခြံတံခါးဖွင့်ကာ နောက်ဖေးမှ အိမ်လေးထဲကို ပြေးဆင်းလာခဲ့ပါတော့သည်။

ကိုမောင်မရောက်ခင် သူ အရင်စောင့်မည် အတွေးဖြင့် ဝင်ခဲ့သော မေသူ ကိုမောင့်ကို အရင်တွေ့လိုက်ရတော့ ဘယ်နားကို ပြေးပုန်းရမှန်း မသိအောင်ရှက်ကာ တစ်ကိုယ်လုံး တုန်ရီသွားခဲ့ရ လေသည်။

ရှက်ရှက်နှင့်ပင် ကိုမောင့်ကျောနောက်မှာ ကပ်ရပ်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိပါသည်။

"ကိုမောင် မကြည့်နဲ့နော် မကြည့်နဲ့"

သူ့မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ထားသည့် မေသူ့ကို ကြည့်ရင်း လွင်မောင် ရယ်လိုက်မိပါသည်။

"ကြည့်စမ်း ကောင်မလေး အရမ်းကို ရှက်နေလိုက်တာ"

"ကဲပါ ကိုမောင် မေသူ့ကို မကြည့်ဘူး၊ မေသူ ဒီမှာထိုင်၊ ကိုမောင် ဟိုဘက်ကို လှည့်ထိုင်မယ်"

ပြောသည့်အတိုင်း လွင်မောင် တစ်ဖက်ကို လှည့်ထိုင်နေလိုက်သည်။ ဒါပေမဲ့ စိတ်ထဲမှာတော့ ရယ်ချင်နေမိပါသည်။

မေသူ့ပုံစံက ရယ်လည်း ရယ်ချင်စရာ....

တစ်ခါမှ သနပ်ခါးမလူးဘူးသူမို့ လူးလာသည်က သရဲ အတိုင်း ကျောက်ပြင်ပေါ်များ မျက်နှာမှောက်ကျသလား ထင်ရအောင် ဖွေးဖွေးလှုပ်နေသည်။

လှပလွန်းသော မျက်ဝန်းတစ်စုံပါ သနပ်ခါးအဖွေးသားကြား မှာ ပျောက်ပျက်၍နေသည်။

ဆံပင်ကိုလည်း ခါတိုင်း သူ့ဘာသာ စည်းထားသည်ကမှ ကြည့်ကောင်းနေသေးသည်။ သည်နေ့တော့ အဆန်းထွင်ကာ အုန်း တွေ ရွဲနေအောင်ထည့်လာ၍ အုန်းဆီစီးကြောင်းကြီးက နဖူးပေါ် ဝယ် စီးကျနေလေသည်။

ဒါကို မရွှေမေသူက မသိ....



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရှက်ဖြင့် လက်ဝါးနှင့်အုပ်လိုက်တော့ မျက်နှာပေါ်ရှိ သနပ်ခါးတွေပေါ် အကွက်အကွက်ဖြင့် လှချင်တိုင်း လှနေပေသည်။

အင်္ကျီလေးကတော့ လှပါသည်။

ပန်းရောင်ဖော့ရှန်အင်္ကျီလေး ပုံကျပန်းကျလေး....

ဒါပေမဲ့ တစောင်းရွဲ့ဝတ်ထားသော ရှေ့ရှည်နောက်တို လုံချည် ကြောင့် ဖြူဝင်းသော ခြေသလုံးသားများက ပေါ်လွင်နေရသည်။

ဒီပုံနှင့် ဆရာမလုပ်မည်ဆိုလျှင်တော့....

လွင်မောင် တွေးရင်း အားရပါးရ ရယ်ပစ်လိုက်မိသည်။

လွင်မောင်ရဲ့ရယ်သံကြားတော့ မေသူ ပိုအနေခက်သည်။ ရှက်သည်။ ဒါကြောင့် လွင်မောင့်ကျောကို ထုရင်း အော်ပစ်လိုက်မိ သည်။

"ကိုမောင် ဘာရယ်တာလဲ"

"ဩော် လူတွေက ရယ်စရာ ကောင်းလို့ပါ"

"လူဆိုတာ မေသူ့ကို ပြောတာမဟုတ်လား"

လွင်မောင် ငြိမ်နေလိုက်သည်။

မေသူ လွင်မောင် ကိုယ်ကိုလှုပ်ရင်း....

"ပြောလေ လူတွေက ဘာဖြစ်လဲ"

"ဩော် လှချင်လို့ အလှပြင်တယ်၊ အလှပြင်လို့ ပိုလှတယ်၊ ကြည့်လို့ကောင်းတယ်၊ ဒါပေမဲ့ မေသူကျတော့ အဲဒီလူတွေနဲ့ မတူ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာဖြစ်လို့"

မေသူ ခေါင်းလေးစောင်းကာ သူ့ဟန်အတိုင်း လွင်မောင်ကို ငေးကြည့်နေသည်။ လွင်မောင် ရယ်ရင်း....

"ပြင်လိုက်မှ မလှလို့"

မေသူ မျက်ရည်ဝဲလာမိသည်။ လွင်မောင့်ကိုလည်း တအား ထုလိုက်သည်။

"ဒါကြောင့် မေသူ မပြင်ချင်တာ၊ မပြင်တတ်ပါဘူးဆို အတင်း ပြင်ခိုင်းပြီး၊ အခုတော့ မလှဘူးတဲ့၊ တော်ပြီ တော်ပြီ နောက် ဘယ်တော့ မှကို မပြင်ဘူး"

မေသူ ငိုပါလေပြီ။

အိမ်မှ လူးလာသော မေသူ့သနပ်ခါးပေါ် မျက်ရည်စီးကြောင်း များက ကျလိုက်၊ မေသူက ငိုလိုက်နှင့် သနပ်ခါးတွေလည်း ကုန်ပါပြီ။ မျက်နှာလည်း ပြောင်ပြီ။

လွင်မောင် သည်ဘက်ကို လှည့်ကာ မေသူ့ကို ပွေ့လိုက် သည်။

"တိတ် တိတ် ကိုမောင် အလကားပြောတာ၊ မေသူက သိပ်လှတာ၊ သနပ်ခါးလူးထားရင်လည်း ဖွေးဖွေးလေးလှတယ်၊ သနပ်ခါးတွေ ပျက်ကုန်တော့လည်း ပြောင်ပြောင်လေးလှတာပဲ"

"တော်ပါပြီ ခုနကတော့ ကိုမောင်ပဲ မလှဘူးဆိုပြီး အခု လှတယ် လာပြောမနေနဲ့၊ နောက်ဆို မေသူ ဘယ်တော့မှ သနပ်ခါး



www.burmeseclassic.com

www.burmeseclassic.com



မလှူးဘူး၊ မိန်းမအကျီလည်း ဘယ်တော့မှ မဝတ်ဘူး"

မေသူ လွင်မောင့်လက်ကို ပုတ်ကာ နေရာမှ ထသည်။

လွင်မောင် မေသူ့လက်ကို အတင်းဆွဲရင်း....

"ဒါ ဘယ်လဲ မေသူ"

"ပြန်တော့မလို့"

"မရဘူး လာခဲ့"

လွင်မောင် မေသူ့လက်ကို ဆောင့်ဆွဲလိုက်သည်။ ဖြစ်ချင်တော့....

"အမေ့"

မေသူ လွင်မောင့်ရင်ခွင်ထဲ ပစ်ကျသွားသည်။

မေသူကျသည့်အရှိန်နှင့် လွင်မောင်ပါ ရောကာလဲကျပြီး နှစ်ယောက်လုံး သမံတလင်းပေါ် ပုံကျသွားသည်။

မေသူက အလန့်တကြား လွင်မောင်ကို ဖက်ထားသလို....

လွင်မောင်ကိုယ်တိုင်လည်း ဆွဲမိဆွဲရာ မေသူ့လက်မောင်းလေး နှစ်ဖက်ကိုကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

ပါးချင်းကပ်ရက် ရင်ချင်းကပ်ရက်အနေအထားမို့ နှစ်ဦးလုံး ရင်ခုန်သံတွေ မြန်လာသည်။

အတန်ကြာ သတိမေ့ကာ နှစ်ယောက်သား ကြောင်နေပြီးမှ ဦးစွာ သတိရသူက မေသူပါ။

လွင်မောင့်ရင်ခွင်ထဲမှ အတင်းရုန်းကာ ထရင်း လွင်မောင့် မျက်နှာကို လှမ်းကြည့်ကာ သူတို့ခြံရှိရာကို ပြေးထွက်သွားပါတော့သည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မေသူ ပြေးထွက်သွားမှ လွင်မောင် လှုပ်ရှားဖို့ သတိရလာ ကာ နေရာမှထရင်း လှမ်းအော်လိုက်မိသည်။

"မေသူ မေသူ"

မေသူ့နောက်ကို ပြေးလိုက်ပေမဲ့ သူ့ကိုမြင်ကာမှ ရှက်ရှက်နှင့် အားကုန်ပြေးသွားသော မေသူ့အဖြစ်ကြောင့် သူ လိုက်၍ မမီတော့ပါ။

မေသူ့မှာသာ အိမ်ပေါ်ကို အမောတကြီး ပြေးတက်လာခဲ့ လိုက်သည်။ အိမ်ပေါ်ကို အရောက်....

"ဟင် ကောင်မလေး၊ နင် ဘယ်က ပြန်လာတာလဲ"

မိခင် ဒေါ်ဖြူးဝေက မေသူ့ကို စေ့စေ့ကြည့်နေလေသည်။

မဝတ်စဘူး မိန်းမအင်္ကျီနှင့် သနပ်ခါးနှင့် ပုံစံပြောင်းလဲနေ သော သူ့သမီးကို မမြင်ဘူးသလို ငေးကြည့်နေပါ၍ မေသူ ဘာပြော ရမှန်းမသိ ရင်တွေခုန်ကာ တုန်နေပြီးမှ....

"ဟို.ဟိုနားက ပြန်လာတာ အမေ သမီးသွားတော့မယ် နော်"

မေသူ ကမူးရှူးထိုးပြောပြီးတော့ အိပ်ခန်းထဲကို ပြေးဝင်လာခဲ့ လိုက်သည်။

ဒေါ်ဖြူးဝေမှာ ပုံစံတွေပြောင်း၊ အခေါ်အဝေါ်တွေ၊ အသုံးအနှုန်း တွေ ပြောင်းလာသော သမီးဖြစ်သူကိုကြည့်ကာ ပြုံးရမလို မဲ့ရမလို ပုံစံနှင့် အိမ်ပေါက်ဝတွင် ရပ်ကျန်ရစ်ခဲ့သည်။

မေသူ့မှာသာ ခေါင်းအုံးထဲ မျက်နှာကိုတိုးဝှက်ကာ ရှက်လို့



www.burmeseclassic.com

www.burmeseclassic.com



မဆုံး ရင်ခုန်လို့မဆုံး။

မနက်မိုးလင်းလည်း သည်အကြောင်း၊ နေ့ခင်းလည်း သည်အကြောင်း၊ ညနေမိုးချုပ်လည်း သည်အကြောင်း တွေးကာ မေသူ ရှက်ပြီးရင်း ရှက်နေမိလေသည်။ ရင်တွေ ဖိုနေမိသည်။

ဒါပေမဲ့ ခါတိုင်းသွားတွေ့နေကြ ကိုမောင့်ကို သွားမတွေ့ရဲပါ၊ တွေးလိုက်တိုင်း မေသူ့မျက်နှာက ရဲနေသည်။

ကိုမောင့်ကို မတွေ့ရတော့ မေသူ အားနေသည်၊ ဘာလုပ်ရမှန်း မသိပါ။

လူက အားနေပေမဲ့ အတွေးထဲမှာတော့ ကိုမောင့်စကားသံတွေကို စက္ကန့်မလပ် ကြားနေမိသည်။ ဒါကြောင့် မီးဖိုထဲဝင်လာကာ မိခင်ဖြစ်သူကို ပြောလိုက်မိသည်။

"အမေ"

"ဟေ"

ထမင်းအိုးထည့်ဖို့ပြင်နေသော အမေက သူမကို လှမ်း၍ကြည့်နေသည်။

"သမီး ထမင်းအိုးတည်ချင်တယ် အမေ"

"ဗုဒ္ဓေါ"

အမေက သူ့ကို မျက်လုံးအပြူးသားနှင့် ငေးကြည့်နေသည်၊ သူ့အဖို့ကတော့ ကမ္ဘာကြီးကျွမ်းထိုးမှောက်ခုံဖြစ်ပြီ ထင်ရဲ့..... ကြည့်ပါဦး ခေါ်ပုံကိုက 'အမေ' တဲ့၊ သူမကိုယ်သူမလည်း



www.burmeseclassic.com

www.burmeseclassic.com



သမီးတဲ့.....

ဝတ်ပုံကလည်း မိန်းမအင်္ကျီနှင့် ထမီနှင့်.....

ပထမနေ့ကမှ လုံချည်တိုသေး၊ သည်နေ့တော့ လုံချည်က လည်းရှည်လို့၊ ကြည့်လို့ကောင်းလို့.....

ကိုယ့်သမီးကိုလည်း ဒီတစ်သက် ဘယ်လိုမှ ပုံစံပြောင်းလာ လိမ့်မည်ဟု ဘယ်တုန်းကမှ မထင်.....

ခု ပြောင်းမယ့်ပြောင်းတော့လည်း ဒေါ်ဖြူးဝေ သူ့သမီးသူဖေ ကြည့်နေမိသလို ဦးမောင်အေးကလည်း သူ့သမီးသူကြည့်ကာ မျက် ကို ပွတ်နေသည်။ မေသူမှာသာ သူ့အဖြစ်သူ ရှက်စနိုးပြုံးရင်း...

"အမေ မီးမွှေးပေး၊ သမီး တည်မယ်၊ ဘယ်နှစ်လုံးတည် မလဲ"

"သမီးလက်လေးတွေက လှလှလေးရယ်၊ မီးလောင်ကုန် ဦးမယ်ကွယ်"

ရင်မှဖြစ်သော မိဘရဲ့ ချစ်ခြင်းမေတ္တာပါ၊ ဦးမောင်အေး သာ.....

"သမီးတည်ချင်တာ တည်ပါစေ မဝေရယ်၊ သမီးတည့်တည်

မေသူ မီးဖိုပေါ် ထမင်းအိုးတင်လိုက်သည်။ ဆူ ထမင်းအိုးအဖုံးကို ဖွင့်လိုက်သည်။

ဒါများ ဘာခက်တာလိုက်လို့၊ ကိုမောင့်ကို စိတ်ထဲ လှမ်းပြောမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပွက် နှစ်ပွက်ဆူလာတော့ အမေတို့လုပ်သလို ယောင်းမဖြင့် မွှေပေးလိုက်သည်။

ဒါများ မိန်းကလေးအလုပ်ရှင့်၊ ဦးလွင်မောင်ရဲ့ မေသူတို့ဒီနေ့မှ စလုပ်ပေမဲ့ မခက်ခဲပါဘူး.....

အမေလုပ်သည့်အတိုင်း ဆက်မွှေနေလိုက်သည်။

ဘယ်ကလောက်အထိ မွှေနေသလည်းဆိုလျှင် ဆန်တွေအကုန်ဆန့်ကာ ထမင်းရည် ပျစ်လာသည်အထိပါ။

မွှေလို့ဝမှ အောက်ချကာ လက်နှီးကိုင်ပြီး ငှဲ့လိုက်သည်။

ဟွန့် သူက မေသူ့ကို ဘာမှမလုပ်တတ်ဘူးဆိုပြီး အထင်သေးလွန်းသည်။

ခု တွေ့လား ထမင်းအိုးကျက်တော့မည်။

မေသူ ရေမစစ်ခင် မီးဖိုပေါ် ပြန်တင်လိုက်သည်။ ခဏနေတော့ အငွေ့ထွက်လာသည်။ ကျက်ပြီ ထင်ပါရဲ့။

မေသူ ထမင်းအိုးကိုဖွင့်ကာ လက်နဲ့ဖိကြည့်သည်။ ဟာစိစိနဲ့ နပ်သေးပုံမပေါ်.....

ဒါပေမဲ့ မချသေးဘဲ မီးဖိုပေါ် ပြန်တင်လိုက်သည်။ခဏနေတော့ တူးနံ့ထွက်လာသည်။ မချလို့ မဖြစ်တော့.....

မေသူ ချရင်း ကိုမောင့်ကို စိတ်ထဲမှ လှမ်းပြောလိုက်သည်။

ကဲ.....ဦးကိုကိုမောင် ထမင်းစားမလား မေသူ ချူးပိုက်တော့မယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မေသူ တကယ်လည်း အပြင်မှာ ထမင်းရှုးနေမိပါသည်။ အဖေစားဖို့ ပြင်နေမိသည်။

ဒီတော့မှ သူ တကယ်မတတ်မှန်း အဖြေက ပေါ်လာသည်။

ထမင်းကို အကြာကြီးမွှေနေ၍ ထမင်းက ပျော့သွားသလို၊ ရေကိုစစ်အောင် မငှဲ့တော့ ရေကကျန်သည်။

နှပ်ပြန်တော့လည်း မီးကိုလျှော့မနှပ်၍ အပေါ်က သိပ်မနှပ်ဘဲ အောက်ကတူးနေလေသည်။

အဖေကတော့ သမီး ထမင်းချက်သည်ကို သဘောကျစိတ်နှင့် ကြံဖန်ကာ ချီးမွမ်းနေသည်။

"ငါ့သမီးချက်တာ သိပ်ကောင်းတာပဲ၊ အဖေဆို ဝါးစရာတောင် မလိုတော့ဘူး"

မေသူ ကိုယ်က မကျွမ်းကျင်တဲ့အဖြစ်ကို သိလိုက်ရပြီမို့ နောက်တစ်နေ့ ထပ်ချက်ပြန်သည်။

ကိုမောင်နှင့် မတွေ့ရပေမဲ့ တွေ့ရတဲ့အခါ သူ ဘယ်လောက်တော်ကြောင်း ကြွားချင်သည်။

ဒါကြောင့် ရှက်၍မတွေ့ရသည့် ရက်များကြားထဲ အစွမ်းကုန်ကြိုးစားနေခြင်းလည်း ဖြစ်ပါသည်။

သည်နေ့တော့ မေသူပါးပြီ၊ ပထမနေ့ကလောက် မဖွဖြစ်တော့ စောစောချကာ ရေကိုစစ်အောင် ငှဲ့သည်၊ ထမင်းကို မီးခဲနှင့် နှပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ဦးကိုကိုမောင် ဒီနေ့ကော ဘာအပြစ်ပြောဦးမှာလဲ.....

မေသူ့ ထမင်းပြင်လိုက်သည်။ ပန်းကန်ထဲကို ထမင်းအထည့် ကိုယ့်ထမင်းကိုယ် အံ့ဩရသည်။

ထမင်းတွေက မာလိုက်တာ ဆန်စေ့အလားပါ၊ တစ်စေ့တစ်စေ့ ကွဲထွက်ကာ ပန်းကန်ထဲထည့်လျှင်ပင် အသံမြည်ချင်နေသည်။

မေသူ သူ့ထမင်းသူကြည့်ကာ မျက်နှာငယ်နေတော့ အဖေက နှစ်သိမ့်သည်။

"ငါ့သမီး ထမင်းစားရတာ ကောင်းတယ်၊ အဲဒီလို မာတော့ အဆာခံတာပေါ့၊ သမီးအမေ ချက်တာဆို အဆာမခံဘူး၊ ခဏ,ခဏ ဆာတယ်"

"အဖေရယ်"

မေသူ အဖေ့မျက်နှာကို မော့ကြည့်နေသည်။

ခါတိုင်း မိဘမေတ္တာကိုလည်း နားမလည်၊ ချစ်တာကိုလည်း နားမလည်ခဲ့သော မေသူ တကယ်ချစ်ရသူနှင့် တွေ့လာတော့မှ မိဘမေတ္တာကို နားလည်ရသည်။ စာနာရသည်။ ဒါကြောင့်.....

"သမီး နက်ဖြန်ဆို အဖေ စားလို့ကောင်းအောင် ချက်တတ်ပါပြီ အဖေ"

အလုပ်ဆိုတာကလည်း မလုပ်ရင် ဘာမှမတတ်၊ လုပ်မှတတ်သည်။ ကျွမ်းကျင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုလိုနှင့် ခုတော့ မေသူ ထမင်းကို ကောင်းကောင်း ချက်တတ်ပါပြီ။

ကော့ပျံနေသော ထမင်းလေးများကို ကြည့်ကာ မေသူ့ရင်မှာ ပီတိဖြစ်ရသည်။ ကိုမောင့်ကို ကြွားချင်မိသည်။

သည်နေ့ဆို မေသူ ကိုမောင်နဲ့မတွေ့ရတာပင် တစ်ပတ်တိတိ ပြည့်ပါတော့မည်။ မတွေ့ရတာကြာတော့ တွေ့ချင်မိသည်။

သည်တစ်ပတ်အတွင်း မေသူ ဘယ်လောက်အထိ ကြိုးစား ခဲ့ရသည်ဆိုတာ ကြွားချင်မိသည်။

ရက်ကြာလာတော့ ရှက်တာတွေလည်း မရှိတော့ပါ။ တွေ့ ချင်စိတ်ကသာ မေသူ့ကို လွှမ်းမိုးနေလေသည်။

ကိုမောင်ကိုယ်တိုင်လည်း မေသူ့ကို တွေ့ချင်နေမှာပါလေ။

မေသူ ရေမိုးချိုးကာ သနပ်ခါးလူးလိုက်သည်။

ခါတိုင်း ပြီးစလွယ် စက်သွေးသနပ်ခါးလောက်သာ လူးဖြစ် သော်လည်း သည်နေ့တော့ စက်သွေးမလူးချင်၊ မွှေးကြိုင်နေသည့် ရင်မတော်သနပ်ခါး လူးချင်သည်။ ဒါကြောင့် အမေ့ကို ပူဆာလိုက် သည်။

"အမေ ရင်မတော်သနပ်ခါး မရှိဘူးလား"

"အလိုတော်"

အမေက မေသူ့ကို ကြည့်ကာ ပြုံးလေသည်။

မေသူ ရှက်ကိုးရှက်ကန်းရယ်လိုက်ရင်း....



www.burmeseclassic.com

www.burmeseclassic.com



"အမေကလည်းနော် ဘာပြုံးတာလဲလို့၊ စက်သွေးတွေက လူးသာလူးရတယ် လူးပြီးရင် ပိန်းပိတ်နေတာပဲ၊ ရှံ့ဖွက်ထဲ လဲကျလာ သလိုပဲ၊ သမီးတို့ကျောင်းက အစ်မတွေ ဆရာမတွေဆို အဲဒီ ရှင်မတောင်လူးတာ ဖွေးပြီး မွှေးနေတာပဲ"

"အေး အမေက ထုတ်ပေးချင်တာ ကြာလှပြီ၊ သမီး လူးမှာ စိုးလို့၊ ရော့ ဒါက ရှင်မတောင်တုံး၊ ဒါက မက်(စ်)ဖက်တာ ပေါင်ဒါ"

မေသူ သနပ်ခါးတုံးနှင့် ပေါင်ဒါဘူးကို ကြည့်ကာ ပြုံးသွား သည်။

သည်နေ့ညနေတော့ အပြတ်ပြင်သွားမည်။

အရင်တစ်ခါ သူ့ မပြင်တတ်ပြင်တတ်နှင့် ပြင်တာကို ကိုမောင်က ရယ်ချင်သည်။ ဒီတစ်ခါတော့ သဘောကျစေရမည်။

မေသူ သနပ်ခါးကို ညီညီလူးကာ ပါးကွက်လေး ပါးပေါ် ခင်လိုက်သည်။ ပြီးတော့ သွားပွတ်တံနှင့် ပေါင်ဒါရိုက်လိုက်သည်။

မေသူ့မျက်နှာက ဖွေးနုကာ ဆံပင်ကို စုစည်းထားရာမှ သည်နေ့တော့ စုမစည်းထားတော့ဘဲ ကျောင်းကအစ်မများ လုပ်သလို ထားခွဲကာ ကျစ်ဆံမြီးနှစ်ဘက် ကျစ်လိုက်သည်။ အဖျားကို ဖဲကြိုး ခနက်နှင့် အပွင့်ဖော်ကာ ချည်လိုက်သည်။

ချည်ရင်းမှ မေသူ ကိုကိုမောင်ကို တီးတိုးစကား ဆိုလိုက်မိ သည်။



www.burmeseclassic.com

www.burmeseclassic.com



မေသူဟာ မိန်းကလေးပါ ကိုကိုမောင်ရယ်၊ မပြင်ချင်လို့သာ နေချင်နေတယ်၊ ပြင်မယ်ဆိုတော့လည်း မေသူ ပြင်တတ်တာပဲ ကဲ ကိုကိုမောင် မေသူ့ကို ဘယ်လို အပြစ်ရှာမလဲ.....

မေသူ ကိုယ်လုံးပေါ်မှန်ရှေ့တွင် ကိုယ်ကိုပတ်ကာ လှည့်ကြည့်လိုက်သည်။

ခါတိုင်း ဘော်လီက ပုံမကျပန်းမကျ၊ သည်နေ့တော့ ပုံကျပန်းကျ၊ ဘော်လီဝတ်ထားတော့ အဝါနုရောင်ဖော့ရှန်အင်္ကျီလက်စက အစိမ်းပုတ်ပေါ် အဝါရောင်ချိတ်လုံချည်လေးကြောင့် မေသူ့အလှက ပြည့်စုံ သွားချေပြီ။

သည်လုံချည်လေးကို သူ ဆယ်တန်းဖြေပြီးကာစက အမေ ဝယ်ပေးခဲ့တာ ဖြစ်သည်။

ထိုအချိန်က သူ စိတ်ဆိုး၍ လွှင့်ပစ်ခဲ့ဖူးသည်။

ခုတော့ သည်လုံချည်လေးက သူ့အတွက် အသုံးဝင်ပါပြီ။ သူ့ကိုယ်သူ မှန်ထဲကြည့်ကာ မေသူ သဘောကျသွားသည်။

♡♡♡♥♡♡♡

www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၆]

ဟိုးအရင် မပြင်မဆင်တုန်းက မေသူနှင့် အခုပြင်ဆင်ပြီး မေသူက နတ်ရေကန်ထဲတွန်းချလိုက်သလို အသွင်ပြောင်းခဲ့လေသည်။

ကိုယ့်ရုပ်ကိုကြည့်ပြီး မေသူ ပြုံးလိုက်မိသည်။

ကိုယ့်ရုပ်ကို ဒီလောက်လှမှန်းလည်း ခုမှသိသည်။ ကြည့်ရင်း မေသူ ရှက်စနိုးပြုံးကာ ကိုမောင်တို့တိုက်ရှိရာကို ထွက်လာခဲ့သည်။

စာဖတ်နေရာမှ အပေါ်က ရိပ်ခနဲထိုးကျလာသော ဝါနုနု ရောင် အရိပ်ကလေးကြောင့် လွင်မောင် စာဖတ်နေရာမှ အသာမော့ ကြည့်လိုက်မိပါသည်။

ပထမတော့ ရှုဘီ ထင်မိသည်။

ကြည့်ရင်း ကြည့်ရင်း လွင်မောင် အံ့ဩဝမ်းသာသွားခဲ့ရသည်။

မေသူ့လက်ကို ဝမ်းသာအားရ ပြေးဆွဲကာ ခါရမ်းလိုက်မိ သည်။

"မေသူ မေသူရယ်၊ မေသူ လာသေးတယ်နော်၊ ကိုမောင် မေသူ့ကိုစောင့်တာ တစ်ပတ်တောင်ရှိနေပြီ မေသူ ဘာလို့မလာတာလဲ"

ကြော်ငြာနှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



မေသူ ခေါင်းငုံ့ကာ ပြုံးနေလိုက်သည်။

လွင်မောင့်မှာသာ မေသူ့မျက်နှာလှလှကို ကြည့်ရင်း မချင့်မရဲ လေသံနှင့် လှိုက်လှဲစွာ ပြောနေမိသည်။

"ပြောလေ မေသူ၊ မင်းလေး ဘာလို့ မလာတာလဲ၊ ကိုမောင် ဒီအိမ်လေးက ညမိုးချုပ်မှ အမြဲပြန်တယ်၊ ပြန်တာတောင် မေသူလေး လာနိုးနဲ့ ဒီဘက်ပဲ အမြဲကြည့်နေမိတာ၊ မေသူ နေနိုင်ပေမဲ့ ကိုမောင် မနေနိုင်ဘူး၊ မေသူ့ကို တစ်နေ့မတွေ့ရရင် မနေနိုင်တော့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ မေသူ သိလား"

မေသူ ကိုမောင့်မျက်နှာကိုကြည့်ကာ ခေါင်းလေးရမ်းပြသည်။

လွင်မောင် မေသူ့ပခုံးလေးကို လက်နှစ်ဖက်နှင့် တင်းတင်း ညှစ်ရင်း....

"မေသူ တကယ်မသိဘူးလား"

"ဟင့်အင်း"

"မသိရင် နားထောင်၊ ကိုမောင်ပြောမယ်၊ ကိုမောင် မေသူ့ကို သိပ်ချစ်နေလို့ပဲ"

"ကိုမောင်ရယ်"

မေသူ ကိုမောင့်ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ မျက်နှာကို ဝှက်ထား လိုက်မိပါသည်။

မတွေ့ခင်က တွေ့ချင်သည်။ တွေ့ရပြန်တော့လည်း ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှက်သည်။ စကားပြောရမှာ မဝံ့မရဲဖြစ်နေသည်။

ဒါဟာ အချစ်လား....

မေသူ ရင်ခုန်ရပါသည်။ ရင်ခုန်ခြင်းနှင့်အတူ ကြည်နူးခြင်းကို ပါ တပြိုင်တည်း ခံစားရပြန်သည်။

လွင်မောင် မေသူ့မျက်နှာကို ဆွဲမော့လိုက်ပါသည်။

မပြင်တတ် မဆင်တတ်ခင်ကတောင် ကပိုကရိုအလှနှင့် လွင်မောင် မြတ်နိုးကာ ချစ်ခဲ့ရသေးလျှင် ခုလို ပြင်တတ် ဆင်တတ်လာ သည့်အချိန်မှာတော့ လွင်မောင် ရင်မှအချစ်တွေ မချုပ်ထိမ်းနိုင်တော့ ပါ။ အလိုလို ဖွင့်အံကာ အပြင်ကို ခုန်ပေါက်ထွက်လာပါပြီ....

"ချစ်တယ် မေသူရယ်၊ ကိုမောင် သိပ်ချစ်တယ်"

မေသူ့မျက်နှာမှ သနပ်ခါးတွေ ကုန်ပါပြီ။

မေသူ မျက်လုံးကို မှိတ်ထားလိုက်သည်။ ကိုမောင့်ကို သူ မကြည့်ရဲပါ၊ ကိုမောင့်အနမ်းများကိုသာ မျက်နှာလေးမော့ကာ ခံနေပြီးမှ....

"ကိုမောင်"

"ဗျာ"

လွင်မောင် မေသူကို ရင်ခွင်ထဲဝှက်ထားမိသည်။

"မေသူ့ကို သတိရလား"

"အချိန်တိုင်း သတိရတယ်၊ မေသူကော"

"စက္ကန့်တိုင်းပါ ကိုမောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြေဘိ ခွဲခွာခဲ့ရသော ရက်လေးများက သူတို့နှစ်ဦး၏ ရင်မ
အချစ်တွေကို ပွင့်ဖူးစေသည်။ ပေါက်ကွဲထွက်စေသည်။

လွင်မောင် မေသူ့လက်လေးကိုဆွဲကာ ထိုင်ခိုင်းလိုက်သည်
နောက် မျက်နှာလေးကို ဆွဲမော့လိုက်သည်။

"ဒီမျက်နှာလေးကို မမြင်ရတော့လေ၊ ကိုမောင် စားလို့လည်း
မဝင်ဘူး၊ အိပ်လို့လည်း မပျော်ဘူး၊ မေသူကော"

"ကိုမောင့်လိုပါပဲ ကိုမောင်ရယ်"

"ယုံပါတယ် ကလေးရယ်"

မညာတတ်သူလေးမို့ လွင်မောင် ယုံပါသည်။

"ဒါနဲ့ ကိုမောင့်ကို လာမတွေ့တဲ့ရက်တွေမှာ မေသူလေး
ဘာလုပ်နေလဲ၊ အိမ်မှာကော ရှိရဲ့လား"

"ရှိပါတယ်၊ မေသူ ထမင်းအိုးတည်နေတယ်"

"တကယ်"

လွင်မောင့်မျက်ဝန်းများက မယုံရဲ....

"တကယ်ပါ ကိုမောင်ရဲ့၊ ခု မေသူ ကောင်းကောင်းချက်
တတ်ပြီ"

"ဒါဖြင့် ကိုမောင်နဲ့လက်ထပ်ပြီးရင် ကိုမောင့်ကို ထမင်းချက်
ကျွေးရမယ်၊ ကျွေးမှာလား"

"ဟာ ကိုမောင်က ဘာတွေပြောနေတာလဲ"

မေသူ ရှက်ရှက်ဖြင့် ခေါင်းငုံ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင် မေသူ့ကို တကယ် လက်ထပ်မှာပါ၊ အဲဒီကျရင် ပြောတာ"

"ကျွေးမှာပေါ့၊ ဒါပေမဲ့ မေသူ ဟင်းမချက်တတ်သေးဘူး"

"ကိုမောင် ပြပေးမှာပေါ့"

မေသူ ကိုမောင့်ကို မော့ကြည့်လိုက်သည်။

သည်အကြည့်က အားကိုးသောအကြည့်၊ မြတ်နိုးသော အကြည့်၊ ချစ်လွန်းသောအကြည့်....

မေသူ့နှယ် လွင်မောင်ကလည်း မေသူ့ကို ကြည့်နေမိသည်။

သည်အကြည့်က ချစ်လွန်းသောအကြည့်၊ ကြင်နာလွန်းသော အကြည့်....

သည်အကြည့်များ ပေါင်းဆုံမိချိန်မှာတော့....

"သိပ်ချစ်တယ် ကလေးရယ်"

"မေသူလည်း ကိုမောင့်ကို ချစ်တာပါပဲ"

နှစ်ဦးသား မခွဲနိုင်မခွာရက်သလို လွင်မောင်က မေသူ့ကို တင်းတင်းကျပ်ကျပ် ဖက်ထားသလို မေသူကလည်း လွင်မောင့်ကို ပြန်ဖက်ထားလိုက်ပါသည်။

လွင်မောင် မေသူ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ရင်ထဲက ဆန္ဒကို ပြောပြလိုက်သည်။

"ကိုမောင် မေသူတို့အိမ်က လူကြီးတွေနဲ့ တွေ့ချင်တယ်"

"ဘာလုပ်ဖို့လဲ ကိုမောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒြသြ် ကိုမောင့်ကိုလည်း လူတွေသိပြီး မေသူတို့အိမ်က လက်ခံလာအောင်လို့ပါ"

"မေသူ လက်ခံနေပြီပဲ ကိုမောင်ရယ်"

"မဟုတ်ဘူးလေ၊ လူကြီးတွေသိတော့ ပိုကောင်းတာပေါ့၊ လူကြီးတွေ သိသွားတော့ ပိုကောင်းတာပေါ့၊ လူကြီးတွေ သိသွားရင် ကိုမောင့်မိဘတွေဆီလည်း အကြောင်းကြားလို့ရတာပေါ့"

"မေသူ ငယ်ပါသေးတယ် ကိုမောင်ရယ်၊ လူကြီးတွေလည်း မသိစေချင်သေးပါဘူး ရှက်တယ်၊ အဖေကဆို မေသူ့ကို ကလေးလို ပဲ မြင်နေတာ၊ ကိုမောင်နဲ့ ခုလိုဖြစ်နေတာသာသိရင် ဘယ်လောက်များ ဒေါပွနေမလဲ မသိဘူး"

"ဒါဆို မေသူ့သဘောပါပဲ၊ ကိုမောင်ကတော့ မေသူ့ထက် ကြီးတယ်၊ မေသူနဲ့ပတ်သက်ရင် ကိုမောင့်ကို စိတ်ချစေချင်တယ်"

"မေသူ စိတ်ချပါတယ် ကိုမောင်ရယ်"

မေသူ ကိုမောင့်၏လက်ကို အားကိုးစွာဖြင့် ဖက်တွယ်ထား လိုက်သည်။ နောက် ကိုမောင်၏ မျက်နှာကို လက်လေးဖြင့် ယုယစွာ ကိုင်ရင်း မေးလိုက်သည်။

"ခု ကိုမောင်ရဲ့အလုပ်ကကော ဘာတဲ့လဲ"

"ရခါနီးပါပြီ၊ အလုပ်ရတာနဲ့ ဖေဖေတို့ကို စာရေးခေါ်လိုက် မယ်၊ ပြီးရင် ကိုမောင်သိပ်ချစ်တဲ့ မေသူနဲ့ လက်ထပ်ပြီးသားတွေ သမီးတွေမွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



လွင်မောင် ကိုယ့်အတွေးကိုယ် သဘောကျစွာ ရယ်နေမိသည်။ မေသူ မျက်နှာနီနီလေးဖြင့် လွင်မောင့်ပေါင်ကို ထုရင်း အော်လိုက်မိသည်။

"ကိုမောင်နော် ဘာတွေ ပြောနေတာလဲ"

"သဘာဝတရားကို ပြောနေတာလေ၊ ဒါ သဘာဝပဲဥစ္စာ၊ သဘာဝကို ကိုမောင်တို့ တားလို့ရမလား၊ လွန်ဆန်လို့ရမလား၊ မလွန်ဆန်နိုင်လို့တောင် ချစ်သူဖြစ်ခဲ့ပြီးမှပဲဥစ္စာ"

"ဟင် မေသူကတော့ တားရမှာပဲ၊ ခုမှ မေသူက ကျောင်းသူပဲ ရှိသေးတဲ့ဥစ္စာ"

"ဟုတ်တယ်လေ၊ ခုချိန်မှာတော့ ကျောင်းသူပေါ့၊ ကိုမောင်နဲ့ လက်ထပ်ပြီးရင် မေသူဟာ ကိုမောင်ရဲ့အိမ်သူ ဖြစ်လာရတော့မယ်လေ"

မေသူ ရှက်ရှက်နှင့် ပြုံးနေလိုက်သည်။

လွင်မောင် မေသူ့လက်ကလေးကို မချင့်မရဲ သူ့သွားလေးနှင့် မနာအောင် ငုံလိုက်မိသည်။

"မေသူက သိပ်ချစ်စရာကောင်းတယ်"

"အရင်တုန်းကတော့ မေသူ့ကို သိပ်မုန်းမှာပဲနော်"

"ဟုတ်တယ်၊ အရင်တုန်းကတော့ မေသူ့ကို ဟောဒီလိုဖမ်း၊ ဟောဒီလိုချုပ်၊ ဟောဒီလို မလှုပ်နိုင်အောင် ဖမ်းတုတ်ထားချင်တာ"

ကိုယ့်စကားနှင့်ကိုယ် ကိုမောင်၏ ဖမ်းချုပ်နှောင်မှုများ အောက်မှာ မေသူ အနေခက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့မယ် ကိုမောင်ရယ်"

မေသူ့အသံက လှိုက်မော၍ နေသည်။

လွင်မောင် အပြင်ကို လှမ်းကြည့်လိုက်မိပါသည်။

ကြည့်စမ်း၊ နေပင် ဝင်လုပါပကော၊ အချိန်ကလည်း အကုန်မြန်လိုက်တာ....

ချစ်သူနှင့်ပင် စကားဝဝ မပြောရသေး၊ ချစ်သူမျက်နှာကိုပင် ကြာကြာ မကြည့်ရသေး၊ တွန့်တိုလွန်းလှသော အချိန်နာရီတွေကိုပင် ဒေါပွချင်လာမိသည်။

လွင်မောင် မေသူ့လက်လေးကို ဆုပ်ကိုင်ရင်း မချင့်မရဲပြောလိုက်မိပါသည်။

"ကိုမောင် မေသူတို့အိမ် လာချင်ပြီကွာ၊ မေသူနဲ့ကိုမောင့် အကြောင်းကို အသိပေးချင်လှပြီ"

"တစ်နေ့တော့ သိရမှာပေါ့ ကိုမောင်ရယ်၊ စောပါသေးတယ်"

"စောသေးတယ် ဟုတ်လား၊ ခင်ဗျားလေးက စောနေ၊ တော်ကြာ ကျုပ်အဖို့ နောက်ကျသွားတော့ ဘယ့်နှယ့်လုပ်ရမှာတုန်း"

"ဘာကို နောက်ကျရမှာလဲ ကိုမောင်ရယ်"

မေသူ ကိုကိုမောင်ရဲ့မျက်နှာလေးကို ကြည့်ရင်း နားမလည်သလို မေးလိုက်မိသည်။

လွင်မောင် မေသူ့မျက်နှာလေးကို အားမလိုအားမရ စိုက်ကြည့်ရင်း....



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို နောက်ကျရမှာလဲဆိုတော့ ခု မေသူက အရင်က မေသူ မဟုတ်တော့ဘူးလေ၊သိပ်လှလာပြီ၊ ဒီတော့ လူဆိုတာ အလှ မက်တဲ့လူတွေချည်းပဲ မေသူ့ကို မမြင်ဘဲနေမလား ဂရုမစိုက်ဘဲ နေမလား၊ ကိုယ်မြတ်နိုးလွန်းလို့ တယုတယ စိုက်ပျိုးယုယထားတဲ့ မေသူဟာ ကိုယ့်အတွက် ရင်ခွင်ဦးမဖြစ်ဘဲ သူများဆီရောက်သွားရင် ကိုယ့်ရင်မှာ ဘယ်လိုခံစားရမလဲ"

"အမယ်လေး ကိုမောင်ရယ်"

မေသူ အားရပါးရ ရယ်မောလိုက်ပါသည်။

လွင်မောင် မေသူ့ပခုံးလေးကို ညှစ်ရင်း အားမလိုအားမရ ပြောလိုက်မိပါသည်။

"ကိုမောင်ပြောတာတွေက ရယ်စရာဖြစ်နေလို့လား မေသူ"

"ရယ်စရာပေါ့ ကိုမောင်ရဲ့၊ လူတွေ အလှမက်တာကို မေသူ လက်ခံပါတယ်၊ ဒါပေမဲ့ အဲဒီအလှမက်တဲ့လူတိုင်းကို မေသူက လက်ခံရမှာလား၊ မေသူ စသိခဲ့တဲ့ သူစိမ်းယောကျ်ားဟာ ကိုမောင်ဟာ မေသူရဲ့ ငယ်ချစ်ဦးရင်ခွင်ပါ"

"ကလေးရယ်"

နှစ်ဦးသား တင်းကျပ်စွာ ဖက်မိကြပြန်သည်။ ခွဲရခါနီးလေ မခွဲချင်လေပါ။

ဝေးကွာခြင်းက နီးစပ်ခြင်းကို ဖန်တီးသလို နီးစပ်ခြင်းက လည်း ပေါင်းစပ်ခြင်းကို ဖန်တီးပြန်ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လွင်မောင် မေသူ့ကိုယ်လေးကို မလွတ်တမ်းဖက်ရင်း လှိုက်မောစွာ ပြောလိုက်မိသည်။

"မေသူရယ် ကိုမောင် မေသူ့ကို သိပ်ချစ်ပါတယ်၊ မပြန်ပါနဲ့တော့လားဟင်"

"မေသူလည်း ကိုမောင့်ကို သိပ်ချစ်ပါတယ်"

မစွမ်းရင်းကလည်းရှိုက်ပြီမို့ ကန်စွန်းခင်းက ငြိုကြလေပြီ။

♡ ♡ ♡ ♥ ♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၇]

မေသူ သူ့မျက်နှာလေးကို လက်ဝါးဖြင့် အုပ်ထားလိုက်မိပါသည်။

ရှက်သည်၊ သိပ်ရှက်သည်၊ ကိုမောင့်မျက်နှာကို ဘယ်လိုကြည့်ရမှန်းပင် မသိအောင် ရှက်သည်။

လွင်မောင် မေသူ့လက်ကလေးကို ဆွဲဖယ်ကာ ကြင်နာစွာ ထွေးပွေ့လိုက်မိပါသည်။

"မေသူ"

မေသူ မထူးပါ၊ ကိုမောင့်ရင်ခွင်မှာ ခေါင်းတိုးဝင်ကာ ရှက်ရွံ့စွာ ငြိမ်နေလိုက်မိပါသည်။

လွင်မောင် မေသူ့ဆံပင်နုနုလေးကို ရှိုက်နမ်းလိုက်မိလေသည်။

ဖြစ်ပြီးမှတော့ နောင်တမရချင်ပါ၊ မှားသည်ဟုလည်း မဆိုချင်....

မေသူ သူ့ကို သိပ်ချစ်သလို၊ သူကိုယ်တိုင်လည်း မေသူ့ကို



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ပါသည်။ ခွဲရမှာလည်း စိုးရိမ်ပါသည်။

ဒါကြောင့် သူ ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်မိသည်။

"ကိုမောင် ဖေဖေတို့ဆီ ခဏပြန်ဦးမယ်"

မေသူ ကိုမောင့်ကို မျက်လုံးရွဲကြီးဖြင့် မော်ကြည့်လိုက်မိပါသည်။

"မပြန်ပါနဲ့တော့လား ကိုမောင်ရယ်၊ မေသူ ကိုမောင့်ကို မခွဲနိုင်ဘူး"

လွင်မောင် ယုံပါသည်။ မေသူ့အချစ်ကို သူ သိပါသည်။

ဒါပေမဲ့ မေသူနဲ့ယှဉ်လျှင် သူကလူကြီး၊ လူမဆန်ရာကျမည့် အဖြစ်မို့လည်း မေသူ့ကို နှစ်သိမ့်လိုက်မိပါသည်။

"ခဏလေးပါ အချစ်ရယ်၊ မေသူ့ထက် ကိုမောင်က မေသူ့ကို ပိုလို့ မခွဲချင်သေးတာပါ၊ တတ်နိုင်ရင် မေသူ့ကို ကိုကို့ရဲ့ ဟောဒီ ရုပ်အင်္ကျီအိတ်ထဲ ထည့်ပြီး သွားလေရာကို ခေါ်သွားချင်တာပါ။ အခုလိုအချိန်မှာ မေသူမခွဲချင်သလို ကိုမောင်လည်း မခွဲချင်ပါဘူး။ ဒါပေမဲ့ ခဏခွဲရတာဟာ တစ်ဘဝနီးစပ်ဖို့အတွက်ဆိုတာ ကလေး နားလည်စမ်းပါ"

မေသူ မျက်ရည်ကျလာမိသည်။

ကိုမောင်နဲ့တွေ့ပြီးမှ ဒီတစ်ခါပါဆို နှစ်ခါရှိပြီ မျက်ရည်ကျရတာ....

ပထမတစ်ခါ စတွေ့စဉ်က တစ်ခါ....



www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ခါ....

နောက်ဘယ်နှစ်ခါများ ငိုရဦးမှာလဲ ကိုမောင်ရယ်....

မေသူ ကိုမောင့်မျက်နှာကို ငေးကြည့်နေလိုက်သည်။

နောက် ကိုမောင့်ကို တင်းတင်းကြပ်ကြပ်ဖက်ကာ မျက်ရည်များနှင့် စကားဆိုလိုက်မိသည်။

"မေသူ့ကို အကြာကြီး ခွဲမထားပါနဲ့၊ ကိုမောင်ရယ် မေသူ လွမ်းလို့သေတော့မယ်"

"ဩော် ကလေးရယ်"

လွင်မောင့်မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲတက်လာသည်။

နောက် မေသူ့ကိုယ်လေးကို ယုယစွာ ထွေးပွေ့ရင်း ကြင်နာစွာ ပြောလိုက်မိသည်။

"ကိုကို အမြန်ဆုံးပြန်ခဲ့ပါ့မယ် ကလေးရယ်၊ အလွန်ဆုံး ကြာလှ နှစ်ရက်,သုံးရက်ပေါ့"

ထိုနေ့ညက မေသူ အိမ်ပြန်လာတော့ မိုးစုပ်စုပ်ချုပ်နေပါပြီ....

အမေက ဘယ်သွားနေတာလဲ မေးတာကို သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်တာဟု ညာပြီး မေသူ သူ့အခန်းထဲ ဝင်လာခဲ့လိုက်သည်။

ခါတိုင်းလည်း ဒီလိုပဲ သွားနေကြဆိုတော့ အမေက ဘာမှ ထပ်မမေးပါ။

အမေတို့စိတ်ထဲမှာ မေသူ့ကို ကလေးတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်နေတာကိုက မေသူ့အတွက် မိုက်မဲဖို့ ဖြစ်လာခဲ့ရတာ ဖြစ်သည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၁၈]

မေသူ ပြက္ခဒိန်ကို ကြည့်တာ တစ်ခါမက အခါခါပင်ရှိနေပါပြီ။

နှစ်ရက်သုံးရက်ဆိုပြီး ကိုမောင်ထွက်သွားတာ တစ်လတိတိ ရှိနေပါပြီ။

စာလည်းမလာ၊ သတင်းလည်း မကြားပါ။

မမရှုဘီတို့ဆီ သွားမေးတော့လည်း သတင်းမကြားတဲ့....

မေသူ့ရင်မှာ မီးလောင်ရပါပြီ။

သည်ကြားထဲ မီးလောင်စရာ ထပ်ဖန်လာသည်က ကိုဝဏ္ဏက အိအိလွင်ကို နိုးပြေးသွားခြင်းပင်၊ အဖေ အကြီးအကျယ် ဒေါသပွနေသလို ဟာနေသော မေသူ့ရင်က ပိုဟာရသည်၊ ကျနေသည့် မျက်ရည်က ပိုကျရသည်။

သည်ကြားထဲ မျက်ရည်ကျစရာဖန်လာတာ မေသူရဲ့ပြဿနာ ပါ။

မေသူ ဘယ်လိုလုပ်ရပါ့....



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တခြား မှုပျက်လာသည်။ မေသူ့အဖြစ်ကို အမေရိပ်မိ
သွားကာ အမေမှတစ်ဆင့် အဖေပါသိသွားပြီး ဖေါက်ကွဲကုန်သည်။

အဖေ မေသူ့အဖြစ်ကိုကြည့်ကာ ထမင်းလည်းမစား အိပ်
လည်း မအိပ်တော့ပါ။

သူ သိပ်ချစ်တဲ့သမီး၊ သူ သိပ်အထင်ကြီးတဲ့သမီးက သူ
လုံးဝ မထင်မှတ်ထားသည့် ပြဿနာနှင့် ရင်ဆိုင်နေရတော့ အဖေ
စိတ်ထိခိုက်ကာ အိပ်ယာထဲကို လဲတော့သည်။

နောက်တစ်ခါ အစ်ကိုအကြီး သူရက မေသူ့အဖြစ်ကြောင့်
ရှက်လွန်း၍ စစ်ထဲကို ဝင်သွားပြန်သည်။

ချစ်သူက ပစ်၊ အဖေက ပစ်၊ အစ်ကိုတွေက ခွဲခွာနှင့် မေသူ့
ရင်မှာ ဘာမှ မကျန်တော့ပါ။

လောကဓံ၏ အထုအထောင်းကို ခံရပါများတော့ စိတ်က
မာသည်။

သည်စိတ်နှင့် လောကဓံကို ကြံ့ကြံ့ခံကာ ရင်ဆိုင်သွားခဲ့
သည်။

အကုသိုလ်ဆိုသည်ကလည်း ထုနှင့်ထည်နှင့် လာတတ်သည်
အရာဆိုတော့ အဖေဆုံးပြီး မကြာခင် မေသူတို့အိမ်တန်းလျားတွေ
မီးလောင်ခံရသည်။ မေသူတို့ တစ်အိမ်တည်းသာ ကွက်ကျန်ခဲ့
သည်။

သူတို့အိမ်လေးတစ်အိမ်သာ ကွက်ကျန်ရစ်ခဲ့သော မီးလော



www.burmeseclassic.com

www.burmeseclassic.com



ပြင်ကို ငေးကြည့်ကာ မေသူ ပြုံးလိုက်မိသည်။

ဒါ လောကဓံတဲ့လား....

မေသူ့အပါးမှာ မေသူချစ်သောသူတွေ တစ်ယောက်မှ မရှိတော့တဲ့အပြင် မေသူ ကျင်လည်ကျက်စားခဲ့သော ပတ်ဝန်းကျင်ပါ မေသူ့အပါးမှာ မရှိတော့ပါ။

မေသူ အံကြိတ်ကာ လောကကြီးကို အံတုဖို့ ကြိုးစားခဲ့ရသည်။

ကံကောင်းချင်တော့ မေသူ ဆယ်တန်းအောင်သည်။

တက္ကသိုလ်မတက်ဘဲ စာပေးစာယူတက်ကာ တစ်ဘက်ကလည်း အလုပ်လုပ်ရင်း အမေ့ကို ရှာကျွေးသည်။

ကိုဗလကလည်း ဝပ်ရှော့တစ်ခုမှာ အလုပ်ဝင်လုပ်သည်။ မောင်နှမနှစ်ယောက်၏လခကို စုကာ အိမ်ပြန်ဆောက်သည်။

စပေါ်ယူကာ အိမ်တွေ ပြန်ငှားသည်။

မေသူတို့စီးပွားရေးက အရင်ကလောက် ပြန်မကောင်းသေးသော်လည်း နလံထူနိုင်ပါပြီ။

ဒုက္ခသုက္ခတွေနှင့် ရင်းကာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီးမှ မေသူ ကိုမောင့်ကို ဒုတိယအကြိမ် ပြန်တွေ့ခဲ့ရတာ ဖြစ်ပါသည်။

မေသူ နောက်ကြောင်းများကို ပြန်သတိရနေရာမှ သက်ပြင်း ရှိုက်လိုက်သည်။

ဒါပေမဲ့ ဟောမာန်မရှင်းတာတစ်ခုကြောင့် အန်တီလေးကို



www.burmeseclassic.com

www.burmeseclassic.com



အရဲစွန့်ကာ မေးလိုက်မိပါသည်။

"ဟိုလေ အန်တီလေးပြောတဲ့အထဲမှာ ဟေမာန် မရှင်းတာရှိလို့ မေးခွင့်ပြုပါ အန်တီလေး"

အန်တီလေးက ဟေမာန်ကို ငေးကြည့်နေသည်။

နောက်ကြောင်းကို ပြန်သတိရတာမို့ အန်တီလေးမျက်ဝန်းတွေက မျက်ရည်ကြည်ရစ်ဝဲကာ မှုန်မှိုင်း၍ နေသည်။

"ဟိုလေ အန်တီလေးနဲ့ ဦးလွင်မောင်နဲ့ကွဲတော့ ကလေးကျန်ခဲ့တယ်ဆို၊ အဲဒီကလေးကောဟင်"

အန်တီလေး ခေါင်းငုံ့ကာ ငြိမ်သက်၍ နေပါသည်။

ဒီအကြောင်းတွေက သူ့တစ်သက်လုံး မြုပ်နှံဖုံးကွယ်ထားခဲ့သည့် အကြောင်းတွေပါ။

ဒီအကြောင်းတွေနဲ့ပတ်သက်လို့ သူ ဘယ်သူ့ကိုမှ မပြောပြပါရစေနဲ့။ မေသူ ခေါင်းကိုခါကာ သူ့အခန်းထဲကို ဝင်လာခဲ့လိုက်သည်။ အန်တီလေး စိတ်မကောင်းသလိုမျက်နှာ လေးနှင့် အခန်းထဲကို ဝင်သွားတော့ ဟေမာန်ပါ စိတ်မချမ်းမြေ့ကြပါ။ ဖြစ်နိုင်လျှင် အန်တီလေးကို ဟိုးငယ်စဉ်ကလေးဘဝကလို စိတ်ချမ်းမြေ့စေချင်ပါသည်။

"သမီးတို့ ဘာလုပ်ပေးရမလဲ ဟင် အန်တီလေး"

အခန်းထဲကို လိုက်လာကာ အမေး အန်တီလေးက ခေါင်းခါသည်။

"အန်တီလေး ခဏလောက် အိပ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေး အိပ်ပျော်သွားပြီဆိုမှ ဝဿန်တို့နှစ်ယောက် အပြင်ကို ထွက်လာခဲ့ကြသည်။

ဝဿန့်ရင်ထဲမှာတော့ ဘုရားပေါ်မှာတွေ့ခဲ့ရသည့် ဦးလွင်မောင်ဆိုသည့် လူကြီး၏မျက်နှာကို မြင်ယောင်မိနေပါသည်။

"ပြီးတော့ အဓိကရဲ့မျက်နှာ"

"ငါတော့ မနက်ဖြန် ကျောင်းတက်ရင် အဓိကရဲ့အကြောင်းကို မမိုးတို့ကို ပြန်ပြောပြလိုက်ဦးမယ်"

"ဘာကိုလဲ"

"ဟြော် အဓိကရဲ့အဖေက ငါတို့အန်တီလေးရဲ့ ငယ်ရည်းစားဆိုတာကိုလေ"

"သူတို့ အံ့ဩကြမှာပဲနော်"

ဝဿန်ပြောလိုက်မိတာ ဖြစ်ပါသည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၂၉]

နောက်တစ်နေ့ကျောင်းတွင် ဆုံမိကြချိန်တွင် ဖြစ်ပါသည်။ မမိုးနဲ့စန္ဒာ တကယ်လည်း အံ့ဩနေကြပါသည်။

"ဒါဆို နင်တို့နှစ်ယောက်နဲ့ အဓိကနဲ့က ပြန်ပြီး ရေစက်ဆုံဦး မဲ့သဘောပေါ့"

မမိုးအသံက မကြည်မလင်။

"အဓိကက သူတို့အုပ်စုထဲမှာ သံဘောကောင်းတဲ့သူပါ"

ဝဿန် လျှောက်လဲချက်လေး အပေး....

"ဝဿန်နော် မသိရင်ခက်မယ်၊ ငါတို့အုပ်စုထဲမှာသာ နင်ရှိနေပေမဲ့ နင့်စိတ်က ဟိုဘက်အုပ်စုထဲ ရောက်နေတာ ငါတို့မသိတာကျနေတာပဲ"

"ငါ့ကိုသာ ပြောနေတယ်၊ နင်ပဲ အိုးစုတ်နဲ့ ကြည်နေတယ်ဆို"

မမိုးအသံ တိတ်သွားသည်။

မမိုး အခုအလုပ်ဝင်ဖို့စီစဉ်သည့် ကုမ္ပဏီက အုပ်စိုးဖခင်



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပါ။

အုပ်စိုးဖခင်နဲ့ မမိုးရဲ့ဖခင်က ငယ်သူငယ်ချင်းတွေ....

ဒီတော့ အုပ်စိုးနဲ့မမိုးကို သဘောတူနေကြသည်။

ကျောင်းတုန်းကအရွယ်နှင့်မို့ မမိုး အုပ်စိုးကို လက်မခံချင်ပေမဲ့ အုပ်စိုးအကြည့်တွေ အပြောတွေက အရင်လို မာကြောကြော မဟုတ်တော့ပါ။

"ဘယ့်နှယ့်လဲ နင်ကိုယ်တိုင်လည်း ခုတော့ အိုးစုပ်လေးကို မက်မောလာပြီ မဟုတ်လား"

"မသိဘူး"

မမိုးမျက်နှာက ရှက်စိတ်နှင့် နီမြန်းနေဆဲ....

"ဟာယ်တော့"

ဟောမာန်ရဲ့ အလန့်တကြားအသံလေးကြောင့် ဟောမာန်ကြည့်ရာ အတန်းအပြင်ဘက်ကို လှမ်းအကြည့် အုပ်စိုးနှင့်အတူ ယှဉ်ရပ်နေသော အဓိကကြောင့် ဝဿန် ရင်တွေခုန်လာသည်။

"ဝဿန်"

အဓိက၏ ခေါ်သံကြောင့် ဝဿန် ခြေဖျားလက်ဖျားတွေ အေးစက်လာခဲ့သည်။

သူ ဝဿန်ဆီ ဘာလာလုပ်တာပါလိမ့်။

"ကျွန်တော် ဝဿန်နဲ့ စကားပြောစရာရှိလို့ အပြင်ကို ခဏလောက် လိုက်ခဲ့ပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ဝဿန် အံ့ဩရသည်။ သူနဲ့ဝဿန်ကြားမှာ ဘာတွေများ ပြောစရာရှိနေလို့ပါလိမ့်။

"ဒီ ဒီမှာလည်း ပြောလို့မရဘူးလား ဟင်"

"အရေးကြီးလို့ပါ ဝဿန်"

ဝဿန် ဟေမာန်ကို လှမ်းကြည့်တော့ ဟေမာန်က ခေါင်းညိတ် ပြသည်။

"ဘယ်ကို လိုက်ခဲ့ရမှာလဲ"

"ကျွန်တော့်ကို ယုံပါ၊ ဒီအောက်ထပ်က ကင်တင်းတင်ပါ"

ဝဿန် ခြေလှမ်းတွေ တုန့်ရီနေသည်။

ခါတိုင်း ဒီလမ်းတွေက ဝဿန်လျှောက်ခဲ့ဖူးသည့် လမ်းတွေပါ၊ ဒါပေမဲ့ ဒီနေ့လောက် ရင်ခုန်တာမျိုး မခံစားခဲ့ဘူးပါ။ အနေရခက်တာမို့ ခေါင်းလေးကို အငုံ့ အမိက,က ဝဿန့်မျက်နှာလေးကို ကြည့်ကာ ပြုံးလိုက်သည်။

"ဝဿန် ကျွန်တော့်ကိုများ အထင်လွဲနေသလား"

"ရှင်"

"ဩော် ဝဿန်ကို ဒီလိုခေါ်ထုတ်လာတာ ကျွန်တော့်အပေါ် တစ်မျိုးများ မြင်နေသလားလို့ပါ"

"မမြင်ပါဘူး၊ ဝဿန် အမိကကို ယုံပါတယ်"

"ကျွန်တော့်ကို ယုံတယ်ဟုတ်လား၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် အဓိက,က ရှိုးသားတယ်၊ အေးဆေးတယ်၊ ပြီးတော့ အနှိတီလေးနဲ့သိတဲ့ ဦးလွင်မောင်ရဲ့သား မဟုတ်လား၊ ဒီတော့ ဝသန် ယုံတာပေါ့"

အဓိက,က ရယ်နေသည်။ သွားဖြူဖြူညီညီများဖော်ကာ ရယ်နေသော အဓိကဟာန်က ခင်မင်နှစ်လိုဖွယ်ပါ။

ဝသန် မသိမသာလေး လှမ်းကြည့်ရင်း....

"ဘယ်ထိ သွားမှာလဲ အဓိက"

"ရွှေနားတင်ပါ"

တဖြည်းဖြည်းနှင့် ဘွဲ့နှင်းသဘင်ခန်းမနားကို ရောက်လာသည်။

သရက်ပင် အုပ်အုပ်ဆိုင်းလေးနားအောက်တွင် ကားတွေ တစ်စီး, တစ်စီးရပ်ထားသည်ကို တွေ့လိုက်ရသည်။

အဓိက ဆန်နီစူပါဆလွန်း ကားဖြူဖြူလေးတစ်စီးရှေ့ အရောက် နောက်ခန်းကို ဦးညွှတ်လိုက်သည်။

BURMESE CLASSIC

"ဖေဖေ ဝသန်ပါလာတယ်"

ဝသန် ကားပေါ်မှဆင်းလာသော ဦးလွင်မောင်ကို ကြည့်ရင်း အံ့ဩသွားမိသည်။

"သမီးကို အန်ကယ် စကားပြောစရာ နည်းနည်းရှိလို့ ခေါ်ခိုင်းလိုက်တာပါ၊ ခေါ်ခိုင်းတုန်းကတော့ နှစ်ယောက်လုံးပါပဲ ဒါပေမဲ့ သားက သမီးကိုပဲ ခေါ်လာတော့ သမီးကိုပဲ ပြောရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဝဿန် အဓိကကို လှမ်းကြည့်လိုက်သည်။

မျက်စိတစ်ဖက်မှိတ်ကာ ပြုံးပြသော အဓိကအသွင်ကြောင့် မျက်ဝန်းကို ကပျာကယာလွှဲကာ ဦးလွင်မောင်ကို လှမ်းမေးလိုက်မိသည်။

"ဘာကိစ္စရှိလို့ပါလဲ အန်ကယ်"

"ကိစ္စက သိပ်အရေးကြီးတယ်၊ သမီးအားရင် အန်ကယ်နဲ့ ခဏလိုက်ခဲ့ပါလား အချိန်ရမလား"

ဝဿန် နာရီကို ပြန်ကြည့်လိုက်သည်။ နောက်ထပ် ကလပ်(စ်) တက်ရန် နှစ်ချိန်ကျန်သေးသည်။ ဒါကြောင့် ခေါင်းအညိတ်....

"ကဲ ဒါဖြင့် သမီးကားပေါ်တက်၊ အန်ကယ်ကိုယ်တိုင် ပြန်ပို့ပေးပါ့မယ်"

မယုံနိုင်စရာ အဖြစ်တွေပါ။

ဝဿန်ကြောင်တက်တက်လေးဖြင့် ကားနောက်ခန်းတွင် ပါလာရသည်။

အင်းယားကန်စောင်းရှေ့ကို မျက်နှာမူထားသော တိုက်ကြီးတစ်တိုက်ရှေ့ကိုအရောက် ကားက တုံ့ခနဲ ရပ်သွားခဲ့သည်။

"ကဲ လာသမီး"

အိမ်မက်မက်နေသူ တစ်ဦးအသွင်ပါ။ ဝဿန့်ပုံစံကို ကြည့်ရင်း အဓိက,က အပြုံးဖြင့် နှစ်သိမ့်သည်။

"ထိုင်လေ ဝဿန်"

www.burmeseclassic.com



ဆိုဖာ နီညိုညိုကြီးက ပြောင်လက်တောက်ပ၍ နေသည်။ ဝသန် မရဲတရဲထိုင်ရင်း ဦးလွင်မောင်ကို လှမ်းကြည့်နေမိသည်။

ဦးလွင်မောင်ပုံစံက အရေးကြီးသည့်ကိစ္စတစ်ခုကို ဆောင်ရွက်တော့မည့်ပုံစံဖြင့် ခေါင်းငုံ့ကာ အလေးအနက်တွေးနေသည်။

ဝသန့်မှာသာ တရားသူကြီး၏ ဆုံးဖြတ်ချက်ကို ငံ့လင့်နေသည့် တရားခံနှယ် ရင်မှာလှိုက်ကာ နေမိပါသည်။

ဦးလွင်မောင့်မျက်နှာကိုသာ ငေးကြည့်နေမိလေသည်။ အတန်ကြာ ဦးလွင်မောင် စဉ်းစားနေပြီးမှ....

"သမီးကို အန်ကယ်တစ်ခု မေးမယ်၊ သမီးပြောနိုင်မလား"

"သမီးပြောနိုင်တာဆို ဖြေပါ့မယ် အန်ကယ်"

ဘာရယ်မဟုတ်၊ ဝသန် ပြောလိုက်မိတာ ဖြစ်သည်။ ဦးလွင်မောင် ဝသန်ကို ကြည့်ကာ ပြုံးလိုက်သည်။

"သမီးက ရဲရင့်တယ်၊ မေသူ ငယ်ငယ်တုန်းကအတိုင်းပဲကဲ ဒါတွေထားလိုက်ပါ၊ အန်ကယ် သမီးကို မေးမယ်၊ လူတစ်ယောက်ရဲ့ အကြွေးကို ယူပြီးရင် အဲဒီလူဟာ ဘာပြန်လုပ်ရမလဲ သမီး"

"ပြန်ဆပ်ရမှာပေါ့ အန်ကယ်"

"Right မှန်တယ်၊ အန်ကယ်လည်း ဒီလိုပဲမြင်တယ်၊ ပြန်မဆပ်ရင် ဒီလူဟာ ဘာဖြစ်သွားမလဲ"

"ယူတုန်းက ယူပြီး ပြန်မဆပ်ရင် ဒီလူဟာ တာဝန်မကျေတဲ့လူပေါ့ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပြန်ပြီ ဟုတ်တယ် သမီး၊ အန်ကယ်ဟာ တာဝန်မကျေတဲ့ လူ၊ အကြွေးကို ယူတုန်းကယူပြီး ပြန်မဆပ်တတ်သူ"

ဦးလွင်မောင် သူ့ကိုယ်သူ ပြောနေသည်။ ဝဿန်မှာသာ မသိနားမလည်သူလို ငေးမောနေမိပါသည်။

"ဟုတ်တယ်၊ အန်ကယ်ဟာ လူတစ်ယောက်ဆီက အကြွေးယူခဲ့တယ်၊ ပြန်မဆပ်ခဲ့ဘူး၊ အချိန်ကြာမြင့်စွာ ဒီအတိုင်းပဲ ထားခဲ့မိတယ်၊ ဘာကြွေးလည်း သမီးသိလား"

ဝဿန် ဆံပင်ကောက်ကောက်လေးများ ခါရမ်းသွားအောင် ခေါင်းကို ခါလိုက်မိသည်။

ဦးလွင်မောင် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

"အချစ်ကြွေးသမီး အချစ်ကြွေး၊ မေသူ့ဆီက ယူသွားတဲ့ ချစ်ကြွေး"

"ရှင်"

ဝဿန် အံ့ဩနေသည်။

"အဲဒီတုန်းက အန်ကယ်က လူကြီးတွေပြောပြီး ချက်ခြင်း လက်ထပ်မယ်အကြံနဲ့ ပြန်သွားခဲ့တာ၊ ဒါပေမဲ့ ဟိုကိုလည်းရောက်ရော အခြေအနေက ပြောင်းသွားတယ်၊ အန်ကယ့်အဖေက အတော် အသည်းအသန်ဖြစ်နေတာနဲ့ ကြုံရတယ်။ သူတို့လည်း အန်ကယ့်ဆီ အကြောင်းကြားမယ်လုပ်တုန်း အန်ကယ်ရောက်သွားတော့ အဆင်ပြေသွားတာပေါ့၊ ဒါနဲ့ အန်ကယ်ကလည်း အဖေ့အခြေအနေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မပြောသာဘဲ စောင့်နေတုန်း၊ အဖေက သူ မသေခင် အန်ကယ့် အတွက် သဘောကျလို့ ရွေးထားတဲ့ သူ့သူငယ်ချင်းရဲ့သမီး မဝင်းမေနဲ့ လက်ထပ်ဖို့ ပြောလာတယ်၊ အန်ကယ် ဘယ်လိုလုပ် ပြောထွက်မလဲ ဘယ်လို ငြင်းမလဲ''

''သေခါနီး အဖေ့ရဲ့ဆန္ဒအတိုင်း မဝင်းမေနဲ့ လက်ထပ်လိုက် ရတယ်''

''လက်ထပ်ပြီးပြန်တော့လည်း ရန်ကုန်ကို မလာဖြစ်တော့ ဘူး၊ မေသူ့ကိုလည်း မတွေ့ရဲတော့ဘူး၊ အန်ကယ် အပြစ်ရှိနေပြီကိုး၊ ဒါနဲ့ အလုပ်ကိုလည်း ဟိုမှာပဲ ရအောင်လုပ်ပြီး ကိုယ့်ဘဝကိုယ် ဇာတ်မြှုပ်နေလိုက်တာ၊ သား အဝိက ဆယ်တန်းအောင်တဲ့နှစ်မှာပဲ မဝင်းမေ ဆုံးပါလေရော၊ သားလည်း ရန်ကုန်မှာ ကျောင်းတက် အန်ကယ်လည်း ပဲခူးကို တရားသူကြီးအဖြစ်နဲ့ ပြောင်းခဲ့တယ်။ ဒီနှစ်တော့ ရန်ကုန်ကို မရောက်တာလည်းကြာလို့လာရင်း မေသူနဲ့ ဘုရားမှာ ပြန်ဆုံရတာပါပဲကွယ်''

စကားအဆုံး ဦးလွင်မောင်က ဟောမာန်နှင့် မှားနေသည်။

ဝဿန် နားမလည်သလို မျက်လုံးဝိုင်းလေးဖြင့် ကြည့်နေ၍ အဝိက,က လီမွော်ရည်ဖန်ခွက်ကို ရှေ့တိုးပေးသည်။

''သောက်လေ ဝဿန်''

သောက်ဆိုလို့သာ သောက်လိုက်သည်၊ ခုထိ ဝဿန် သူ့ကို ဘာကိစ္စခေါ်တွေ့မှန်း မသိသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အူကြောင်ကြောင်လေး ထိုင်နေပြီးမှ ဦးလွင်မောင်ကို နားမလည်သလို မေးလိုက်မိပါသည်။

"ခုကိစ္စနဲ့ သမီးတို့နဲ့ ဘာပတ်သက်နေလို့ပါလဲ အန်ကယ်"

ဦးလွင်မောင်က အအေးခွက်ကို မော့သောက်နေပြီးမှ ဝသန်ကို လက်ကာပြသည်။ နောက်မှ....

"သမီးတို့အမေ လက်ထက်က တင်ခဲ့တဲ့ကြွေးကို အန်ကယ် ပြန်ဆပ်ချင်တယ်၊ ဘယ်လိုလဲဆိုတော့...."

အဓိက လှစ်ခနဲ ပျောက်သွားသည်။

ဝသန် ဦးလွင်မောင့်မျက်နှာကို စိတ်ဝင်တစား လှမ်းကြည့်လိုက် သည်။

"ပြောပါ အန်ကယ်"

"အန်ကယ့်သား အဓိကနဲ့ မေသူ့သမီး တစ်ယောက်ယောက်နဲ့ ပေးစားချင်တယ်၊ အန်ကယ့်ပစ္စည်းတွေအားလုံး လွှဲအပ်ချင်တယ်"

"အို"

ဝသန် ရင်ခုန်သံ မြန်သွားရသည်။

မျက်နှာလေးလည်း နီမြန်းသွားသည်။ ခေတ်ပါသေးရဲ့ အနား မှာ အဓိက မရှိလို့....

အဓိကသာရှိလျှင် ဝသန်ရှက်၍ ခေါ်ရပါလိမ့်မည်။

"အန်ကယ် ဘုရားမှာ တွေ့ပြီးကတည်းက ဆုံးဖြတ်ခဲ့ပြီးပါပြီ ဒီနည်းသာ အကောင်းဆုံးမို့ သမီးတို့အမေကို ပြန်ပြောပြစေချင်ပါတယ်"

"ဝသန် ပြောပြပါရစေဦးနော် အန်ကယ်၊ တကယ်တော့

www.burmeseclassic.com



ဝသန်နဲ့ ပေါမာန်ဟာ....''

ဝသန့်စကားပင် မဆုံးလိုက်ရပါ၊ လက်ကာပြလိုက်သော ဦးလွင်မောင်ကြောင့် စကားတစ်ဝက်တပျက်နှင့် ရပ်သွားခဲ့ရလေသည်။

''အန်ကယ့်စကားကို နားထောင်ပါ သမီးရယ်၊ မေသူ့ကို အန်ကယ်ပြောတာ ပြန်ပြောပြပေးပါ၊ မေသူ့ကို အန်ကယ် ဒီလိုမှ အကြွေးမဆပ်ရင် ဘယ်လိုမှ ဖြေသာမှာ မဟုတ်လို့ပါ''

ဝသန် နေရာမှ ဖြည်းညင်းစွာ ထလိုက်သည်။

''ကဲ သမီးကို သားက ပြန်လိုက်ပို့လိမ့်မယ်''

''အန်ကယ်တော့ မလိုက်တော့ဘူး၊ သွားကြပေတော့''

အပြန်လမ်းမတော့ အဓိကရယ်၊ ဝသန်ရယ် နှစ်ယောက်ထဲပါ။

ရင်ထဲမှာ အတွေးကိုယ်စီ၊ စိတ်ကူးကိုယ်စီနှင့်မို့ စကားမပြောဖြစ်ကြပါ။

ကျောင်းရှေ့အရောက် ဝသန်ဆင်းမှ အဓိက လှည့်ကြည့်လာသည်။

''ဝသန်''

ဝသန် အဓိကကို ဘယ်လိုကြည့်ရမှန်း မသိပါ။ ခေါင်းကို အောက်အငုံ့....

အဓိက,က ဘာမှမပြောဘဲ ဝသန့်ကို အကြာကြီးစိုက်ကြည့်၍ နေသည်။

နောက် ဘာမပြော ညာမပြော ကျောင်းထဲ့ကားကို အပြင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်သွားလေသည်။ အဝိကရဲ့ကားကို လှမ်းကြည့်ကာ ဝသန် သက်ပြင်းရှိုက်လိုက်မိသည်။

ကျောင်းခန်းထဲကို ပြန်အရောက်....

"အမလေး အမလေး ဝသန်ရယ်၊ ငါတို့မှာ 199ပဲ ပြေးတိုင်ရမလား၊ စိတ်ပူလိုက်ရတာ၊ နင် ဘယ်တွေသွားနေတာလဲ၊ မှန်းစမ်း မျက်နှာမှာလည်း မိတ်ကပ်သိပ်မရှိပါလား၊ နှုတ်ခမ်းနီတွေလည်း ပျက်လို့"

"ဟာ နင်တို့ကလည်း"

စိတ်ညစ်ရတဲ့ကြားထဲ သူတို့ကြောင့် စိတ်ပိုရှုပ်ရသည်။

"သိပါတယ်နော်၊ ကြိတ်ပြီးတော့ လစ်ပြေးမယ်လည်း မကြံနဲ့၊ ငါတို့က တပြုံကြီးကို လိုက်ချလာမှာ"

"စိတ်ညစ်ရပါလားဟာ"

"ဘာစိတ်ညစ်စရာရှိလဲ၊ သူက ဘယ်တော့လာခေါ်မယ်တဲ့လဲ၊ ဘယ်နေ့လဲ၊ ဘယ်နှစ်နာရီလဲ"

"တော်ပါတော့ စန္ဒာရယ်၊ ရှိကြီးခိုးပါရဲ့ နားငြီးလွန်းလို့ပါ"

"ဒါဖြင့် နင် ဒီနေ့ အဝိကနဲ့ ဘာတွေလုပ်ခဲ့သလဲ၊ ဘယ်တွေသွားခဲ့သလဲ"

ဝသန် အားလုံးကို ပြန်ပြောပြလိုက်မိပါသည်။

♡♡♡♥♡♡♡



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၂၀]

မသွေ့မျက်နှာက မှဲ့နေရာမှ နောက်ခဏနေတော့ အားရပါးရ ရယ်လိုက်မိသည်။

"ဦးလွင်မောင်ရယ် သိပ်ကောင်းတဲ့ အကြံတွေ ထုတ်နေတာကို၊ နေပါဦး။ သူ့သားနဲ့ ပေးစားမယ်ဆိုတာ ဝသန်လား၊ ဟေမာန်လား"

"မသိပါဘူး အန်တီလေး။ တစ်ယောက်ယောက်ဖြစ်မှာတော့ အမှန်ပါ"

"ရွှေညာဏ်တွေက စူးပါပေ့ ဦးလွင်မောင်ရယ်၊ တကယ်လို့များ ကိုယ့်သမီးကို ကိုယ့်သားနဲ့ ပြန်များပေးစားမိရင် အကျိုးနည်းပါပေါ့လား"

"ရှင် အန်တီလေး"

ဝသန်ကော ဟေမာန်ပါ မျက်လုံးပြူးသွားကြသည်။

ကိုယ့်သမီးဆိုတော့ ဘယ်သူသည် ဦးလွင်မောင်နဲ့ ဒေါ်မသွေ့တို့ရဲ့ သမီးနည်း....



www.burmeseclassic.com

www.burmeseclassic.com



ဝဿန်ကော ဟောမာန်ပါ ခုမှ အန်တီလေးအဖြစ်ကို ရေးရေးမျှ သိလာကြသည်။ ရိပ်မိလာကြသည်။

ဒါပေမဲ့ ဘယ်သူသည် အန်တီလေး၏ သမီးဆိုတာ မသိသေးပါ။ ဟောမာန်က အံ့ဩဟန်မှလွဲ၍ မတုန်လှုပ်ပေမဲ့ ဝဿန့်ရင်ထဲမှာတော့ တုန်လှုပ်နေမိပါသည်။

တကယ်လို့ ဝဿန်သာ အန်တီလေးရဲ့ သမီးဆိုလျှင် အဓိကနှင့် မောင်နှမတော်သည်။

ဝဿန် ဘယ်လိုလုပ်ရမလဲ....

ရင်မှာ ပူလောင်ခြင်းက စတင်ပါလေပြီ။ ဟောမာန်ကသာ ဟန်မပျက်ရယ်ရင်း ဝဿန်ကို လှမ်းပြောလေသည်။

"နေရင်းထိုင်ရင်း အစ်ကိုလား မောင်လား ရမယ့်ကိန်းပါလား"

ဒေါ်မေသူက အကျိုးအမြန်လဲရင်း ဝဿန်ကို လှမ်းပြောလေသည်။

"ကဲ ဝဿန် ကားပေါ်တက်၊ သမီးကို ဟိုတစ်နေ့က ခေါ်သွားတဲ့ တိုက်ကိုမောင်း"

"ဟောမာန်ကော လိုက်ရမှာလား အန်တီလေး"

"လိုက်ရမှာပေါ့"

ဝဿန် မောင်းလို့သာ မောင်းရပေမဲ့ သည်ခရီးက သူ့အတွက် ဝမ်းနည်းရမည့် ခရီးလား၊ ဝမ်းသာရမည့် ခရီးလား



www.burmeseclassic.com

www.burmeseclassic.com



သူမလည်း မခန့်မှန်း တတ်ပါ။

စိတ်ထဲမှာတော့ လှုပ်ရှား၍ နေသည်။ အင်းယားကန်စောင်းရှိ တိုက်ရှေ့ကိုအရောက် ဦးလွင်မောင်နှင့် အခန့်သင့် တွေ့လိုက်ရသည်။

"ဩော် မေသူတို့ပါလား၊ သမီးတွေလည်း ပါတာကိုး လာကြ လာကြ"

ဝသန် အဓိကကိုအတွေ့ မျက်နှာလွှဲလိုက်မိပါသည်။

သူ့ရင်ထဲက ခံစားချက်ကို အဓိက မမြင်စေချင်ပါ။

ညှိခန်းထဲတွင် အားလုံးထိုင်အပြီး ဦးလွင်မောင်က အန်တီလေးကို မေးပါသည်။

"ဝသန့်ကို ပြောလိုက်တဲ့ကိစ္စကြောင့် မေသူ လိုက်လာခဲ့တာလား"

"ဆိုပါတော့"

အန်တီလေးက မဲ့ပြုံးပြုံးနေသည်။ ခဏနေမှ....

"ဦးလွင်မောင် ချစ်ကြွေးဆပ်တာ သိပ်ကောင်းလွန်းလို့ လာတွေ့တာပါ"

"ဘယ်လို ပြန်ပြောပါဦး မေသူ"

ဦးလွင်မောင်ရဲ့မျက်နှာက အံ့ဩမှုဖြင့် ရှုပ်ထွေးနေသည်။

"ကိုယ့်သမီးနဲ့ ကိုယ့်သားကို ပြန်ပေးစားဖို့ အစီအစဉ်လေ"

"ပြန်ပြောပါဦး မေသူရယ်"

"ပြန်ပြောရမယ်ဆိုရင် ဦးလွင်မောင်က ဦးလွင်မောင်ရဲ့သား



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်သူနဲ့ ပေးစားမယ် စိတ်ကူးမိလို့လဲ''

''ဝသာန်ဖြစ်ဖြစ် ဟေမာန်ဖြစ်ဖြစ် တစ်ယောက်တစ်ယောက်နဲ့ပေါ့''

ဦးလွင်မောင်၏ စကားအဆုံး အန်တီလေးက မျက်နှာကိုမော့ကာ အားရပါးရ ရယ်နေလေသည်။

''ကိုယ် ဘာများမှားလို့လဲ မေသူရယ်၊ ဘာလဲ ကိုယ်စီစဉ်တာ မေသူ သဘောမကျလို့လား''

''တစ်ယောက်လောက်ဆိုတာ ဘယ်သူလဲ၊ ဝသာန်လား၊ ဟေမာန်လား''

''သား သဘောကျသူနဲ့ပေါ့၊ သားရေ သား အဓိက''

အဓိက ဝသာန်တို့ရှေ့ကို ရောက်လာပါပြီ။

ဝသာန် ရင်တွေခုန်လာသည်။ အဓိက ဘာပြောမှာပါလိမ့်။

ဝသာန်ခေါင်းငုံ့ကာ နားထောင်နေဆဲ ဦးလွင်မောင်ရဲ့ အသံတိုး ထွက်လာသည်။

''နေပါဦး။ ခုနက မေသူပြောတာ နားမရှင်းလို့ ဘယ်သူလဲ ကိုယ့်သမီးဆိုတာ''

အန်တီလေးက ဘာမှမပြောဘဲ ငြိမ်သက်နေပြီးမှ ဦးလွင်မောင်ကို မကြည့်ဘဲ နာကြည်းစွာ လှမ်းပြောလိုက်သည်။

''မေ့ပြီလား ဦးလွင်မောင်၊ တစ်ညနေ ဦးလွင်မောင်နဲ့ မေသူနဲ့ တွေ့ခဲ့ကြတုန်းကလေ''



www.burmeseclassic.com

www.burmeseclassic.com



လွင်မောင် မှတ်မိပါသည်။ မေသူနဲ့ တွေ့ခဲ့ကြပြီးနောက်ပိုင်း သူ့မိဘတွေထံ ပြန်ခဲ့ရသည်။

အကြောင်းအမျိုးမျိုးဖြင့် မေသူ့ထံ ပြန်မလာဖြစ်တော့ပါ။

ဒီကြားထဲ မေသူ ဘာတွေဖြစ်ခဲ့သည်ကိုလည်း သူ မသိတော့ပါ။

ဘုရား ဘုရား....မေသူ သူ့သမီးကို မွေးခဲ့ရတာလား....

ဝဿန်နဲ့ ဟေမာန်ရှိရာ ဦးလွင်မောင် အလန့်တကြား လှမ်းကြည့်လိုက်ချိန် အဓိကရင်မှာလည်း စိုးရိမ်ပူပန်မှုဖြင့် ဝဿန်ကို လှမ်းကြည့်လိုက်မိပါသည်။

ဘုရား ဘုရား....ဝဿန်က သူ့အစ်မများလား....

မဖြစ်ပါစေနဲ့၊ မဟုတ်ပါစေနဲ့....

အဓိက [illegible]နေချိန် ဝဿန့်ရင်ထဲမှာလည်း တုန်လှုပ်နေချိန်ပါ။

"ကိုယ့်သ၊ ဂ ဘယ်သူလဲ မေသူ"

ဝဿန် အန်တီလေးကို ကြည့်ကာ ရင်ထိတ်ရပါပြီ။

အဓိက ရင်မှာလည်း စိုးရိမ်စိတ်ဖြင့် ဒေါ်မေသူ့ကို လှမ်းကြည့်၊ ဒေါ်မေသူအကြည့်က အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ဆံပင်ပျော့ပျော့ခွေခွေလေးကြားမှ ချစ်စဖွယ်လှပသော ဟေမာန်ဆီ အရောက်....

"ဟေမာန်ဟာ ကိုမောင့်ရဲ့ သမီးပါ၊ ကိုမောင် မွေးလို့ကိုထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထွက်သွားပြီးတဲ့နောက် အဖေဟာ မေသူ့အဖြစ်ကြောင့် အိပ်ယာထဲ လဲခဲ့ရှာတယ်"

"သူ သိပ်ချစ်တဲ့သမီး၊ သူ သိပ်အထင်ကြီးတဲ့သမီးက ဒီလို အဖြစ်ဆိုးမျိုးနဲ့တိုးတော့ အင်မတန်လည်း စိတ်ထိခိုက်သွားပုံရသည်"

"အဖေ ကွယ်လွန်ပြီးတဲ့နောက်ပိုင်း အမေနဲ့ ကိုဗလတို့ရဲ့ အစီအစဉ်နဲ့ ဘယ်သူမှမသိအောင် တောမှာ သွားမွေးခဲ့ရတယ်၊ မွေးပြီး မကြာဘူး၊ ကိုဝဏ္ဏက အိအိလွင် အမွှာပူးလေး မွေးတယ်ပြောပြီး အိမ်ကို ပြန်ရောက်လာခဲ့ကြတယ်"

"ဝသန်နဲ့ဟေမာန်က သိပ်မကွာဘူးလေ၊ တစ်လ နှစ်လပဲ ကွာတယ်၊ ရုပ်ချင်းကလည်းဆင်တော့ လူတိုင်းက အိအိလွင်ရဲ့ သမီး လေးနှစ်ယောက်လို့ပဲ ထင်ခဲ့ကြတယ်၊ ယုံကြည်ခဲ့ကြတယ်၊ မေသူက တော့ အပျိုအဖြစ်နဲ့ အလုပ်လုပ်ရင်း ကျောင်းပြန်တက်ခဲ့တယ်"

"ဒီအကြောင်းတွေကိုလည်း ကလေးတွေ စိတ်မချမ်းသာမှာ စိုးလို့ လုံးဝဖွင့်မပြောဖို့ တိုင်ပင်ခဲ့ကြတယ်"

ဒါကြောင့် ဝသန်ကော ဟေမာန်ပါ ဒီအကြောင်းတွေကို လုံးဝ မသိခဲ့ကြရတာပါလား....

မသိခဲ့လို့တဲ့ သူတို့ကိုယ်သူတို့ အမွှာညီအစ်မဟုတ်ပင် ထင်လာ တာ ယခု ကျောင်းပြီးသွားသည့် အထိပါ။

မေမေကလည်း ပိရိလွန်းပါသည်။ ဟိုတစ်နေ့က ခါနီတီလေး အကြောင်းမေးတာကိုပင် တစ်စွန်းတစ်စမှ မရိပ်မိအောင် ဖုံးပေးထား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဟေမာန် အဓိကကို ကြည့်ကာ ရယ်လိုက်မိသည်။

လက်စသတ်တော့ အဓိက,က ဟေမာန်ရဲ့ မောင်ပေါ့။

မောင်နှမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်ခင်စွာ ပြုံးပြမိကြသည်။

ဦးလွင်မောင်ကိုယ်တိုင်လည်း စိတ်ချမ်းသာ သွားရသည်။

"မေသူ စိတ်ချမ်းသာတော့၊ သားရွေးတာ သူ့အစ်မ ဟေမာန်ကို မဟုတ်ဘူး၊ ဝသန်ကို ရွေးတာ"

"ကိုမောင် ဘယ်လိုသိလဲ"

"သိတာပေါ့ မေသူရယ်၊ သား စခေါ်လာတည်းက ဝသန့်ကို ခေါ်လာခဲ့တာပဲ၊ သူ စိတ်မဝင်စားတဲ့သူကို သူ ဘယ်ခေါ်လာပါ့မလဲ၊ ဟုတ်တယ် မဟုတ်လား သား"

အဓိက ပြုံးနေလိုက်သည်။ ဝသန်ကတော့ ရှက်ကိုး ရှက်ကန်းဖြင့် မျက်လွှာလေး ချထားမိပါသည်။

"ဝသန် ပြန်တော့မယ် အန်တီလေး"

"ဘာလုပ်ဖို့လဲ"

"မိသားစု ပြန်ဆုံတဲ့ပွဲမှာ ဝသန်က ပိုနေတယ်လေ"

"ဘယ်က ပိုရမှာလဲ ဝသန်ရဲ့၊ ဝသန်က အဓိကအခန်းက ပါရမှာ"

ဟေမာန်က ဝသန့်လက်ကို ဆွဲကာပြော၍....

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



"ဘယ်အခန်းကလဲ"

"ချစ်ကြွေးဆပ်တဲ့ အခန်းကလေ"

"ဟေမာန်ကလည်း အခု အန်ကယ်ကိုယ်တိုင် အန်တီလေးကို ချစ်ကြွေးဆပ်နိုင်နေမှပဲ၊ အန်တီကိုယ်တိုင်လည်း ရင်ခွင်ဦးကို ပြန်တွေ့မှပဲ ဝသန်က ဘာလိုတော့မှာလဲ"

ခြံပြင်ကိုရောက်လာတော့ ဝသန် ဘာလုပ်ရမှန်း မသိလေပါ၊ အူကြောင်ကြောင်လေးဖြင့် ရပ်နေဆဲ....

"ဝသန်"

"ဟင်"

အဓိက ဝသန့်အနားကို ရောက်လာပါသည်။

"တို့ကို ထားခဲ့တော့ မလို့လား"

"သူ့မှာ အဖေကော၊ အမေကော၊ အစ်မပါရနေမှပဲ၊ ဘာလိုသေးလို့လဲ"

"ချစ်သူလေ ချစ်သူလိုသေးတယ်"

အဓိက အပြုံးဖြင့် ပြောလိုက်မိသည်။

"ချစ်သူလိုရင် ရှာပေါ့"

ဝသန် မျက်လွှာချကာအပြော အဓိက,က ပြုံးစေ့စေ့နှင့် ပြောလာသည်။

"တွေ့ပြီ၊ ဟိုးအရင်ထဲက ကြိတ်ချစ်လာခဲ့ရတဲ့ ချစ်သူကို တွေ့ပြီ၊ ဘယ်သူလဲ သိချင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မသိချင်ဘူး"

ဝဿန် ခေါင်းအခါ အဓိကာ ဝဿန်ရဲ့လက်ကို လှမ်းဆွဲလိုက်သည်။ ဝဿန် အဓိကလက်မှ အရှန်း....

"မရှန်းပါနဲ့တော့ ဝဿန်ရယ်၊ တို့ ဝဿန့်ကို ချစ်နေခဲ့တာ ကြာခဲ့ပါပြီ၊ ဝဿန်ရော တို့ကို မချစ်ဘူးလား ဟင်"

"မသိဘူး"

ဝဿန့်မျက်နှာနီနီလေးဖြင့် ခေါင်းအခါ ဘယ်ချောင်ကမှန်း မသိသည့် ဟောမာန်အသံက တိုးထွက်လာလေသည်။

"အဲဒါ အလကားညစ်တာ အဓိက၊ သူ အဓိကကို စိတ်ဝင်စားနေတာ ကြာလှပြီ"

"အဟုတ်"

အဓိက,က ဝဿန့်ကိုအကြည့် ဝဿန်ရှက်ရှက်ဖြင့် အဓိက၏ရင်ခွင်ထဲကို တိုးဝင်ကာ မျက်နှာကို ဖွက်ထားလိုက်မိပါတော့သည်။

ခုတော့လည်း ဝဿန့်ရင်မှာ စိုးရိမ်ပူပန်ရမှုတွေ အဝေးကို ပြေးလွင့်ပျောက်ကွယ် သွားခဲ့ရပါပြီတည်း....

ရွှင်လန်းချမ်းမြေ့ပါစေ

ဆက်လက်ကြိုးစားနေဦးမည့်

**ဝေဝေအောင်**

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com